# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၁၄၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ရှေ့သို့ချီမည် ပန်းတိုင်ဆီသို့ ဆောင်းပါး စာ - ၆

## ယနေ့ ဖတ်စရာ

**(၅၁) ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့်ပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများရရှိ**

ပြည်တွင်းသတင်း စာ - ၃

. . . . . . . . . . . . . . . . . . . . .

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RIA သတင်းဌာနမှ သိရှိလိုသည်များအား လက်ခံဖြေကြား**

တွေ့ဆုံမေးမြန်း စာ - ၄

. . . . . . . . . . . . . . . . . . . . .

**ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အစည်းအဝေးသို့ အိန္ဒိယဝန်ကြီးချုပ် မိုဒီ တက်ရောက်မည်**

နိုင်ငံတကာသတင်း စာ - ၁၄

. . . . . . . . . . . . . . . . . . . . .

**သဘာဝတောတောင်အလှ ခြယ်သထားသည့် . . . . "ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော"**

ဇီဝစုံလင်အထူးကဏ္ဍ စာ - ၂၀

## စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချ



နေပြည်တော် စက်တင်ဘာ ၁၂

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော် စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။ (အပေါ်ပုံ)

*စာမျက်နှာ ၃ ကော်လံ ၁* ❐



## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲ ပြုလုပ်

ကော့သောင်း စက်တင်ဘာ ၁၂

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲအခမ်းအနားကို ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ယနေ့မွန်းလွဲပိုင်းက ပုလုံးတုံတုံးကျေးရွာ အထက (ခွဲ) ကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ကော့သောင်းခရိုင် ပြန်/ဆက် ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေဇင်ဦးက လူသားအချင်းချင်း ရောင်းကုန်အဖြစ် ပြုမူကာ လူမှောင်ခိုကူးသည့်ပြဿနာများ ယနေ့ကမ္ဘာနှင့်အဝန်း ကြီးမားသည့်ပြဿနာတစ်ရပ်အဖြစ် နိုင်ငံတိုင်းတွင် ရင်ဆိုင်ကြုံတွေ့နေကြရသဖြင့် မျိုးဆက်သစ်လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူကလေးငယ်များ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုဖြစ်စဉ်များအကြောင်း

*စာမျက်နှာ ၃ ကော်လံ ၁* ❖

# လူမှုကွန်ရက်ပေါ်မှ အန္တရာယ် အသိသုတမြှင့်တင်၍ ကာကွယ်

မြန်မာနိုင်ငံတွင် ဖေ့စ်ဘုတ်သုံးစွဲသူ ၂၇ သန်းခန့်ရှိသည်ဟု သတင်းတစ်ပုဒ်တွင် တွေ့ရသည်။ သည်အထဲတွင် လူတစ်ဦးတည်းက အကောင့်တစ်ခုမက သုံးစွဲနေမှုများလည်း ပါဝင်နေမည်။ အခြားဆိုရှယ်ပလက်ဖောင်းများဖြစ်သည့် တွစ်တာ၊ တစ်တော့၊ အင်စတာဂရမ်၊ တယ်လီဂရမ် စသည်တို့ကို သုံးစွဲနေမှုများလည်း ရှိသည်။ လူမှုကွန်ရက်ကို စတင်တီထွင်သူများက လူ့အဖွဲ့အစည်းအတွက် ကောင်းရာကောင်းကျိုး ရည်ရွယ်ခဲ့သော်လည်း အသုံးပြုသူတို့ကြောင့် မကောင်းသည့်ရလဒ်များစွာ ထွက်ပေါ်လာပြီး လူ့အဖွဲ့အစည်းအတွင်း အန္တရာယ်ဖြစ်စေခဲ့သည်ကိုလည်း တွေ့ရသည်။

မြန်မာနိုင်ငံသားအများစုက ဖေ့စ်ဘုတ်လူမှုကွန်ရက်ကို အသုံးပြုနေကြခြင်းဖြစ်ပြီး အများစုက ဒစ်ဂျစ်တယ်အွန်လိုင်းအကြောင်း သိနားလည်ခြင်းမရှိသည့်အပြင် အမှားအမှန်ကို စိစစ်နိုင်စွမ်းနှင့် အန္တရာယ်ကို ကာကွယ်နိုင်စွမ်းတို့လည်း နည်းကြသည်။ ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါ မိမိတို့နိုင်ငံသို့ ဝင်ရောက်လာသည့်အခါ ရောဂါကူးစက်ပျံ့နှံ့မှုတားဆီးကာကွယ်ရေးအတွက် ပြင်ပထွက်သွားလာမှုများကို မဖြစ်မနေကန့်သတ်ခဲ့ရသည်။ ယင်းအခြေအနေသည် ကမ္ဘာတစ်ဝန်းလုံးတွင်လည်း ထိုနည်းတူစွာပင်ဖြစ်ပြီး လူအများအိမ်တွင်းအောင်းနေရချိန်တွင် လူမှုကွန်ရက်ပလက်ဖောင်းပေါ်တက်ရောက်အချိန်ကုန်ကြသူများ တစ်ဟုန်ထိုး တိုးတက်များပြားလာသည်။ အချိန်နှင့် အကွာအဝေးတို့ကို ကျော်လွှားကာ လူတစ်ဦးနှင့်တစ်ဦးအကြား လွတ်လပ်ပွင့်လင်းစွာ ဆက်သွယ်ဆက်ဆံနိုင်ရေးအတွက် ဖန်တီးထားသည့် လူမှုကွန်ရက်သည်လည်း ပြစ်မှုကျူးလွန်သူတို့ ကျက်စားသည့် နယ်ပယ်ထဲတွင် ပါဝင်လာသည်။ ထိုအထဲတွင် လူကုန်ကူးသူများလည်းပါသည်။ ၎င်းတို့၏ အဓိကပစ်မှတ်မှာ အရွယ်ကောင်းအမျိုးသမီးများဖြစ်ကြပြီး အင်တာနက်လူမှုကွန်ရက်များမှတစ်ဆင့် ၎င်းတို့၏ သားကောင်များကို ရှာဖွေကြခြင်းဖြစ်သည်။

မိမိတို့နိုင်ငံတွင် ပညာရေး ရေချိန်နိမ့်ကျနေခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးအခြေအနေတို့ကြောင့် စီးပွားရေး လေးလံတုံ့ဆိုင်းနေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေခြင်း စသည့် အခြေခံအကြောင်းတရားများက လူငယ်လူရွယ်များကို ပြည်ပထွက် အလုပ်လုပ်ကိုင်လိုသည့် တွန်းအားများ ဖြစ်ပေါ်လာစေပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်ပါက လုပ်ခလစာအများအပြားရရှိနိုင်သည်ဟူသော မက်လုံးများက ပြည်တွင်းမှ အမျိုးသမီးများအပါအဝင် လူငယ်များကို ပြည်ပသို့ ထွက်ခွာစေပြီး ဆွဲအားများဖြစ်ကြသည်။ လူကုန်ကူးသူများက ယင်းအခြေအနေကို အသုံးချကာ အွန်လိုင်းမှတစ်ဆင့် ၎င်းတို့၏ သားကောင်အမျိုးသမီးများကို မက်လုံးပေး ဆွဲဆောင်စည်းရုံးကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ အင်တာနက်လူမှုကွန်ရက်သုံးစွဲသူများသည် စာမျက်နှာများပေါ်တွင်တွေ့သည့် တစ်ဖက်လူ၏ ပုံ၊ ကိုယ်ရေးအချက်အလက်တို့၏ စိစစ်ရန်လိုအပ်သကဲ့သို့ မိမိထံ ဆက်သွယ်ပြောဆိုလာမှုများအပေါ်တွင်လည်း သေချာစွာ ဆန်းစစ်နိုင်ရန်လိုသည်။ အဓိကရည်ရွယ်ချက်မှာ မိမိကိုယ်မိမိ ကာကွယ်နိုင်ရေးအတွက် သတိထားနိုင်ရန်အတွက်ဖြစ်သည်။

ယနေ့သည် ဒသမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဖြစ်ပြီး ယခုနှစ်၏ ဆောင်ပုဒ်မှာ “လူကုန်ကူးမှုတိုက်ဖျက်ဖို့ နည်းပညာအခန်းကဏ္ဍ မြှင့်တင်လုပ်ဆောင်စို့” ဟူ၍ဖြစ်ရာ လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် သက်ဆိုင်ရာဌာနများက ခေတ်နှင့်အညီ နည်းပညာမြှင့်တင်ရေး ဆောင်ရွက်သည့်နည်းတူ ပြည်သူလူထုအတွင်း၌လည်း ဒစ်ဂျစ်တယ်အွန်လိုင်းနှင့်စပ်လျဉ်း၍ အသိသုတပြည့်စုံစေရန် လေ့လာဆည်းပူးကာ လူကုန်ကူးမှု အန္တရာယ်ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းပါဝင်နိုင်ကြပါစေကြောင်း။ ။

# အောင်ကြောင်းပြည့်လေး



☆ အောင်သံဝေ အောင်ရွှေမောင်းရယ်နဲ့
အောင်စေကြောင်း အောင်ရဲမာန်၊
အောင်ရေလောင်း အောင်ဖွဲ့သန်သည်
အောင်ပွဲခံ အောင်နန်း။

☆ အောင်လံလွှင့် အောင်စိတ်သန်တယ်
အောင်ဓိဋ္ဌာန် အောင်ဆုဆင်မြန်း။

☆ အောင်ပြီကွဲ့ အောင်ပြီနော်
အောင်စည်တော် အောင်ပန်း။

☆ အောင်ရည်မျှော် အောင်တဲ့လမ်းမှာလ
အောင်ဘွဲ့ကမ်း အောင်နေ၊

☆ အောင်သရဖူ အောင်သူ့ဘုန်းရယ်နဲ့
အောင်သူ့ထုံး အောင်ပန်းတို့ဝေ။

☆ အောင်နိမိတ်နဲ့ အောင်မိုးစွေသည်
အောင်ဖြိုးဝေ အောင်ကိန်းမွေးပါဘိ
အောင်ငြိမ်းအေး အောင်ရေးစီ
အောင်တေးဖွဲ့သီ။

☆ အောင်သူတို့ အောင်အားတည်ကာ
အောင်ပွားစည် အောင်ကြောင်းပြည့်လေး . . .။ ။

(တေးထပ်)
ရေနံ့သာမောင်ကျော်ညွှန့်

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၃၉) သင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၁၂





စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၃၉) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

ယခုသင်တန်းကို စာရင်းစစ်မှူး ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် အနာဂတ်ဝန်ထမ်းဘဝ တိုးတက်အောင်မြင်စေရေးတို့ကို ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များသည် အသက်မွေးဝမ်းကျောင်း အတွက် လက်တွေ့ကျသည့် ဘာသာရပ်များဖြစ်၍ တန်ဖိုးထားစေလိုကြောင်း၊ သင်ကြားပို့ချမှုများအပေါ် မေးမြန်းဆွေးနွေးခြင်း၊ စူးစမ်းလေ့လာခြင်း၊ တီထွင်ကြံဆခြင်း၊ လိုက်နာကျင့်သုံးခြင်း စသည့် ကိုယ်တိုင်ကြိုးစား အားထုတ်မှုများဖြင့် အတွေးအခေါ် အသိတရားများ တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တာဝန် ထမ်းဆောင်ရာတွင်လည်း စာရင်းစစ်ကျင့်ဝတ်များနှင့် မိမိတို့ရုံး၏ဂုဏ်သိက္ခာကို စောင့်ထိန်းပြီး ရုံး၏ မွန်မြတ်လှသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် စာရင်းစစ်မှူး ဝန်ထမ်းကောင်းများဖြစ်ရန် ကြိုးစားစေလိုကြောင်း ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးတင်ဦးက ပြောသည်။

ယင်းနောက် ပြည်ထောင်စု စာရင်းစစ်ချုပ်က အခမ်းအနားသို့ တက်ရောက်လာသည့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ သင်တန်းတွင် ISSAI Based Financial Audit, ISSAI Based Performance Audit, ISSAI Based Compliance Audit အပါအဝင် ဘာသာရပ် ခြောက်ခုကို စက်တင်ဘာ ၁၂ ရက်မှ အောက်တိုဘာ ၃ ရက်အထိ သုံးပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး စုစုပေါင်း သင်တန်းသား ၁၁၃ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိမရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်းရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှုရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၁၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းကို ယနေ့ နံနက် ၉ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**




ရှင်းလင်းပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအနက် မိမိတို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် တိုက်ရိုက်ဆက်နွှယ်ပတ်သက်သည့် အချက်အလက်များ ပါရှိသကဲ့သို့ ဆက်စပ်ဌာနများဖြင့် ပူးပေါင်းဆက်စပ်ဆောင်ရွက်ရမည့် အချက်များလည်းပါရှိပါကြောင်း၊ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်လာစေရန် လိုအပ်ပါကြောင်း၊ ဌာနအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်း၊ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဦးစီးဌာနများနှင့် တက္ကသိုလ်များက ခြောက်လပတ်ကာလအတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့မှုနှင့် လာမည့် ခြောက်လပတ်ကာလအတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့များအား ချီးမြှင့်ဂုဏ်ပြု

**ပဲခူး စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး အတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့များအား ချီးမြှင့်ဂုဏ်ပြုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းတို့က ပဲခူးတိုင်းဒေသကြီးအတွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် မိမိတို့ လုံခြုံရေး တပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိဘဲ အကြမ်းဖက်သမားများနှင့် အတူ လက်နက်ခဲယမ်းများစွာ သိမ်းဆည်းရရှိခဲ့မှုအပေါ် ဂုဏ်ပြုစကားများ ပြောကြားကြသည်။




ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီး ချီးမြှင့်ငွေကျပ် ၁၀၅ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းကို လည်းကောင်း(ဝဲပုံ)၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်းက ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဂုဏ်ပြုငွေကျပ် ငါးသိန်း၊ ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဂုဏ်ပြုငွေကျပ် ငါးသိန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဂုဏ်ပြုငွေကျပ် သုံးသိန်း ဂုဏ်ပြုချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖမ်းဆီးရမိခဲ့သည့် လက်နက်ခဲယမ်းများအား ကြည့်ရှုကြသည်။

ပဲခူးတိုင်းဒေသကြီး အတွင်း စက်တင်ဘာလဆန်းအထိ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိဘဲ အကြမ်းဖက်သမားများနှင့်အတူ လက်နက်မျိုးစုံ ၃၆၉ လက်၊ ကျည်/ခဲယမ်းမျိုးစုံ ၁၀၈၇၁ တောင့်၊ ဗုံးကိုးလုံး၊ ကျည်အိမ်မျိုးစုံ ၅၅ ခုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့သည် ခေါင်းဆေးကျွန်းဘုန်းတော်ကြီးကျောင်းဂန္ဓကုဋ္ဌိတိုက် ပြန်လည်တည်ဆောက်ပေးနိုင်ရေး ပဓာနနာယက ဆရာတော်ထံ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပဲခူးမြို့ အနောက်ဘက်မြို့ရှောင်လမ်းထောင့်ရှိ ဘုရင့်နောင်ရင်ပြင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❐ ***ရှေ့ဖုံးမှ***

ထိုသို့ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ နမ္မတူမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ချင်းပြည်နယ်၊ မတူပီမြို့၊ ဖလမ်းမြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ မိတ္ထီလာမြို့၊ မြစ်သားမြို့၊ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၊ မကွေးမြို့တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ ***ရှေ့ဖုံးမှ***

သိကောင်းစရာများ၊ နယ်စပ်ဒေသဖြစ်၍ လူကုန်ကူးသူများ အန္တရာယ်မှ ကင်းဝေးနိုင်ရေး ကျောင်းသားကျောင်းသူအရွယ်များ လိုက်နာဆောင်ရွက်ရမည့် ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများအား လည်းကောင်း၊ ကော့သောင်းမြို့နယ် ဒုတိယဥပဒေအရာရှိ ဦးဝေလျှံကျော်က လူကုန်ကူးမှုနှင့် ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များဆိုင်ရာ သိကောင်းစရာများအား အသိပညာပေးဟောပြောကြပြီး လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုဆိုင်ရာ သိမှတ်စရာဗဟုသုတဖြစ်ဖွယ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲအား ခင်းကျင်းပြသပေးရာ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## မုတ်သုံလေ အားအသင့်အတင့် ရှိနေ

နေပြည်တော် စက်တင်ဘာ ၁၂

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# (၅၁) ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့်ပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများရရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

(၅၁)ကြိမ်မြောက် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ပထမဆုကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် WISDOM HILL Private High School Grade-7 မှ မောင်မိုးထက်အောင်က လည်းကောင်း၊ ဒုတိယဆုကို ပြည်ထောင်စုနယ်မြေ နေပြည်တော် အ-ထ-က(၅) ပျဉ်းမနားမြို့ Grade-8 မှ မသက်မှူးခင်က လည်းကောင်း၊ တတိယဆုကို မကွေးတိုင်းဒေသကြီး အ-ထ-က(၁) မကွေးမြို့နယ် Grade-8 မှ မခင်ခင်ဦးသာက လည်းကောင်း၊ အထူးဆုကို ရခိုင်ပြည်နယ် ကျောက်တော်မြို့ Noble ကိုယ်ပိုင်အထက်တန်းကျောင်း Grade-7 မှ မောင်ဘုန်းမော်ရွှေနှင့် ပဲခူးတိုင်းဒေသကြီး အ-ထ-က(၃) ပဲခူးမြို့နယ် Grade-6(B) မှ မပွင့်ဝေဖူးတို့က လည်းကောင်း ဆွတ်ခူးရရှိခဲ့ကြောင်း ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ(UPU) တို့ ပူးပေါင်းဆောင်ရွက်သည့်အစီအစဉ်အဖြစ် ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ ပြိုင်ပွဲကျင်းပရေးအဖွဲ့ (National Organizing Body) သည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ အသက်(၁၅)နှစ်နှင့်အောက် လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကျင်းပပေးလျက်ရှိသည်။

၂၀၂၂ ခုနှစ် ကမ္ဘာ့စာပို့တိုက်သမဂ္ဂမှ "Write a letter to an influential person about why and how to take action on climate change" ဟူသော ခေါင်းစဉ်ပေးပို့လာပြီး မြန်မာနိုင်ငံအနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (ပြည်တွင်းအဆင့်) အင်္ဂလိပ်ဘာသာဖြင့် ပေးစာရေးပြိုင်ပွဲကို ယခုနှစ် မတ် ၁၀ ရက်တွင် မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူ ၄၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RIA သတင်းဌာနမှ သိရှိလိုသည်များအား လက်ခံဖြေကြား

စက်တင်ဘာ ၁၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Rossiya Segodnya သတင်းအေဂျင်စီ၊ RIA သတင်းဌာနမှ အထူးသတင်းထောက် Ms. Kukushkina Tatiana အား စက်တင်ဘာ ၆ ရက်၌ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU)၌ တွေ့ဆုံ၍ သိရှိလိုသည့် မေးမြန်းမှုများအား လက်ခံဖြေကြားခဲ့သည်။ အဆိုပါ မေးမြန်းမှုများနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ရပါသည် –**

**မေး** – အခုလိုမျိုး ဒီနေ့အင်တာဗျူးဖြေကြားဖို့အတွက် အချိန်ခွဲဝေပေးတဲ့အတွက်လည်း CRCS သတင်းဌာနမှ ကျေးဇူးတင်ရှိကြောင်း ဦးစွာ ပထမ ပြောကြားလိုပါတယ်။ အဆွေတော်အနေနဲ့ ရုရှားနိုင်ငံကို ယခုနှစ်အတွင်းမှာ ဒါဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ပြီးတော့ ပြီးခဲ့တဲ့တစ်ကြိမ် မိမိတို့သတင်းဌာနနဲ့ တွေ့ဆုံမှုဟာ ဆိုလို့ရှိရင် ပြီးခဲ့တဲ့နှစ် ဒီMoscow International Security Forum မှာဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေမှာလည်း မိမိတို့အကြိမ်ပေါင်းများစွာ တွေ့ဆုံခဲ့ဖူးပါတယ်။ အဆွေတော်အနေဖြင့် ပြီးခဲ့တဲ့အကြိမ် ပါဝင် တက်ရောက်ခဲ့တဲ့ Moscow International Security Conference နဲ့ အဆွေတော် ဆွေးနွေးရာမှာ အာရှ–ပစိဖိတ်ဒေသရဲ့ လုံခြုံရေးဆိုင်ရာဘေးအန္တရာယ်သည် သိသိသာသာ တိုးမြှင့်လာခဲ့သည်လို့ ဆိုခဲ့ပါတယ်။ ယနေ့အချိန်လည်း ထိုင်ဝမ်တစ်ဝိုက် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကြောင့် ကိုရီးယားကျွန်းဆွယ် ဒေသအတွင်း လုံခြုံရေး သဘောတရား အခင်းအကျင်းသစ်များကို တွေ့မြင်လာကြရပါတယ်။ ဒေသတွင်းဆက်တိုက်ဖြစ်ပေါ်လာသော ပဋိပက္ခပြဿနာတွေမှတစ်ဆင့် လက်နက်ကိုင်ပဋိပက္ခအဆင့်အထိ တိုးမြှင့်သွားနိုင်သည် ရှိ/မရှိနှင့် ပတ်သက်ပြီး အဆွေတော်အနေနှင့် အနည်းငယ် ဆွေးနွေးပြောကြား ပေးစေလိုပါတယ်။ ပထမမေးတဲ့ မေးခွန်းလေးပါပဲ ဒီဒေသတွင်းမှာ လက်နက်ကိုင် ပဋိပက္ခအဆင့်အထိ တိုးမြှင့်သွားနိုင်သည်ရှိ/မရှိကို ပြောကြားပေးပါ။

**ဖြေ** – ပြီးခဲ့တဲ့လ အမေရိကန်နဲ့ ထိုင်ဝမ်ဆက်ဆံရေးဖြစ်ပေါ်မှုအပေါ်မှာ ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် တရုတ်နိုင်ငံရဲ့ One China Policy ကို များစွာထိရောက်စေခဲ့တယ်ဆိုတာ သွားတွေ့ပါတယ်။ One China Policy ဟာ တရုတ်နိုင်ငံရော အမေရိကန်နိုင်ငံရော လက်ခံထားတဲ့ မူဝါဒဖြစ်ပါတယ်။ တစ်ဖန် နောက်ဆက်တွဲ အမေရိကတာဝန်ရှိပုဂ္ဂိုလ်တွေ ထိုင်ဝမ်ကိုဆက်တိုက်သွားခြင်းဟာလည်း မီးလောင်ရာလေပင့် ဖြစ်စေခဲ့တာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ ဒါလည်း အထူးဂရုစိုက်ရမယ့်ကိစ္စလည်း ဖြစ်ပါတယ်။ အဲဒီတော့ မကျေနပ်ချက်ရှိတဲ့ တိုင်းပြည်၊ စိုးရိမ်ပူပန်ရတဲ့ တိုင်းပြည်ကတော့ သူတို့ရဲ့ မကျေနပ်ချက် စိုးရိမ်ပူပန်မှုတွေကိုလည်း ပြလာမှာပဲဖြစ်ပါတယ်။ အဲဒီ ပြသမှုကတော့ တည်ငြိမ်အေးချမ်းမှုနဲ့ တည်ငြိမ်အေးချမ်းမှုကိုတော့ အထောက်အကူပြုလိမ့်မယ်လို့တော့ ကျွန်တော်မထင်ဘူး။ ကျွန်တော်တို့ သတိပြုရမှာပဲဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလို ပြဿနာဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ အမေရိကန်နိုင်ငံက ထိုင်ဝမ်ကို စစ်လက်နက်ပစ္စည်း ထောက်ပံ့ပေးတာတွေ၊ ရောင်းချပေးတာတွေ ကျွန်တော်တို့တွေ့ပါတယ်။ အမေရိကန်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းထဲမှာ စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရောင်းချတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုလည်းပါပါတယ်။ ပြီးခဲ့တဲ့ ယူကရိန်းဖြစ်စဉ်တွေကိုပြန်ကြည့်မယ်ဆိုလို့ရှိရင်လည်း အလားတူစွာပဲ ကျွန်တော်တို့ တွေ့ရတယ်။ ပြဿနာကိုပဲ နှယ်နှယ်ရရ ဖန်တီးတတ်တယ်။ ပြီးတော့မှ လက်နက်ခဲယမ်းမီးကျောက်တွေ ထောက်ပံ့တယ်။ အရန်ထားရှိတဲ့ လက်နက်ခဲယမ်းမီးကျောက်တွေ ထောက်ပံ့ပေးခြင်းအားဖြင့် တိုက်ပွဲရဲ့ စစ်ပွဲရဲ့ ပုံသဏ္ဌာန်ကို ပြောင်းလဲအောင်ဖန်တီးလာတယ်။ သူတို့ရဲ့ သူတို့နိုင်ငံရဲ့ အဓိကစီးပွားရေးလုပ်ငန်းထဲမှာ လက်နက်ခဲယမ်းမီးကျောက် ထုတ်လုပ်တဲ့လုပ်ငန်းဟာလည်းပါတယ်။ အဲဒီတော့ အရန်ထုတ်လိုက်ပြီဆိုကတည်းက ပစ္စည်းတွေထပ်ပြီး အသစ်ပြန်ထုတ်ရတယ်။ ဒါစစ်ပွဲကို နားလည်တဲ့ သူတိုင်း သဘောပေါက်ပါတယ်။ ဒါကတော့ပထမအချက်အနေနဲ့ တွေ့ရပါတယ်။ ဒုတိယအချက်ကတော့ ပဋိပက္ခတွေထပ်ပြီး ဆိုးလာနိုင်မလားဆိုတာတော့ လူတွေကတော့ တတ်နိုင်တာသလောက်တော့ နိုင်ငံတွေကတော့ ရှောင်ကြလိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်။ တကယ်လို့သာ ကိုဗစ်ကြောင့် ကျဆင်းနေတဲ့စီးပွားရေးလုပ်ငန်းတွေကို တစ်ဖက်ကနေပြီး ပိုပြီးအောင်မြင်အောင် လုပ်မယ်ဆို ပိုကောင်းပါတယ်။ လက်နက်ခဲယမ်းများ ထုတ်လုပ်တဲ့ စီးပွားရေးလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်မယ့်အစား ကိုဗစ်ကို အထောက်အကူမပြုတဲ့ စီးပွားရေးလုပ်ငန်းတွေကို အထောက်အကူပြုမယ်ဆိုရင် ပြည်သူတွေကတော့ ကမ္ဘာ့နိုင်ငံတွေကို ကျေးဇူးတင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

**မေး** – လက်ရှိ မြန်မာနိုင်ငံပြည်တွင်း နိုင်ငံရေးအခြေအနေ တည်ငြိမ်မှုအခြေအနေလေးနဲ့ပတ်သက်ပြီး သိရှိလိုတာ ဖြစ်ပါတယ်။ မကြာသေးမီက ဖြစ်ပေါ်ခဲ့တဲ့ ဒီမတည်ငြိမ်မှုတွေနဲ့ပတ်သက်ပြီးတော့ ထိန်းချုပ်နိုင်မှုအခြေအနေလေးကိုလည်း သိရှိလိုပါတယ်။

**ဖြေ** – ကျွန်တော်တို့ ထိန်းချုပ်နိုင်တဲ့ အခြေအနေတော့ရှိပြီဆိုပြီးတော့ အကြမ်းဖျင်းအားဖြင့် ပြောလိုပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်ကတော့ အကြမ်းဖက်ဆူပူမှုတွေ ပြင်းထန်ခဲ့ရတာတော့ ရှိပါတယ်။ အကြမ်းဖက်ဆူပူမှုတွေ ပြင်းထန်ခဲ့သလို ဖျက်ဆီးမှုတွေ၊ သတ်ဖြတ်မှုတွေလည်း တော်တော်များများ ရှိခဲ့တာကိုလည်း ကျွန်တော်တို့ရှိခဲ့ပါတယ်။ သို့သော်လည်းပဲ ပြီးခဲ့တဲ့ ဧပြီလကစပြီးတော့ နောက်ပိုင်းမှာတော့ ဖြစ်ပွားမှုတွေက တော်တော်ကျဆင်းလာတာကို ကျွန်တော်တို့ တွေ့ပါတယ်။ ထိန်းသိမ်းနိုင်တဲ့ အခြေအနေရောက်ပြီလို့ ပြောရပါမယ်။ သို့သော်လည်း အားလုံးကင်းစင်သွားပြီလား ဒီလိုတော့ မဟုတ်သေးပါဘူး။ တချို့ပြည်နယ်နဲ့ တိုင်းတချို့တွေမှာတော့ ကျန်နေပါသေးတယ်။ ဒါလည်း ကျွန်တော် ဒီထက်ပိုပြီး တည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်နေတယ် ဆိုတာလေးကို ပြောချင်ပါတယ်။

**မေး** – ပထမမေးခွန်း ဖြေကြားတဲ့ အထဲမှာ ဒီအနောက်နိုင်ငံတွေအနေနဲ့ တခြားနိုင်ငံတွေရဲ့ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လက်နက်တွေ ထောက်ပံ့တယ်ဆိုတဲ့အချက်လေးလည်းပါပါတယ်။ အခုမြန်မာနိုင်ငံ ပြည်တွင်းရေး အခြေအနေ မတည်မငြိမ်မှုတွေရဲ့နောက်ကွယ်မှာ ဒီလိုလက်နက်တွေ ထောက်ပံ့နေတာများရှိပါသလား။ ဒါတွေကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့တာရှိပါသလား။

**ဖြေ** – အများကြီးရှိပါတယ်ဗျ။ အဲဒါတွေကတော့ ပြီးခဲ့တဲ့နှစ်ကစပြီးတော့ ဒီဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွေမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကနေပြီးတော့ ထောက်ပံ့တဲ့ လက်နက်ခဲယမ်းမီးကျောက်တွေကို များစွာပါဝင်ပတ်သက်နေတာကို ကျွန်တော်တို့ တွေ့ပါတယ်။ အဲဒီတော့ အဓိကကတော့ မြန်မာနိုင်ငံမြောက်ပိုင်းမှာရှိတဲ့ ကေအိုင်အေလက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့ကနေပြီးတော့ ထောက်ပံ့ပေးခဲ့တာ တော်တော်အများကြီး ကျွန်တော်တွေ့ပါတယ်။ ဒုတိယကတော့ မြန်မာနိုင်ငံရဲ့ အရှေ့တောင်ပိုင်း ကေအန်ယူ လက်နက်ကိုင်သောင်းကျန်းသူရဲ့ နယ်မြေမှာ နယ်မြေကနေပြီးတော့ ရယူခဲ့တာ ကျွန်တော်တို့ တွေ့ပါတယ်။ ဒီဟာတွေကတော့ တော်တော်များများကတော့ ပြည်တွင်းပြည်ပကနေပြီးတော့ နည်းလမ်းပေါင်းစုံနဲ့ ထောက်ပံ့ကြတဲ့ ငွေကြေးတွေကနေပြီးတော့မှ တရားမဝင်လက်နက်ကိုင် လက်နက်ရောင်းချတဲ့အဖွဲ့အစည်းတွေကနေ ဝယ်ယူပြီးတော့မှ ထောက်ပံ့ပေးနေတယ်ဆိုတာ ကျွန်တော်တွေ့ပါတယ်။ ကျွန်တော်ပြီးခဲ့တဲ့ ဒီဩဂုတ်လကုန်ထိပေ့ါလေ ပစ္စတို၊ မောင်းပြန်ရိုင်ဖယ် စသည်ဖြင့် ဒါတွေအကုန်လုံးပေါင်းလိုက်ရင် သုံးထောင်နီးပါးလောက် ဖမ်းဆီးရမိခဲ့တာ ရှိပါတယ်။ အလားတူပဲ ကျည်ဆန် ဆိုလို့ရှိရင် သုံးသိန်းကျော်လောက် ဖမ်းဆီးရမိခဲ့တာရှိတယ်။ ဒါတွေကတော့ တကယ်တမ်းတော့ အင်မတန်ကြောက်မက်ဖွယ်ရာကောင်းတဲ့ လက်နက်ခဲယမ်းမီးကျောက်တွေဖြစ်ပါတယ်။ ကျွန်တော်တို့လည်း သူတို့ ပို့ဆောင်ရေးလမ်းကြောင်းတွေလည်း တတ်နိုင်သလောက်ရှာဖွေဖော်ထုတ်ပြီးတော့ ဖမ်းဆီးနေတာ ဖမ်းနေတာမျိုးလည်း လုပ်နေပါတယ်။ ကျွန်တော်ထင်ပါတယ် တစ်ချိန်မှာတော့ ဒါတွေအကုန်လုံး ပျောက်ကွယ်သွားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

စာမျက်နှာ ၅ သို့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ၊ RIA သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြားစဉ်။

**“ပြီးခဲ့တဲ့နှစ်ကစပြီးတော့ ဒီဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွေမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကနေပြီးတော့ ထောက်ပံ့တဲ့ လက်နက်ခဲယမ်းမီးကျောက်တွေကို များစွာပါဝင်ပတ်သက်နေတာကို ကျွန်တော်တို့ တွေ့ပါတယ်။ အဲဒီတော့ အဓိကကတော့ မြန်မာနိုင်ငံမြောက်ပိုင်းမှာရှိတဲ့ ကေအိုင်အေ လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့ကနေပြီးတော့ ထောက်ပံ့ပေးခဲ့တာ တော်တော်အများကြီး ကျွန်တော် တွေ့ပါတယ်။ ဒုတိယကတော့ မြန်မာနိုင်ငံရဲ့အရှေ့တောင်ပိုင်း ကေအန်ယူလက်နက်ကိုင် သောင်းကျန်းသူရဲ့နယ်မြေမှာ နယ်မြေကနေပြီးတော့ရယူခဲ့တာ ကျွန်တော်တို့တွေ့ပါတယ်။ ဒီဟာတွေကတော့ တော်တော်များများကတော့ ပြည်တွင်းပြည်ပကနေပြီးတော့ နည်းလမ်းပေါင်းစုံနဲ့ ထောက်ပံ့ကြတဲ့ ငွေကြေးတွေကနေပြီးတော့မှ တရားမဝင်လက်နက်ကိုင် လက်နက်ရောင်းချတဲ့အဖွဲ့ အစည်းတွေကနေ ဝယ်ယူပြီးတော့မှ ထောက်ပံ့ပေးနေတယ်ဆိုတာ ကျွန်တော်တွေ့ပါတယ်”**

*စာမျက်နှာ ၄ မှ*

**မေး** – ဒီကိစ္စကို အပြီးသတ် ဖြေရှင်းဖို့အတွက် အချိန်တစ်ခုလိုတယ်ဆိုတဲ့အချိန်မှာ အချိန်အားဖြင့် ဘယ်လောက်လိုအပ်မယ်လို့ ခန့်မှန်းပါသလဲ။

**ဖြေ** – အချိန်ကိုတော့ ခန့်မှန်းဖို့တော့ နည်းနည်းတော့ခက်တယ်။ ကျွန်တော်အခုဆိုလို့ရှိရင် လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းတွေပါ ကျွန်တော်တို့ အစိုးရကနေ သတ်မှတ်ထားတဲ့ လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းရှိပါတယ်။ EAOs လို့ ကျွန်တော်တို့ခေါ်ကြပါတယ်။ ဒီအဖွဲ့တွေနဲ့ ကျွန်တော်တို့က ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ဖိတ်ခေါ်ပြီးတော့ လုပ်နေပါတယ်။ သူတို့နဲ့ ကျွန်တော် အခုတွေ့ဆုံတာ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးမှုတွေရနေပါပြီ။ အဲဒီကနေပြီးတော့ သူတို့ဘာကိုဖြစ်ချင်တာလဲ။ တိုင်းပြည်ဘာဖြစ်သင့်သလဲ။ ဒီလိုမျိုး ညှိနှိုင်းပြီးတော့ ဖြစ်နိုင်တာ ဘာရှိမလဲဆိုတာကို ကျွန်တော်တို့ အဖြေရှာမှာဖြစ်ပါတယ်။ အဲဒီအဖြေရှာပြီးတဲ့အချိန်မှာတော့ ဒီခုနပြောတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းထဲကနေ နယ်မြေတွေကနေ လမ်းကြောင်းတွေကနေ ထောက်ပံ့ပေးနေတဲ့ဟာတွေဟာ ရပ်တန့်သွားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့မှာ ဆူပူအကြမ်းဖက်မှုမှာ အမျိုးအစားနှစ်ခုခွဲထုတ်လို့ရပါတယ်။ တစ်ခုကတော့ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကိုတောင်းဆိုတဲ့ အရင်လက်နက်ကိုင် အဖွဲ့အစည်းတွေ ဒါတွေ ကျွန်တော်တို့ရှိပါတယ်။ ဒုတိယကတော့ ၂၀၁၁ ခုနှစ်ကတည်းက ငြိမ်းချမ်းရေး ဖိတ်ခေါ်ပြီးတော့မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ခဲ့ပြီးတော့မှ ကျွန်တော်တို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီစာချုပ် NCA ကို လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေ ကျွန်တော်တို့ရှိတယ်။ အဲဒါ ၁၀ ဖွဲ့ ရှိတယ်။ နောက်လက်မှတ်ရေးထိုး မထားရသေးတဲ့ အဖွဲ့က ခြောက်ဖွဲ့ကျန်ပါသေးတယ်။ ဒီအဖွဲ့တွေနဲ့ကျွန်တော်တို့က အခုဆွေးနွေးနေတာပေါ့။ နောက်တစ်ဖွဲ့က ဘာလဲ ဆိုလို့ရှိရင်တော့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ပေါ်မှာ မူတည်ပြီးတော့ ဖြစ်ပေါ်လာတဲ့ ဆူပူအကြမ်းဖက်တဲ့အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းတွေကတော့ ရွေးကောက်ပွဲရလဒ်ပေါ်မှာ ဖြစ်လာတဲ့ အကြမ်းဖက်မှုလုပ်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ ဆွေးနွေးစရာအကြောင်း မရှိဘူး။ သူတို့ကတော့ ရွေးကောက်ပွဲရလဒ်ပေါ်မှာ မူတည်ပြီးဖြစ်လာတယ်။ ရွေးကောက်ပွဲဟာလည်း မဲမသမာမှုကြောင့်ဖြစ်လာတဲ့ဟာကို တရားဥပဒေနည်းလမ်းအရ ဖြေရှင်းဖို့အတွက် ကျွန်တော်တို့ တောင်းဆိုတဲ့အချိန်မှာ တရားဥပဒေနည်းလမ်းအရ မဖြေရှင်းဘဲနဲ့ ဒီဆူပူအကြမ်းဖက်မှုနဲ့ ပြီးတော့ ဒီလမ်းကြောင်းပေါ်မှာသွားတဲ့ အဖွဲ့အစည်းတွေဆိုတော့ ဒါတော့ဥပဒေအရ ကျွန်တော်တို့ သွားရမယ်။ အဲဒီတော့ခုနပြောခဲ့တဲ့ လက်နက်ကိုင်အဖွဲ့အစည်းထဲမှာ လက်မှတ်ရေးထိုးပြီးသား အဖွဲ့အစည်း ၁၀ ဖွဲ့နဲ့ဆွေးနွေးနေတာရှိတယ်။ ဒါပေမယ့် လက်မှတ်ရေးထိုးမထားတဲ့ အဖွဲ့အစည်းနဲ့ ဆွေးနွေးဖို့ ကျန်သေးတဲ့ အဖွဲ့တွေရှိတယ်။ သူတို့ကို ကျွန်တော် ဖိတ်ခေါ်ထားတယ်။ အဲဒီလိုဖိတ်ခေါ်ချက်တွေဟာ သူတို့နိုင်ငံရေးမျှော်မှန်းချက်ပေါ်မှာ လာရောက်ဆွေးနွေးမယ်ဆိုရင်တော့ ကျွန်တော်တို့ ဒါကတော့ အောင်မြင်မှုရမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့်မှာ နိုင်ငံရေး ရည်မှန်းချက် နှစ်ချက်ပေးထားပါတယ်။ တစ်ခုကတော့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ကျွန်တော့်နိုင်ငံကမလွဲမသွေ လျှောက်လှမ်းရမယ်။ ဒုတိယကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်မယ်ဆိုတာ ကျွန်တော်တို့ပေးထားတယ်။ ဒါကလူတိုင်းလိုချင်တဲ့ သဘောအယူအဆ တောင်းဆိုချက်ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့က လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးသည် ပပျောက်လိမ့်မယ်လို့ ပြောခြင်းဖြစ်ပါတယ်။

❖ **ကျွန်တော်ငြိမ်းချမ်းရေးရအောင်လုပ်ပြီးတော့မှ အဲဒီနယ်မြေတွေမှာရှိတဲ့ ပြည်သူတွေ ရွေးကောက်ပွဲကိုဝင်နိုင်အောင် ကြိုးစားနေတာဖြစ်ပါတယ်။ ဒါကြောင့် အတတ်နိုင်ဆုံးတော့ ကျွန်တော်ကြိုးစားဆောင်ရွက်နေပါတယ်။ ရွေးကောက်ပွဲ ဖြစ်ရေး/မဖြစ်ရေးဆိုတာကတော့ ငြိမ်းချမ်းရေးနဲ့ စီးပွားရေး အားကောင်းလာဖို့ နိုင်ငံရေးတည်ငြိမ်အေးချမ်းဖို့ ဒီအပေါ်မှာ အများကြီးတည်ပါတယ်။ တတ်နိုင်သလောက် ကျွန်တော်တို့ ပြောထားတဲ့အတိုင်း ရွေးကောက်ပွဲဖြစ်အောင် ကြိုးစားဆောင်ရွက်နေတယ်ဆိုတာ ပြောလိုပါတယ်**

**မေး** – မြန်မာနိုင်ငံ စီးပွားရေး အခြေအနေနှင့် ပတ်သက်ပြီး ကိုဗစ်–၁၉ ကူးစက်ရောဂါဒဏ်ခံရပြီးနောက်ပိုင်းမှာလည်း နိုင်ငံ တော်တော်များများဟာ စီးပွားရေး အားနည်းနေတာရှိပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေအတွင်းမှာ ရွေးကောက်ပွဲ ပြန်လည်ကျင်းပဖို့ ဖြစ်နိုင်မလား၊ သင့်တော်မလား။

**ဖြေ** – ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် စီးပွားရေး ကျဆင်းခဲ့တာတော့ မှန်ပါတယ်၊ ကိုဗစ်–၁၉ ဖြစ်တာ ၂၀၂၀ ပြည့်နှစ် မတ်လမှာ မြန်မာနိုင်ငံမှာ စတွေ့တာပေါ့။ အဲ့မတိုင်ခင် စီးပွားရေးကျဆင်းနေတယ်ဆိုတဲ့ ကိန်းဂဏန်းတွေနဲ့ ဖော်ပြနေတော့၊ အဲဒီအရှိန်ကြောင့် ကိုဗစ်–၁၉ ဖြစ်တဲ့အချိန် ပိုဆိုးခဲ့တယ်။ ဒုတိယကတော့ ဆူပူအကြမ်းဖက်မှုတွေ ဖြစ်လာတာကြောင့် စီးပွားရေးမလည်ပတ်နိုင်တဲ့အတွက် ကျဆင်းခဲ့တာတွေ ရှိပါတယ်။ သို့သော်လည်းပဲ အခုကိုဗစ်–၁၉ ရောဂါကို ထိန်းချုပ်နိုင်တဲ့ အခြေအနေကို ရောက်လာနိုင်တယ်။ ဆူပူအကြမ်းဖက်မှုတွေကိုလည်း တော်တော်ကို ထိန်းချုပ်နိုင်တဲ့ အခြေအနေကို ရောက်လာပါပြီ။ ဒါကြောင့် စီးပွားရေးက တည်ငြိမ်စပြုလာနိုင်ပြီဟု ပြောနိုင်ပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ စီးပွားရေး ပြန်လည်ဦးမော့လာအောင် ကြိုးစားဆောင်ရွက်နေပါတယ်၊ အဲဒီတော့ နိုင်ငံရေးနဲ့ စီးပွားရေးဆက်စပ်နေပါတယ်။ စီးပွားရေးကျဆင်းမယ်ဆိုရင်နိုင်ငံရေးက နည်းနည်းမတည်မငြိမ်ဖြစ်တတ်တဲ့ သဘောသဘာဝရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့က စီးပွားရေးကောင်းမွန်အောင် ပြန်လုပ်နေပါတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၀ ပြည့်နှစ်မှာ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်မှာ ဒုတိယအကြိမ်၊ ၂၀၂၀ ပြည့်နှစ်မှာ တတိယအကြိမ် ပြုလုပ်ခဲ့ပါတယ်။ ပထမအကြိမ် လုပ်တဲ့အချိန်မှာ မြို့နယ်ပေါင်း ၃၃၀ အနက် ၃၂၅ မြို့နယ် ပြုလုပ်နိုင်တယ်။ ဒုတိယအကြိမ် လုပ်တဲ့ အချိန်မှာ မြို့နယ်ပေါင်း ၃၃၀ အနက် ၃၂၃ မြို့နယ် ပြုလုပ်နိုင်တယ်။ တတိယအကြိမ်လုပ်တဲ့ အချိန်မှာ မြို့နယ်ပေါင်း ၃၃၀ အနက် ၃၁၅ မြို့နယ်သာ ရွေးကောက်ပွဲလုပ်နိုင်ခဲ့တယ်။ ဒီမိုကရေစီမှာ ရွေးကောက်ပွဲက သိပ်အရေးကြီးပါတယ်။ ရွေးကောက်ပွဲ ဖြစ်ပြီးမှသာ ရွေးကောက်ပွဲက တက်လာတဲ့ အမတ်တွေနဲ့ အုပ်ချုပ်ရေးအဖွဲ့တွေ ဖွဲ့စည်းပြီး တခြားနိုင်ငံတော်အဆင့်က ဖွဲ့စည်းပြီး တာဝန်ပေးတာတို့၊ ရွေးချယ်တာတို့ လုပ်ပါတယ်။ ဆိုလိုတာကတော့ ပြည်သူတွေက ဒီအခွင့်အရေးကို အားလုံးရဖို့ လိုတယ်။

မြို့နယ်တစ်ခုမှာ ရွေးကောက်ပွဲလုပ်တိုင်း လုပ်နိုင်တဲ့အရေအတွက်ကကျသွားတယ်ဆိုရင် အဲဒီနေရာမှာရှိတဲ့ ပြည်သူတွေရဲ့ ဒီမိုကရေစီအခွင့်အရေး ဆုံးရှုံးတာကို ဖော်ပြတာဖြစ်တယ်။ တကယ်တော့ ရွေးကောက်ပွဲမှာ ပြည်သူတွေအားလုံး ဒီမိုကရေစီအခွင့်အရေးကို ရပိုင်ခွင့်ရှိပါတယ်။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကတော့ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ရွေးကောက်ပွဲပြုလုပ်နိုင်ရေး ဖြစ်ပါတယ်။ ဒါကြောင့် စောစောက ခင်ဗျားမေးခဲ့တဲ့မေးခွန်းထဲက ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့မေးခွန်း တစ်ခုပါတယ်။ ဒါတွေက ရွေးကောက်ပွဲနဲ့ ဆက်စပ်နေပါတယ်။ ဒါကြောင့် ကျွန်တော်ငြိမ်းချမ်းရေးရအောင်လုပ်ပြီးတော့မှ အဲဒီနယ်မြေတွေမှာရှိတဲ့ ပြည်သူတွေ ရွေးကောက်ပွဲကိုဝင်နိုင်အောင် ကြိုးစားနေတာဖြစ်ပါတယ်။ ဒါကြောင့် အတတ်နိုင်ဆုံးတော့ ကျွန်တော်ကြိုးစားဆောင်ရွက်နေပါတယ်။ ရွေးကောက်ပွဲဖြစ်ရေး/ မဖြစ်ရေးဆိုတာကတော့ ငြိမ်းချမ်းရေးနဲ့စီးပွားရေး အားကောင်းလာဖို့ နိုင်ငံရေးတည်ငြိမ်အေးချမ်းဖို့ ဒီအပေါ်မှာ အများကြီးတည်ပါတယ်။ တတ်နိုင်သလောက် ကျွန်တော်တို့ ပြောထားတဲ့အတိုင်း ရွေးကောက်ပွဲဖြစ်အောင် ကြိုးစားဆောင်ရွက်နေတယ်ဆိုတာ ပြောလိုပါတယ်။

ဒီမှာလည်းတစ်ချက်ရှိတာပေါ့၊ ရွေးကောက်ပွဲဆိုတာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ပဲ။ နောက်ပြီးတော့ အပြင်ကနေ ဖိအားတွေပေးပြီးတော့မှ မဲထည့်စေတဲ့ဖြစ်ရပ်မျိုး မဖြစ်ဖို့လိုပါတယ်။ ပြည်သူတွေ လွတ်လွတ်လပ်လပ် မဲပေးပိုင်ခွင့်ရှိဖို့ သိပ်အရေးကြီးပါတယ်၊ ဒါမှသာ သူတို့ရဲ့ ခံစားချက်ကို သူတို့ဆန္ဒဖော်ထုတ်ခွင့်ရမှာ ဖြစ်ပါတယ်။ ဒါက ဒီဟာကိုရအောင် ကျွန်တော်တို့ကြိုးစားနေတာ ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

## ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၏ သား/သမီး ၃၄၄၉ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၏ သား/သမီး ၃၄၄၉ ဦး အတွက် ပညာသင် ထောက်ပံ့ကြေးများကို ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဝန်ထမ်းများ၏ သား/သမီးများအား ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်ခြင်း အခမ်းအနားကို နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ဌာနအလိုက် ဝန်ထမ်းများ၏ သား/သမီးများကိုယ်စား ဌာနမှူးများကို ပညာသင်စရိတ်များပေးအပ်ချီးမြှင့်ရာ တက္ကသိုလ်အဆင့်နှင့် အထက်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၁၀,၀၀၀ နှုန်း၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၇,၀၀၀ နှုန်း၊ မူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၅,၀၀၀ နှုန်းဖြင့် စုစုပေါင်း ၃၄၄၉ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ကျပ်သိန်းနှစ်ရာ့လေးဆယ်ကျော် ပေးအပ်ချီးမြှင့်ခဲ့သည်။



နံနက်ပိုင်းတွင် မြို့တော်ဝန်သည် ဗဟန်းမြို့နယ် ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်နေမှုများ၊ ကန်တော်ကြီး ရေပိုလွှဲရေလျှံပေါက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကန်ပတ်လမ်း လူကူးတံတားအတိုင်း ပန်းကန်လုံးကျွန်းအထိ သွားရောက်၍ တံတားကြံ့ခိုင်ရေး ဆောင်ရွက်ထားမှု၊ ကန်ရေပြင်ကြည်လင် သန့်ရှင်းရေးအတွက် အမှိုက်၊ ဒိုက်များ ဆယ်ယူရှင်းလင်းနေမှုနှင့် ပန်းကန်လုံးကျွန်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ကော်မတီဝင်နှင့် ဌာနမှူးများ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂၁/၂၀၂၂) သို့ တက်ရောက်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ပေးနေသည့် သန့်ရှင်းသာယာသပ်ရပ်ရေး လုပ်ငန်းများနှင့် ပြည်သူများ စျေးနှုန်းသက်သာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေး ရွှေ့လျားဈေးကားဖြင့် ရောင်းချပေးနေမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ ပွင့်လင်းရာသီ ရောက်လာပြီဖြစ်သဖြင့် မြစ်ကူးတံတားကြီးများပေါ်တွင် အမှိုက်များ တင်ကျန်မှုမရှိစေရေး၊ လမ်းများ၊ အုတ်ခုံများ၊ တိုင်များ သစ်လွင်စေရေးနှင့် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေ့သို့ချီမည် ပန်းတိုင်ဆီသို့

ဝဏ္ဏ (TGI)

**၂၀၂၂ ခုနှစ် စက်တင်ဘာလ (၇) ရက်နေ့သည် ရုရှား-မြန်မာဆက်ဆံရေးသမိုင်းစာမျက်နှာတွင် မှတ်တိုင်အသစ်တစ်ခုကို ထပ်မံစိုက်ထူလိုက်နိုင်သည့်နေ့ဟု ဆိုနိုင်သည်။ မကြာမီ ၇၅ နှစ်ကာလတိုင်တော့မည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ သံတမန်ဆက်ဆံရေး ထူထောင်နိုင်ခဲ့မှုသမိုင်းတွင် ယခင်ကာလများကလည်း ယခုနယ် မှတ်တိုင်များ ရှိခဲ့ဖူးသည်။ အတိတ်သမိုင်းလှခဲ့သလို ယခုမျက်မှောက်ကာလတွင် မှတ်တိုင်အသစ်အဖြစ် စိုက်ထူနိုင်မှုသည် ရိုးရင်းစွဲသော ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ထောက်မကူညီခဲ့မှုအတွက် သက်သေဟု ဆိုနိုင်သည်။**

ခမ်းနားထည်ဝါလှသော ဗလာဒီဗော့စတော့ခ်မြို့ရှိ FEFU Compus သည် ယနေ့တွင် ပိုမိုလင်းလက်သည့် အသွင်အပြင်ဖြင့် တည်ငြိမ်စွာရှိနေသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတ H.E.Vladimir Vladimirovich Putin သည် အိမ်ရှင်၏ကြိုလင့်မှုဖြင့် စောင့်စားသည်။ အိမ်ရှင်နှင့် ဧည့်ကောင်း ဆောင်ကောင်း ခေါင်းဆောင်နှစ်ဦး၏ တွေ့ဆုံဆွေးနွေးမှုသည် မကြာမီကာလတွင် စတင်တော့မည်ဖြစ်သည်။ မကြာမတင်သောအချိန်တွင် မြန်မာနိုင်ငံ၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်တွေ့ဆုံသည့်အခါ ကနဦး စတင်နှုတ်ဆက်မှုအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ နှုတ်ထွက်စကားသည် "မင်္ဂလာပါ" ဟူသော မြန်မာစကားစု။

**ခေါင်းဆောင်နှစ်ဦး၏ ယုံကြည်ချက်၊ ခံယူချက်၊ ကြိုးပမ်းချက်**

များပြားမှုမရှိသော စကားစုတွင် အဓိပ္ပာယ်များစွာပါသည်။ ကောင်းခြင်းများသာ စုစည်းရရှိပါစေဟု ဆုမွန်ကောင်းစကားဆိုသည်ဟု ပြောနိုင်သကဲ့သို့ နှစ်နိုင်ငံလုံးအတွက် မင်္ဂလာမည်သည့် အကြောင်းအရာများကို ဆွေးနွေးကြပါစို့ဟု ပဋိသန္ဓာရ စကားဆိုခြင်းဟုလည်း မှတ်ယူနိုင်သည်။ အဓိပ္ပာယ်များစွာပါသော စကားစုဖြင့် နှုတ်ဆက်ပြီး နွေးနွေးထွေးထွေးဖြင့် လက်ဆွဲနှုတ်ဆက်သည်။ တစ်ခဏသော လက်ဆွဲနှုတ်ဆက်မှုတွင် အဓိပ္ပာယ်များစွာပါ၍ ခေါင်းဆောင်နှစ်ဦး၏ အပြုံးမှာ အသက်ဝင်လွန်းလှသည်။ စီမံခန့်ခွဲနေရသည့် ခေါင်းဆောင်နှစ်ဦး၏ ယုံကြည်ချက်၊ ခံယူချက်၊ ကြိုးပမ်းချက်များမှာ တင်းတင်းဆွဲကိုင်လိုက်ကြသော လက်အစုံတွင် မြင်နိုင်သည်။

အိမ်ရှင်နိုင်ငံ့ခေါင်းဆောင် Mr.Putin ၏ ကနဦးစကားတွင် ရုရှား-မြန်မာ နှစ်နိုင်ငံ၏ ၂၀၂၃ ခုနှစ်တွင် ပြည့်မြောက်မည့် သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅) နှစ်မြောက် အခမ်းအနားကို ဂုဏ်ပြုဆောင်ရွက်မည် ဖြစ်ကြောင်းဖြင့် စသည်။ ကမ္ဘာ့စံနှုန်းသတ်မှတ်ချက်များအရ (၇၅) နှစ်မြောက်ကို စိန်ရတုဟု သတ်မှတ်သည်။ စိန်ဟူသည်က ကမ္ဘာတွင် မာဂုဏ်အမြင့်ဆုံး၊ တန်ဖိုးအမြင့်ဆုံးသော ရတနာဟု သိထားရသည်မို့ အတိတ်အရ၊ နိမိတ်အရပင် လွန်စွာလေးနက်လှသည်ဟု ဆိုနိုင်သည်။

ဆက်လက်ပြောကြားမှုတွင် မြန်မာနိုင်ငံအပေါ် ရုရှားနိုင်ငံ၏သဘောထားကကျေနပ်ဖွယ်ကောင်းလှသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ယုံကြည်အားထားရသည့် ကာလရှည် မိတ်ဖက်နိုင်ငံ၊ တစ်နည်းအားဖြင့် မဟာမိတ်နိုင်ငံဟု ညွှန်းသည်။ ရှည်လျားလှသော သမိုင်းကြောင်း၏ အကဲဖြတ်ချက်အရ ထွက်ပေါ်လာသည့်စကားစုဟု သုံးနှုန်းလျှင် မှားမည်မထင်ပါ။ နှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်းတစ်လျှောက် တိုးတက်လာသည့် ကုန်သွယ်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်း အလားအလာကောင်းများစွာ ရှိမှုနှင့် ယခုဖိုရမ်ကို တက်ရောက်လာမှုအပေါ် ကျေးဇူးတင်စကားလည်း ဆိုသည်။ တည်ငြိမ်သည့်အပြောတွင် ရည်မှန်းချက်ပါသည်ကို သတိပြုမိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အပြန်အလှန် ကျေးဇူးတုံ့ပြန်စကားဖြင့် စသည်။ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကာလကို ညွှန်းဆိုရင်း ထူးခြားသည့် သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးအဖြစ် ဂုဏ်ပြုစကားဆိုသည်။ အနိမ့်၊ အမြင့်မျိုးစုံသော ဆက်ဆံရေးသမိုင်းနှင့် လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုကျော်ကာလမှစတင်၍ နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်လာမှုကို အရှိန်အဟုန်ဖြင့် ဟူသော အထူးပြုစကားလုံးဖြင့် ညွှန်းဆိုသည်။ လွန်ခဲ့သည့် အနှစ် ၃၀ ခန့်တွင် ရုရှားနိုင်ငံ ရင်ဆိုင်ခဲ့သည့် အခက်အခဲအပေါ် လက်ရှိသမ္မတကြီး တာဝန်ယူသည့် ဆယ်စုနှစ်ကာလအတွင်း ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ရောက်ရှိလာမှု၊ ကမ္ဘာ့ထိပ်တန်းသို့ ရောက်ရှိလာမှုနှင့်အတူ ကမ္ဘာ့အရေးကိစ္စများတွင် ရပ်တည်ဆောင်ရွက်နေမှုများကို ဂုဏ်ပြုစကား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ တွေ့ဆုံဆွေးနွေးစဉ်။ (၇-၉-၂၀၂၂ ရက်)

ဖြင့် ဖော်ပြသည်။

**ရုရှားနှင့်မြန်မာ နှစ်နိုင်ငံကြား ကဏ္ဍပေါင်းစုံ ဆက်လက်ပူးပေါင်း**

လာမည့်အနာဂတ်ကာလတွင် ရုရှားနှင့်မြန်မာ နှစ်နိုင်ငံကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုအား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဆိုသည်ကိုလည်း ထည့်သွင်းပြောဆိုသည်။ ကဏ္ဍတစ်ခုတည်း၊ အနည်းငယ်မျှသော ကဏ္ဍ၊ ကဏ္ဍအချို့ စသည့် ကန့်သတ်ချက်မပါ။ ကဏ္ဍပေါင်းစုံဟု သုံးနှုန်းသည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍနယ်ပယ်က မနည်းလှ။ မကြာမီက ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် Army Game ကဲ့သို့သော ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်မှုများကလည်း တစ်ခန်း တစ်ကဏ္ဍအဖြစ် ပါပေလိမ့်မည်။ ကျယ်ပြောလှသည့် ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍတွေကလည်း ဦးစားပေးအဆင့်ထဲမှာ ပါပေလိမ့်မည်။ တစ်ပွင့်တည်းသော ပန်းအတွက် ရည်ရွယ်ခြင်းမဟုတ်။ ပန်းပေါင်းစုံသော ပန်းခင်းကြီးအဖြစ် ရည်ရွယ်သည်ဟု ဆိုရပေမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံကို ကာကွယ်ပိုင်ခွင့် အပြည့်အဝရှိသည်။ ကိုယ့်နိုင်ငံ၊ ကိုယ်၏ ပြည်သူ ပြည်သားများကို ကာကွယ်စောင့်ရှောက်ခွင့် ရှိသည်ဟု ဆိုသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည်လည်း မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် ပြည်သူ ပြည်သားများကို စောင့်ရှောက် ကာကွယ်နေကြသည်ကိုလည်း တွေ့နိုင်ပါကြောင်း၊ အနောက်နိုင်ငံကြီးတစ်နိုင်ငံ အနေဖြင့်လည်း ၎င်းတို့နိုင်ငံ၏ စစ်အင်အားနှင့် ဩဇာအာဏာကို ဖြန့်ကြက်လုပ်ဆောင်မှုများ ရှိနေပြီး အရှေ့အာရှဒေသနှင့် အာဆီယံဒေသသို့လည်း တိုးချဲ့ရန် လုပ်ဆောင်နေသည်ကိုတွေ့ရှိရကြောင်း စသည့် ကမ္ဘာ့အရေး၊ တောင်အာရှနှင့် အရှေ့တောင်အာရှ ဒေသအရေးများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသည်။

မြန်မာဟူသော နိုင်ငံ၏အမျိုးသားအကျိုးစီးပွားအတွက် ကမ္ဘာကြည့်ကြည့်မြင်ထားသည့် နိုင်ငံ့ခေါင်းဆောင်၏အပြောတွင် သတိပြုရမည့်အချက်အလက်များ ပါသည်။ ဩဇာခံဟူသော အသုံးအနှုန်း၊ လက်အောက်ခံဟူသော ယူဆချက်အရိပ်များ ထိန်းချုပ်ခံရခြင်း၊ ကန့်သတ်ခံရခြင်း၊ ပိတ်ဆို့ခံရခြင်း စသည့် အပျက်သဘောများကိုလည်း မြန်မာအပေါ် မသက်ရောက်စေလိုတာကို သတိပြုမိသည်။ မြန်မာအပေါ်ထားရှိသည့် အကြီးအကဲ၏ စေတနာကား မနည်းလှ။

**နှစ်နိုင်ငံစီးပွားရေးပေါင်းကူးတံတားများ ဖွင့်လှစ်ဆောင်ရွက်**

ရုရှားသမ္မတကြီးမှလည်း နိုင်ငံတကာကို မျက်ခြည်မပြတ် လေ့လာဆွေးနွေးမှုအပေါ် သူ၏ ထင်မြင်ယူဆချက်ကို ပြောသည်။ ခေါင်းဆောင်နှစ်ဦး၏ နိုင်ငံတကာ၏ လှုပ်ရှားဆောင်ရွက်နေမှုများအပေါ် မြင်ချက်အရ အနည်းငယ်မျှကွဲပြားနိုင်သည့်တိုင် နိုင်ငံအပေါ်ထားရှိသည့်စိတ်စေတနာတို့မှာ ထပ်တူနီးပါးမျှသာ။ ရိုးရင်းစွဲ သံတမန်ဆက်ဆံရေးကို ဆက်လက်တိုးမြှင့်နိုင်မည့် အခြေအနေ၊ ဆက်စပ်သည့် ကော်မရှင်များ တိုးချဲ့၍ နှစ်နိုင်ငံစီးပွားရေးပေါင်းကူးတံတားများအဖြစ် ဖွင့်လှစ်ဆောင်ရွက်ရန်တို့ကိုလည်း တိုင်ပင်သည်။

ဆက်လက် ပြောကြားချက်များတွင်လည်း မြန်မာအတွက် အားတက်စရာတွေ ပါသည်။ တိုးချဲ့ ဖွဲ့စည်းမည့်၊ တစ်နည်းအားဖြင့် စွမ်းရည်မြှင့်တင်ရန် ရည်ရွယ်ဖွဲ့စည်းမည့် ကော်မရှင်မှ အခြေတည်သည့် စီးပွားရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ရန် ခြေလှမ်းပြင်ဆင်နေမှုကိုလည်း ဆိုသည်။ လတ်တလော ကမ္ဘာနှင့်အဝှမ်း ရင်ဆိုင်နေရသည့် လောင်စာဆီကိစ္စ ရှေ့ဆက်ဆောင်ရွက်လိုမှုများကို ပြောသည်။

*စာမျက်နှာ ၇ သို့*

❖ **လာမည့်အနာဂတ်ကာလတွင် ရုရှားနှင့်မြန်မာ နှစ်နိုင်ငံကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုအား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်**

❖ **နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံကို ကာကွယ်ပိုင်ခွင့် အပြည့်အဝရှိသည်။ ကိုယ့်နိုင်ငံ၊ ကိုယ်၏ ပြည်သူ ပြည်သားများကို ကာကွယ်စောင့်ရှောက်ခွင့်ရှိသည်**

စာမျက်နှာ ၆ မှ

တိုးတက်ထွန်းကားလာမည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူရေး၊ ရေနံချက်စက်ရုံ တည်ဆောက်ရေး စသည့် လုပ်ငန်းများ ဆောင်ရွက်ရန် သူအားပေးကြောင်း၊ ထောက်ခံကြောင်းဖြင့် မီးစိမ်းပြသည်။ လတ်တလော ရင်ဆိုင်နေရသည့် လောင်စာဆီဈေးနှုန်းကြီးမြင့်မှုအတွက် အေးမြသည့် အသွင်အပြင်ရှိသည့် ရလဒ်ကောင်းက လက်တစ်ကမ်းဟုပင် သတ်မှတ်နိုင်သည်ဟု ဆိုနိုင်သည်။

သို့နှယ်သော အကြောင်းအရာဖြင့် အစပျိုးသည့် မင်္ဂလာသတင်းသည် ဤမျှနှင့် မပြီးသေး။ မြန်မာနိုင်ငံအတွက် သတင်းအချက်အလက် မျှဝေနိုင်ရေးအတွက် စီမံကိန်းကြီးတစ်ခုကိုလည်း ဆောင်ရွက်လိုမှုကို ဆိုသည်။ စီမံကိန်းကြီးအတွက် စကားဆိုရာမှာ ရုရှားခေါင်းဆောင်၏ဆွေးနွေးမှု တက်ကြွနေသလို မြန်မာ့ခေါင်းဆောင်အနေဖြင့်လည်း အပြုံးဖြင့်တုံ့နှင်းသည်။ နိုင်ငံအတွက်ဟူသော ခံယူချက် နှစ်ဖက်ခေါင်းဆောင်များ၏ ကိုယ်စီအတွေးတွင် ပြည့်နေပေလိမ့်မည်။ နှစ်နိုင်ငံအစိုးရ နှစ်ရပ်ကြား E-Government System ထူထောင်မှုအတွက် ဝမ်းမြောက်ကြိုဆိုမှုအခြေအနေကိုလည်း ရှင်းပြသေးသည်။ တိုးတက်လာသည့် နည်းပညာခေတ်တွင် နှစ်နိုင်ငံ၏ အပြန်အလှန်ဆက်ဆံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အစရှိသည့် နယ်ပယ်များအတွက် လျင်မြန်သည့်အဟုန်ဖြင့် ကူးလူးဆက်သွယ်ဆက်ဆံရေးကို ဆောင်ရွက်နေသည့် အခြေအနေကား အားရဖွယ်ကောင်းလှသည်။

**စိုက်ပျိုးရေးအခြေခံသည့်စီးပွားရေးစနစ်တွင် ပါဝင်ပူးပေါင်းဆောင်ရွက်လို**

ဆက်လက်၍ဟုဆိုရမည့် ဆွေးနွေးမှုတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအခြေခံသည့် စီးပွားရေးစနစ်တွင် သူတို့၏ပါဝင်ပူးပေါင်းဆောင်ရွက်လိုမှုဖြင့် စကားဆိုသည်။ ကမ္ဘာ့ဓာတ်မြေသြဇာထုတ်လုပ်မှု အကြီးဆုံးနိုင်ငံပီပီ ကူညီဆောင်ရွက်ပေးနိုင်မှု၊ စိုက်ပျိုးထွက်ကုန်များကို ကူးသန်းရောင်းဝယ်မှုတို့အတွက် သူ၏ မျှော်မှန်းချက်၊ ဆောင်ရွက်နိုင်မှုတို့ကိုလည်း ဆိုသည်။

တစ်ခေတ်တစ်ခါက စကားစုတစ်ခု ရှိဖူးသည်။ “ဆီကို ရေချိုး၊ ဆေးရိုး မီးလှုံ၊ စပါးတောင်လိုပုံ” ဟုဆိုသည်။ ခေတ်ပြောင်း၊ စနစ်ပြောင်းနှင့် ရာသီဥတု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (၇-၉-၂၀၂၂ ရက်)

စသည့် ပြောင်းလဲမှုများကြားတွင် ထိုစကားမေးမှိန်စပြုခဲ့သည်မှာ အချိန်ကာလတစ်ခုသို့ပင် တိုင်ခဲ့ပြီ။ ယခု ထိုစကားစု တစ်ခေတ်ပြန်ဆန်းလာမည်လောဟု အတွေးဝင်မိသည်။ ပန်းတိုင်ကို မြင်ရုံသာမဟုတ် လှမ်းကိုင်နိုင်မည့် အခြေအနေသို့ပင် ရောက်လုပြီဟု ထင်လျှင် မှားမည်မဟုတ်ပေ။

တစ်ကျော့ပြန်လာနိုင်သည့် ကိုဗစ် ၁၉ ရောဂါအတွက် ကာကွယ်ဆေး ပေးအပ်လိုမှု၊ ဆရာဝန်များကို မွမ်းမံသင်တန်းများ ဆောင်ရွက်ပေးလိုမှု၊ ဘာသာစကားသင်ယူမှု၊ ပြန်ကြားရေးကဏ္ဍ တိုးမြှင့်စေလိုမှုတို့နှင့် ပတ်သက်၍ ဆောင်ရွက်လိုသည်များကိုလည်း အကျဉ်းချုပ်သောစကားဖြင့် ဆိုသည်။ အကျဉ်းချုပ်စကားဆိုသော်ငြား မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အတွက်မူ ကျယ်ပြောလှသည့် ဆောင်ရွက်မှုများပင်ဖြစ်သည်။

မြန်မာနိုင်ငံငြိမ်းချမ်းရေး၊ ကာကွယ်ရေးနယ်ပယ်၊ နည်းပညာဆိုင်ရာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသည်။ မြန်မာ့တပ်မတော်အတွက် (ကြည်း၊ ရေ၊ လေ) နယ်ပယ်စုံ ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခြင်းဖြစ်၍ အချိန်အတန်အသင့်တော့ကြာသည်။ ခေတ်မီမျိုးချစ်တပ်မတော်ဟု မြန်မာ့တပ်မတော်ကို ညွှန်းလေ့ရှိသည်။ အမျိုးချစ်သည့်စိတ်ကမူ တပ်မတော်၏ရှိရင်းစွဲ။ အတန်ငယ်မျှဖြည့်စွက်ရန် ကျန်နေသည်က ခေတ်မီဟူသော စကားလုံးအတွက်သာ။ ယခုထိုစကားလုံးအတွက် တစ်လှမ်းမကသော ခြေလှမ်းများကို လှမ်းနေသည်။ ရှေ့သို့ချီနေသည်။ ဤခရီးနီးသလားဆိုလျှင် နီးသည်ဟု ဝံ့ဝံ့ကြွားကြွား ဆိုနိုင်မည့် အနေအထားပင်ဖြစ်သည်။

**အနာဂတ်မြန်မာနိုင်ငံတော်အတွက် ရည်မှန်းချက်၊ မျှော်မှန်းချက်များ ရှင်းပြ**

နိုင်ငံ့အကြီးအကဲ၏ ပြန်လည်ဆွေးနွေးမှုသည်လည်း တက်တက်ကြွကြွ ရှိလှသည်။ လက်ရှိတာဝန်ယူထားသည့် ကာလတွင် မကြာတော့သည့် ကာလမှသည် အနာဂတ်မြန်မာနိုင်ငံတော်အတွက် ရည်မှန်းချက်၊ မျှော်မှန်းချက်၊ လုပ်ဆောင်နေမှုများကို ရှင်းပြသည်။ အဓိကအကျဆုံးသောအချက်အဖြစ် ဆိုစကားတွင် အလေးအနက်ထားမှတ်သားသင့်သည့်အချက်များပါသည်။ အဓိကတာဝန် ထမ်းဆောင်နေမှုမှာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးဟု ဆိုသည်။ ဆက်စပ် ချိတ်ဆက်နေသည့် လုပ်ငန်းစဉ်များဖြစ်သည့်အားလျော်စွာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ဦးစားပေး လုပ်ဆောင်နေမှုအခြေအနေ၊ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှုစသည်တို့ကိုလည်း အကျယ်တဝင့် ဆွေးနွေးသည်။

ဒီမိုကရေစီနှင့်ဖယ်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်မည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပမည်။ မြန်မာနိုင်ငံနှင့်သင့်လျော်သည့် ဒီမိုကရေစီလမ်းကြောင်းကိုသွားမည်။ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ၊ ဖိအားကင်းစင်သည့် ရွေးကောက်ပွဲကိုဖြစ်အောင် ဆောင်ရွက်မည်ဟူသော ဆွေးနွေးချက်များတွင် အကြီးအကဲ၏ တည်ကြည်သောစိတ်ဆန္ဒ၊ စွဲမြဲသော သန္နိဋ္ဌာန်စိတ်၊ တိုင်းပြည်အပေါ် ထားရှိသော စေတနာတို့ကို မြင်ရသည်။ ပူးပေါင်းဆောင်ရွက်သွားမည့် နယ်ပယ်များအလိုက် ပြန်လည်ဆွေးနွေးချက်များတွင်လည်း မြန်မာ့အမျိုးသားအကျိုးစီးပွားကို ဦးတည်သည့် ဆွေးနွေးချက်များသာ။ ချစ်ကြည်ရင်းစွဲဖြစ်သည့် ဆက်ဆံရေးကို အရင်းတည်သည်မို့ နှစ်ဖက်ကျေနပ်ဖွယ်ရာ အကြောင်းအရာများကို အပြည့်အဝ ဆွေးနွေးနိုင်ခဲ့သည်ဟု ဆိုနိုင်သည်။

အကြီးအကဲ၏ ဆက်လက်ဆွေးနွေးမှုတွင် မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းကို အခြေခံလုပ်ကိုင်လျက်ရှိသည့် ၇၀ ရာခိုင်နှုန်းမျှရှိသော ပြည်သူလူထုကို ဦးတည်သည်။ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းအတွက် အခြေခံလိုအပ်ချက်များအပေါ် ပူးပေါင်းဆောင်ရွက်ပေးသင့်သည့် ကိစ္စရပ်များကို ဆွေးနွေးခြင်းအတွက်ပင် အချိန်မနည်းလှ။ တောင်သူလယ်သမားဦးကြီးများသာမက စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက်လည်းပါသည်။ ဆက်စပ်သည့် စက်သုံးဆီကိစ္စလည်းပါသည်။ စက်သုံးဆီကိစ္စဆွေးနွေးမှု၏ ဘောင်ကမူ ဆက်စပ်ဆွေးနွေးနေသည့် တောင်သူဦးကြီးများအတွက် သာမက တစ်နိုင်ငံလုံးအတွက်ဟူသော ကျယ်ပြန့်သည့် နယ်ပယ်အဆင့်ကို ပြောင်းသည်။ မြန်မာနိုင်ငံ၏ တစ်နှစ်စက်သုံးဆီသုံးစွဲကုန်ကျမှုကို စာရင်းဇယားနှင့်တကွ စကားဆိုချိန်မှာ အချက်အလက်ကို

■ **ဒီမိုကရေစီနှင့်ဖယ်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်မည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပမည်။ မြန်မာနိုင်ငံနှင့် သင့်လျော်သည့် ဒီမိုကရေစီလမ်းကြောင်းကိုသွားမည်။ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ၊ ဖိအားကင်းစင်သည့် ရွေးကောက်ပွဲကိုဖြစ်အောင် ဆောင်ရွက်မည်ဟူသော ဆွေးနွေးချက်များတွင် အကြီးအကဲ၏ တည်ကြည်သော စိတ်ဆန္ဒ၊ စွဲမြဲသော သန္နိဋ္ဌာန်စိတ်၊ တိုင်းပြည်အပေါ် ထားရှိသောစေတနာတို့ကို မြင်ရသည်**

နှုတ်တတ် ဆောင်ထားနိုင်သည်အထိ မှတ်သားထားမှုကို မြင်ရသည်။ မြန်မာနိုင်ငံသားများအတွက် သူပေးလိုသောစေတနာ၊ ရစေလိုသောစိတ်ဆန္ဒကို အဝေးမှပင်မြင်နိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

**မြန်မာနိုင်ငံအတွက် ရရှိလာမည့် အကျိုးကျေးဇူး စေ့စေ့စပ်စပ် သုံးသပ်ခဲ့**

လက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှု၊ မြန်မာနိုင်ငံအတွက် ရတနာ ဆိုက်လာမည့် သဘာဝဓာတ်ငွေ့သိုက်များအခြေအနေ၊ ရုရှားနိုင်ငံမှ ပူးပေါင်းဆောင်ရွက်ရန်၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ သံမဏိအပါအဝင် သဘာဝတွင်းထွက်ပစ္စည်းများကို ကုန်ကြမ်းအဆင့်ထုတ်လုပ်ခြင်းမဟုတ်ဘဲ ကုန်ချောစနစ်ဖြင့်ထုတ်လုပ်ရန်အတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းချက်များကိုလည်း ဆွေးနွေးသည်။ ကုန်ကြမ်းအဆင့် ထုတ်လုပ်ခြင်းဖြင့် ရရှိနိုင်မည့်အကျိုး၊ အပြစ်နှင့် ကုန်ချောအဖြစ် ထုတ်လုပ်ခြင်းကြောင့် မြန်မာနိုင်ငံအတွက်ရရှိလာမည့် အကျိုးကျေးဇူးတို့ကို စေ့စေ့စပ်စပ် သုံးသပ်ခဲ့ကြောင်း ဤဆွေးနွေးချက်တွင် အဖြေပေါ်သည်။ တိုးတက်ရရှိလာမည့် နိုင်ငံ့ဘဏ္ဍာ၊ အမြောက်အမြားရရှိလာမည့် အလုပ်အကိုင် အခွင့်အလမ်း၊ အကျိုးဖြစ်ထွန်းလာမည့် နည်းပညာတိုးတက်မှုတို့ အပါအဝင် နယ်ပယ်ပေါင်းစုံအတွက် လေ့လာဆန်းစစ်ချက်ကို ဆွေးနွေးမှုတွင် အထင်းသားမြင်နိုင်သည်။

ကျေးရွာမှသည်မြို့ပြ၊ မြို့ပြမှသည် ဒေသ၊ ၎င်းမှသည် နိုင်ငံအဆင့်ထိ ဖွံ့ဖြိုးတိုးတက်စေမှုတွင် လျှပ်စစ်ကဏ္ဍသည်လည်း အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီ ဟူသော ဆောင်ပုဒ်အတွက်လည်း လျှပ်စစ်သည် မဖြစ်မနေရှိရသည်။ ထို့အတွက်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဟုခေါ်သည့် ရေအားနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ပြုစုထားသည့် အချက်အလက်များအရ အောင်မြင်စွာ ဆောင်ရွက်နိုင်မှု၊ လာရောက် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ကမ်းလှမ်းမှုကိုလည်း မမေ့မလျော့ ထည့်သွင်းဆွေးနွေးသည်။ ဟိုဘက်ကမ်းက မီးထိန်ထိန်ဆိုသည့်အချိန်တွင် ဒီဘက်ကမ်းမှာလည်း မီးထိန်စေရမည်ဟု အကြီးအကဲက ခံယူထားသည်။

တစ်ခုသောကာလတွင် လူများအနေဖြင့် နျူကလီးယားဟူသည် လူများအတွက် အန္တရာယ်ရှိနိုင်သည်ဟူသော အတွေးဖြင့် နေထိုင်ခဲ့ဖူးသည်။ ၎င်းအတွေးအခေါ်ကို စစ်ပြီးကာလအချိန်အတိုင်းအတာတစ်ခုအထိ လက်ခံယုံကြည်ခဲ့ကြသော်ငြား ရွှေ့လျားလာသောအချိန်၊ ပြောင်းလဲလာသော နည်းပညာတို့ဖြင့် နျူကလီးယားကို အကျိုးမဲ့စေသည်ဟူသော အမြင်မှ အသုံးချတတ်ပါလျှင် အကျိုးရှိလှသော

စာမျက်နှာ ၈ သို့

*စာမျက်နှာ ၇ မှ*

အရာအဖြစ် ရှုမြင်မှုပြောင်းလဲလာခဲ့သည်။ သို့သော်ငြား မြင့်မားသော နည်းပညာအခြေအနေအရ ပေါပေါလျှံလျှံတော့ မသုံးနိုင်၊ ကမ္ဘာတစ်ဝှမ်းလက်ချိုးရေနိုင်သည့် ပမာဏမျှလောက်သော နိုင်ငံအချို့သာ သုံးစွဲနိုင်ခဲ့သည်။ ထိုအထဲတွင် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်မိတ်ဖက် ရုရှားလည်းပါသည်။

မိတ်ကောင်း ဆွေကောင်းဟူသည့် စကားရပ်နောက်တွင် အပြန်အလှန် အမှီသဟဲ ပြုခြင်း၊ အပြန်အလှန် ကူညီခြင်းတို့ပါသည်။ ထို့အတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မြင့်မားဆဲ မြန်မာနိုင်ငံအနေဖြင့်လည်း နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရေး အခြားအကျိုးပြုကဏ္ဍများ ဖြစ်သည့် ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ သုတေသနကဏ္ဍတို့တွင် ရုရှားနှင့်ပူးပေါင်းဆောင်ရွက်သင့်သည်ကို အကြီးအကဲက သဘောထားမိသည်။ ထို့အတွက် ပူးပေါင်းဆောင်ရွက်လိုကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးသည်။ အသုံးချမည့်အခြေအနေအတွက် ငြိမ်းချမ်းသည့် နည်းပညာဖြင့် သုံးမည်။ ဤသည်ကပင် မြန်မာနိုင်ငံ၏ ရန်မမူ အပြုသဘောဖြင့် တိုးတက်မှုကိုသာ ဆောင်ယူလိုကြောင်း လှစ်ဟပြသသည်။ သဘောတူညီချက်အရ လက်မှတ်ရေးထိုးမှုလည်း ဆောင်ရွက်ပြီးဖြစ်ရာ အကျိုးရလဒ်အား မြန်စွာရရှိနိုင်ရန်အတွက် လာမည့်နှစ်မှ စတင်အကောင်အထည်ဖော်မည်ဟု ဆွေးနွေးသည်။ အကြီးအကဲ၏ မြန်မာနိုင်ငံအား အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် တိုးတက်စေလိုမှုဆန္ဒကား ကြီးမားပေစွ။

ပညာရေး၊ ယဉ်ကျေးမှု သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရေးစသည့် နယ်ပယ်များအပါအဝင် ကမ္ဘာလှည့်ခရီးသွားကဏ္ဍအတွက် နှစ်နိုင်ငံကြား လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေး၊ ဗီဇာကိစ္စများအတွက်လည်း အသေးစိတ် ဆွေးနွေးသည်။ ဒေသတွင်းနိုင်ငံများနှင့်ပတ်သက်၍လည်း ရုရှားနိုင်ငံ၏အခန်းကဏ္ဍအပေါ် အပြုသဘောဆောင်၍ ဆွေးနွေးသကဲ့သို့ စီးပွားရေးကဏ္ဍအတွက် ဆောင်ရွက်စေလိုမှုကို အကြံပြုတိုက်တွန်းသည်။ ဟင်းကောင်းစားရလျှင် အမျိုးအဆွေကို သတိရသည်ဆိုသည့် စကားပုံကို အသက်ဝင်စေသည့် ဆွေးနွေးအကြံပြုမှုဟု နားလည်မိသည်။

**တစ်ယောက်တစ်လက်တွဲ၍ ညီညီညာညာ ချီတက်မည်**

ရုရှားနိုင်ငံအကြီးအကဲဘက်မှလည်း ဆွေးနွေးမှုအပေါ် အားတက်သရောဟု ဆိုနိုင်သည်အထိ အပြုသဘောဆောင်သည့် တုံ့ပြန်မှုကိုပြသည်။ ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များသာမက ညှိနှိုင်းဆွေးနွေးချက်မှ ရရှိလာသည့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအားလုံးကို လက်တွေ့အကောင်အထည်ဖော်မည်။ ခိုင်မာစွာ ယုံကြည်မှုရှိသည်။ လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည်များကို အစိုးရဘက်မှ တတ်စွမ်းသရွေ့ ကူညီမည်။ ဆက်လက်ဆွေးနွေးမှုများ လုပ်မည်ဟု ဆိုသည်။ မြန်မာနိုင်ငံ၏ ဒေသတွင်းနိုင်ငံများနှင့်ပတ်သက်သည့် အခန်းကဏ္ဍအတွက်လည်း ရုရှားက ဆောင်ရွက်ရန် ပြင်ဆင်နေမှုကို အချက်အလက်၊ အကြောင်းအရာအချို့ကို ကိုးကား၍ ပြန်လည်ဆွေးနွေးသည်။ ထိုက်သင့်သည့် အချိန်ကာလတစ်ခုအထိ အကြီးအကဲနှစ်ဦး၏ ဆွေးနွေးချက်များမှာ အသက်ဝင်လွန်းလှသည်။ စေတနာဆောင်သည့် ဆွေးနွေးမှုများဖြစ်၍ ချောချောမွေ့မွေ့ချည်းသာ တစ်ယောက်တစ်လက်တွဲ၍ ညီညီညာညာချီတက်မည်ဟု သဘောသက်ဝင်သည်။ မိတ်ဆွေရင်းများပီပီ ခရီးစဉ်ချောမွေ့ အောင်မြင်ပါစေကြောင်း ဆုတောင်းစကားဆို၍ ရုရှားအကြီးအကဲက စကားကို အဆုံးသတ်သည်။

နှစ်နိုင်ငံအကြီးအကဲနှစ်ဦး၏ ဆွေးနွေးမှုက သာမန်တွေ့ဆုံချိန်ထက် ပိုများလှသည့် ဆွေးနွေးမှုဟုဆိုနိုင်ပြီး ကျယ်ပြန့်လှသည့် ဆွေးနွေးမှုဟု ဆိုနိုင်သည်။ ဆွေးနွေးမှုသည် နှစ်နိုင်ငံ၏ချစ်ကြည်ရင်းနှီးမှုကိုအရင်းတည်၍ တိုးတက်ခြင်းဟူသော အပြုသဘောကိုဆောင်သည့်ဘက်သို့လှမ်းသည်။ နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံအတွက် ရလိုက်သည့်ရလဒ်က မနည်းလှ။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်နှင့်တွေ့ဆုံဆွေးနွေးမှုများသည် အမိမြန်မာပြည်အတွက် သံတမန်ဆက်ဆံရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေးအစရှိသည့် နယ်ပယ်ပေါင်းစုံအတွက် ရလဒ်ကောင်းများကို ရယူဆောင်ကြဉ်းပေးသည့် ခရီးစဉ် ဖြစ်ပါသည်။ မြန်မာ့ဂုဏ်ကို မြှင့်တင်ပေးခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာ့ကိုယ်စားလှယ်အဖွဲ့၏ ဆောင်ရွက်ချက်သည် **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** (Keep Moving Forward to Achieve Our Goal) ဆိုသည့် စကားရပ်အား ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်စေခြင်းဖြစ်ပါသည်ဟု မြန်မာ၏ လင်းလက်သော အနာဂတ်အတွက်မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ရေးသားဖော်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၂**

အရှေ့ – အနောက် စီးပွားရေး စင်္ကြံလမ်းမကြီးအပိုင်းတွင် ပါဝင်သည့် အတ္တရံတံတား A1 Side နှင့် A2 Side တို့တွင် တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေပြီး ဂျိုင်း (ဇာသပြင်) တံတား၌ ဘိုးပိုင်လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါ လုပ်ငန်းခွင်များ၌ မျိုးဆက်သစ်အင်ဂျင်နီယာများအား တံတားတည်ဆောက်ရေးနည်းပညာများ မျှဝေသင်တန်းပေးလျက်ရှိကြောင်း သိရသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၁ ရက်က အတ္တရံတံတား၊ ဂျိုင်း (ဇာသပြင်) တံတား၊ ဂျိုင်း(ကော့ကရိတ်)တံတားနှင့် ကရင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ အတ္တရံတံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်၌ ပြည်ထောင်စုဝန်ကြီးက မျိုးဆက်သစ်အင်ဂျင်နီယာများကို ယခုလမ်းအပိုင်းရှိ တံတားကြီး သုံးစင်း၊ ရန်ကုန်ရှိ ပဲခူးမြစ်ကူးတံတား အမှတ်(၃) နှင့် ဒလတံတားတည်ဆောက်ရေးလုပ်ငန်းများတွင် နည်းပညာအတွေ့အကြုံရရှိစေရန် အုပ်စုသုံးစုခွဲ၍ စေလွှတ်ထားကြောင်း၊ လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရန်၊ လုပ်ငန်းစီမံချက်အတိုင်း တိကျစွာဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ဂျိုင်း (ဇာသပြင်) တံတားဟောင်း ကြံ့ခိုင်မှု၊ တံတားသစ်၏ ဘိုးပိုင်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အိန္ဒူ – ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ဂျိုင်း(ကော့ကရိတ်) တံတား တံတားချဉ်းကပ်လမ်းများ ဆောင်ရွက်နေမှု၊ နည်းပညာသစ် ထည့်သွင်းအသုံးပြုထားသည့် ပင်မတံတား ကြမ်းခင်းအစိတ်အပိုင်းများနှင့် ကြိုးဆိုင်းများ ချိတ်ဆက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်အတူ ဘားအံမြို့တွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့ပေးနိုင်ရန် ဘားအံမြို့ရှောင်လမ်းဖောက်လုပ်နေမှု ၊ ဘားအံ – အဖြောင့် – မော်လမြိုင်လမ်း၊ သံလွင်တံတား(ဘားအံ) နှင့် ချိတ်ဆက်မည့် မြို့ရှောင်လမ်းဆုံနေရာတွင် အဝိုင်းပတ်တည်ဆောက်ရန် လျာထားနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အထူးအဖွဲ့များမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး မိမိပြည်နယ်၊ ခရိုင်၊ မြို့နယ်အတွင်းရှိ လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် စေတနာထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ရန်နှင့် ပါတီနိုင်ငံရေးကင်းရှင်းရန် လိုကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြဆွေးနွေးချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သံလွင်တံတား (ဘားအံ) ကြံ့ခိုင်မှုနှင့် ဘားအံ – သထုံလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် စက်တင်ဘာ ၁၂**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်း အပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။ (ယာပုံ)

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နိုင်ငံအသီးသီး၌ လူကုန်ကူးခံရမှုများ မြင့်တက်လာနေပြီး ဖွံ့ဖြိုးမှုအားနည်းသော လူအုပ်စုများအကြား၌ ပိုမိုအန္တရာယ်ကြီးမားလာခဲ့

## ဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

- **မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများသည် ပြည်တွင်းရေးအခြေအနေများနှင့် ပြည်ပဆွဲဆောင်မှုများကြောင့် ရွှေ့ပြောင်းသွားလာ၍ အလုပ်အကိုင်အသစ်များ ရှာဖွေခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရ**
- **အထူးသဖြင့် အခြားနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက် (Demand Vacuum)နှင့် ဆက်နွှယ်နေကြောင်းတွေ့ရှိရပြီး တစ်နည်းအားဖြင့် ပြည်တွင်းလူကုန်ကူးမှုသည် ၁၉ ဒသမ ၆၈ ရာခိုင်နှုန်းသာရှိပြီး ၈၀ ဒသမ ၃၂ ရာခိုင်နှုန်းသည် ပြည်ပသို့ လူကုန်ကူးမှုများဖြစ်**

လူကုန်ကူးမှုသည် လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သော ခေတ်သစ်ကျေးကျွန်စနစ်အသွင် ပြဿနာတစ်ခုဖြစ်ပါသည်။ လူကုန်ကူးမှုပြဿနာကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ခံစားနေရပြီး အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျသော နိုင်ငံများသည် လူကုန်ကူးမှု၏ နောက်ဆက်တွဲဆိုးကျိုးများကို ပိုမိုခံစားနေကြရပါသည်။ မျက်မှောက်ခေတ်တွင် လူကုန်ကူးမှုပြဿနာသည် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွှယ်လာသဖြင့် ကမ္ဘာ့နိုင်ငံများက နည်းလမ်းမျိုးစုံဖြင့် ထိရောက်စွာ ကြိုးပမ်းအားထုတ် တားဆီးကာကွယ်ကြသော်လည်း ဖြစ်ပွားမှုမြင့်မားနေဆဲဖြစ်ကြောင်း နိုင်ငံတကာမှ အသိအမှတ်ပြုဖော်ပြလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်သတ်မှတ်ပြီး မဟာဗျူဟာ (၃)ရပ်၊ နည်းဗျူဟာ (၄)ရပ် ချမှတ်ကာ ကာကွယ်တားဆီးခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ကုလသမဂ္ဂ(UN)မှ ပြဋ္ဌာန်းထားသည့် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်း တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNTOC)နှင့် ယင်း၏နောက်ဆက်တွဲစာချုပ် သုံးခုအနက် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime)၊ အမျိုးသမီးနှင့် ကလေးသူငယ်များအား အထူးပြုသည့် လူကုန်ကူးမှုနှိမ်နင်းခြင်းနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ် (Protocol to Prevent, Suppress and Punish Trafficking in Persons, especially Women and Children)၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ် (Protocol against the Smuggling of Migrants by Land, Sea and Air)တို့အား ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့ပါသည်။

ထို့ပြင် မဲခေါင်ဒေသတွင်း ၆ နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်းသာမက ဒေသတွင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နှစ်နိုင်ငံအကြား လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး အာရှ-ပစိဖိတ်ဒေသ၏ ဘာလီလုပ်ငန်းစဉ်(Bali Process)၊ ၁၉၉၇ ခုနှစ်၌ ဖွဲ့စည်းခဲ့သည့် Bay of Bengal Initiative on Multi-Sectoral Technical and Economic Cooperation (BIMSTEC) တို့တွင်လည်း မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်နှင့် နီပေါနိုင်ငံတို့နှင့် ပူးပေါင်း၍ ၂၀၀၄ ခုနှစ်မှစတင်ပြီး လူကုန်ကူးမှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအပိုင်းတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့်ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် အာဆီယံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအား ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး လူကုန်ကူးမှုဆိုင်ရာ SOMTC လုပ်ငန်းအဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အာဆီယံအထူးအဖွဲ့ခေါင်းဆောင်များအဖွဲ့တို့ကို ဖွဲ့စည်းကာ ဒေသတွင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အာဆီယံကဏ္ဍအလိုက် ဆက်စပ်အဖွဲ့အစည်းများ (ASEAN Sectoral Bodies / Organs – SBOs)ဖြင့် ပူးပေါင်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘိုဟိုးလုပ်ငန်းစီမံချက် (၂၀၁၇ – ၂၀၂၀) (BWP 2017 – 2020) ကို ရေးဆွဲအကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့နိုင်ငံအသီးသီး၌ လူကုန်ကူးခံရမှုများ မြင့်တက်လာနေပြီး ဖွံ့ဖြိုးမှုအားနည်းသော လူအုပ်စုများအကြား၌ ပိုမိုအန္တရာယ်ကြီးမားလာခဲ့ပါသည်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime – UNODC) ၏ ၂၀၂၁ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာအရ ကိုဗစ် – ၁၉ ကပ်ရောဂါအကျပ်အတည်းသည် လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း လူကုန်ကူးမှု၏သဘောသဘာဝနှင့် ပြစ်မှုကျူးလွန်ခံရသည့် နစ်နာသူအရေအတွက်အပေါ် လွှမ်းမိုးခဲ့သည်မှာ မငြင်းသာကြောင်း၊ လူကုန်ကူးသူများသည် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုအပေါ် အခွင့်အရေးယူ၍ စီးပွားရေးလျော့ရဲမှုနှင့် ကလေးများနှင့် အရွယ်ရောက်ပြီးသူများ၏ အွန်လိုင်းတိုးမြှင့်သုံးစွဲသည့် အချိန်ပမာဏကို အခွင့်အရေးယူ၍ ကျူးလွန်လာကြကြောင်းတွေ့ရှိရသဖြင့် မိမိတို့၏ တားဆီးနှိမ်နင်းရေးစွမ်းရည်နှင့် ကြိုးပမ်းအားထုတ်မှုများကို ပိုမိုတိုးမြှင့်ရန် အရေးကြီးကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် ကမ္ဘာတစ်ဝှမ်းလုံးအတိုင်းအတာအရ လွန်ခဲ့သော ကိုးလအတွင်း ဖြစ်ပွားသည့် အကျပ်အတည်းများကြောင့် လိင်ပိုင်းဆိုင်ရာနှင့် အဓမ္မခိုင်းစေခြင်းခံရသည့် နစ်နာသူများ ပိုမိုများပြားလာကြောင်း၊ ပြောင်းလဲတိုးတက်လာသော နည်းပညာများသာမက ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝှမ်း အင်တာနက်အသုံးပြုမှု ပိုမိုများပြားလာသောကြောင့် လူကုန်ကူးသူများသည် အင်တာနက်နည်းပညာများ အသုံးပြု၍ လူစုဆောင်းမှုများ ပြုလုပ်လာကြကြောင်း၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် ကျရောက်ခဲ့သည့် ၂၀၂၂ ခုနှစ် ကမ္ဘာလုံးဆိုင်ရာလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ (World Day Against Trafficking in Persons 2020) တွင် လူကုန်ကူးမှုအားတားဆီးရန်အတွက် နည်းပညာကိုအသုံးပြုရန် တိုက်တွန်းခဲ့ကြောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများသည် ပြည်တွင်းရေးအခြေအနေများနှင့် ပြည်ပဆွဲဆောင်မှုများကြောင့် ရွှေ့ပြောင်းသွားလာ၍ အလုပ်အကိုင်အသစ်များရှာဖွေခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် အခြားနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက် (Demand Vacuum)နှင့် ဆက်နွှယ်နေကြောင်းတွေ့ရှိရပြီး တစ်နည်းအားဖြင့် ပြည်တွင်းလူကုန်ကူးမှုသည် ၁၉ ဒသမ ၆၈ ရာခိုင်နှုန်းသာရှိပြီး ၈၀ ဒသမ ၃၂ ရာခိုင်နှုန်းသည် ပြည်ပသို့ လူကုန်ကူးမှုများဖြစ်ကြောင်း တွေ့ရှိရပါသည်။ လူကုန်ကူးခံရသူ ၅၀ ရာခိုင်နှုန်းမှာ အမျိုးသမီးနှင့် ကလေးသူငယ်များဖြစ်ကြသည်။ မိမိတို့နိုင်ငံမှ အသက်ငယ်ရွယ်သည့် မိန်းကလေးများနှင့် အဓမ္မထိမ်းမြားလက်ထပ်ရန်အတွက် ပွဲစားများမှ စည်းရုံးခေါ်ဆောင်ခြင်း၊ အငှားကိုယ်ဝန်ဆောင်စေခြင်း၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ ငါးဖမ်းစက်လှေများနှင့် ကျားဖောင်လုပ်ငန်းများတွင် အဓမ္မလုပ်အား ခေါင်းပုံဖြတ်ခိုင်းစေခြင်း၊ ဘဝရပ်တည်ရန် ခက်ခဲသူများအပေါ် ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ Social Media ကို အသုံးပြု၍ စည်းရုံးခေါ်ဆောင်ရောင်းစားခြင်း စသည့်လူကုန်ကူးမှုပုံစံများ ဖြစ်ပွားနေကြောင်း တွေ့ရှိရပါသည်။ အဓမ္မစေခိုင်းမှု မှုခင်းများသည် ၆၁ ဒသမ ၁၁ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး အဓမ္မပြည့်တန်ဆာအဖြစ်စေခိုင်းမှု ၂၂ ဒသမ ၂၂ ရာခိုင်နှုန်းရှိကာ အဓမ္မလက်ထပ်မှု ၁၁ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် အဓမ္မမွေးစားမှု ၅ ဒသမ ၅၆ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

လူကုန်ကူးမှုအန္တရာယ်များကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အသိပညာပေးခြင်း၊ ရုပ်မြင်သံကြားတွင် အသိပညာပေးဇာတ်လမ်းနှင့် တေးသီချင်းများ ထုတ်လွှင့်ပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေး (Billboard)များစိုက်ထူခြင်း၊ မိုဘိုင်းဖုန်းအော်ပရေတာများမှတစ်ဆင့် SMS များ ပေးပို့ခြင်း၊ ကျောင်းသားလူငယ်များအတွက် အခြေခံပညာကျောင်းသင်ခန်းစာများတွင် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်အား ထည့်သွင်းပို့ချပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ လူကုန်ကူးမှုနှင့် လူကုန်ကူးခံရသူများအား အချိန်မီကယ်တင်နိုင်ရေးအတွက် ၂၄ နာရီ သတင်းပေးတိုင်ကြားနိုင်သည့် Hot Line ဖုန်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မူဆယ်မြို့များတွင် တပ်ဆင်ကာ အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာမည့် အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအား သတင်းအချက်အလက်များ မျှဝေနိုင်ရန်နှင့် အသိပညာပေးနိုင်ရန် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာနများအား ဖွင့်လှစ်၍ အသိပညာများ မျှဝေလျက်ရှိပါသည်။

ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်" ကို ထုတ်ဝေ၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ ဌာနများသို့ မိတ်ဆက်ရှင်းလင်းခြင်း၊ လူကုန်ကူးခံရသူများ၏ လိုအပ်ချက်နှင့် အခွင့်အရေးများကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ရန်နှင့် လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူများအကြား ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် စံလုပ်ငန်းအစီအစဉ် အသုံးပြုနည်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ တရားရုံး စစ်ဆေးနေစဉ်ကာလအတွင်း ခရီးစရိတ်၊ ဆေးကုသစရိတ်နှင့် ကျွေးမွေးစရိတ်ထောက်ပံ့ပေးခြင်း၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းပြီးသည့် လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရေးအတွက် ၎င်းတို့၏လိုအပ်ချက်များအရ

*စာမျက်နှာ ၁၀ သို့*

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၂၀ | ၂၄၆၅ | ၂၄၆၀ | ၂၄၃၀ | ၂၄၆၅ | ၂၄၉၀ | ၂၄၇၅ | ၂၄၅၀ | ၂၅၄၅ | ၂၅၆၀ | ၂၄၆၀ | ၂၄၆၅ | ၂၅၀၀ | ၂၅၀၅ | ၂၅၀၅ | ၂၇၂၅ | ၃၁၆၀ |
| 95 Ron | ၂၅၂၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၇၀ | ၂၅၅၀ | ၂၆၄၅ | ၂၆၆၀ | ၂၅၅၅ | ၂၅၇၀ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၂၀ | ၃၂၂၅ |
| HSD (500 ppm) | ၃၀၂၀ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၅ | ၃၀၆၅ | ၃၀၈၅ | ၃၀၈၀ | ၃၀၅၀ | ၃၁၆၅ | ၃၁၆၀ | ၃၀၅၅ | ၃၀၆၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၀၅ | ၃၃၂၀ | ၃၈၉၅ |
| HSD (50 ppm) | ၃၁၀၅ | ၃၁၅၀ | ၃၁၄၅ | ၃၁၁၀ | ၃၁၅၀ | ၃၁၇၀ | ၃၁၆၅ | ၃၁၃၅ | ၃၂၅၀ | ၃၂၄၅ | ၃၁၄၀ | ၃၁၅၀ | ၃၁၈၅ | ၃၁၈၅ | ၃၁၉၀ | ၃၄၀၅ | ၃၉၃၀ |
| HSD (10 ppm) | ၃၁၀၅ | ၃၁၅၀ | ၃၁၄၅ | ၃၁၁၀ | ၃၁၅၀ | ၃၁၇၀ | ၃၁၆၅ | ၃၁၃၅ | ၃၂၅၀ | ၃၂၄၅ | ၃၁၄၀ | ၃၁၅၀ | ၃၁၈၅ | ၃၁၈၅ | ၃၁၉၀ | ၃၄၀၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၁၀ | ၂၃၉၀ |
| 95 Ron | ၂၄၀၄ | ၂၄၈၆ |
| HSD (500 ppm) | ၂၈၉၂ | ၂၉၈၀ |
| HSD (50 ppm) | ၂၉၇၃ | ၃၀၆၂ |
| HSD (10 ppm) | ၂၉၇၃ | ၃၀၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

*စာမျက်နှာ ၉ မှ*

ဘဝရပ်တည်နိုင်ရေး ထောက်ပံ့ပေးခြင်း၊ လူကုန်ကူးခံရသူများအား ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် သီးခြားရန်ပုံငွေတစ်ရပ် ထူထောင်ရေး ဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူများအား မြဝတီ၊ မူဆယ်၊ ကော့သောင်း၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့များရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများတွင် ယာယီလက်ခံစောင့်ရှောက်ထားစဉ် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ လူကုန်ကူးခံရသူများအား ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရန်အတွက် ဂေဟာများတွင် ကာကွယ်ရေးသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ လိုအပ်သော အသုံးအဆောင်များတပ်ဆင်ခြင်း၊ ရောဂါပိုးကူးစက်ခံရမှုရှိ/မရှိ စစ်ဆေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များဆောင်ရွက်ပေးခြင်းတို့ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ခေတ်နှင့်အညီ ပြောင်းလဲလာသည့် လူကုန်ကူးမှုများအား ကာကွယ်တားဆီးရန်အတွက် ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ခေတ်စနစ်နှင့်အညီဖြစ်စေရန် ပြင်ဆင်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအဖြစ် ၁၆-၆-၂၀၂၂ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေအသစ်တွင် အွန်လိုင်းနှင့်နည်းပညာများအား အသုံးပြုပြီး လူကုန်ကူးမှု ကျူးလွန်သူများအတွက် ပြစ်ဒဏ်များအား ထပ်မံထည့်သွင်းပြဋ္ဌာန်းခဲ့သဖြင့် အွန်လိုင်း၊ အီလက်ထရောနစ်အသုံးပြု၍ လူကုန်ကူးမှုကျူးလွန်ခြင်းများကိုပါ ဖော်ထုတ်ဟန့်တားနိုင်မည်ဖြစ်သည့်အပြင် ဥပဒေအသစ်၏ အခန်း(၆)၌ လူကုန်ကူးခံရသူနှင့် သက်သေများ အကာအကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်းအား ပြဋ္ဌာန်းထားပါကြောင်း၊ ဥပဒေအဟောင်း၌ လူကုန်ကူးခံရသူများကို အကာအကွယ်ပေးခြင်း (Victim Protection) သာပါရှိ၍ ဥပဒေအသစ်တွင် သက်သေများကို အကာအကွယ်ပေးခြင်း (Witness Protection) ပါဝင်လာကြောင်း တွေ့ရှိရသဖြင့် မိမိတို့အနေဖြင့် လူကုန်ကူးခံရသူများကိုသာမက သက်သေများကိုပါ အကာအကွယ်ပေးသည့် လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် လူကုန်ကူးမှုကျူးလွန်သူများက အမြတ်ထုတ်အသုံးချနေမှုများကလည်း တားဆီးနှိမ်နင်းရေးကဏ္ဍများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပေါ်လျက်ရှိပါသည်။ UNODC ကလည်း နည်းပညာအသုံးပြု၍ လူကုန်ကူးမှုများအား တားဆီးကာကွယ်ရန် တိုက်တွန်းထားရှိသဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးသည် စီးပွားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ အသိပညာမြင့်မားမှု၊ မူဝါဒနှင့် မဟာဗျူဟာများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် မူတည်နေသောကြောင့် အောက်ပါတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစီအမံများမှတစ်ဆင့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။

(ခ) ကိုဗစ်-၁၉ ကပ်ရောဂါအန္တရာယ် ကျရောက်နေစဉ်နှင့် ကပ်ရောဂါအလွန်ကာလများအတွင်း လူကုန်ကူးမှုများ တိုက်ဖျက်နိုင်ရန်အတွက် လူကုန်ကူးမှု မှုခင်းများဆိုင်ရာ သုတေသနလုပ်ငန်းများ၊ လေ့လာစမ်းသပ်မှုများ ဆောင်ရွက်၍ ရရှိသော သုတေသနတွေ့ရှိချက်များကို အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဂ) လူကုန်ကူးခံရသူများ၏ တွေ့ကြုံခံစားရမှုများအပေါ် အခြေခံသည့် တုံ့ပြန်မှုနည်းလမ်းများ၊ စုံစမ်းဖော်ထုတ်အရေးယူခြင်းများကို နည်းပညာအသုံးပြု၍ ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

(ဃ) အိမ်နီးချင်းနိုင်ငံများမှ တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုများ ပူးပေါင်းစုံစမ်းဖော်ထုတ်မှု မြှင့်တင်ရန်နှင့် Online နည်းပညာ အသုံးချဆောင်ရွက်နိုင်မှုအား တိုးမြှင့်ဖော်ဆောင်ရန် လိုအပ်ပါသည်။

ယခု ၂၀၂၂ ခုနှစ် ဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော **“လူကုန်ကူးမှုတိုက်ဖျက်ဖို့ နည်းပညာအခန်းကဏ္ဍ မြှင့်တင်လုပ်ဆောင်စို့”** ဆိုသည့်အတိုင်း လူကုန်ကူးမှု တားဆီးတိုက်ဖျက်ခြင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နည်းပညာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းပါဝင်၍ နည်းပညာအသုံးပြု သတင်းဖလှယ်ရေးလုပ်ငန်းများ၊ စုံစမ်းထောက်လှမ်း အရေးယူမှုများအား ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုဖြင့် ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်ပါက မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှုများလျော့နည်းကျဆင်း၍ ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။ ။

## လူကုန်ကူးမှု တားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် လူငယ်အသိပညာပေး

မင်းလှ စက်တင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအောင်က ကျောင်းသား ကျောင်းသူလေးများကို လူကုန်ကူးမှုအဓိပ္ပာယ်နှင့် လူကုန်ကူးခြင်းမခံရအောင် လိုက်နာသင့်သည့်အချက်များကို ပြောကြားသည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ ပြောကြားသည်။ ထို့နောက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များ ပြသခဲ့ရာ စိတ်ဝင်တစားကြည့်ရှုလေ့လာကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်



**တပ်ကုန်း စက်တင်ဘာ ၁၂**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၈)စက်မှုလယ်ယာစခန်းမှ ဖွင့်လှစ်သည့် လယ်ယာသုံး စက်ကိရိယာမောင်းနှင် ထိန်းသိမ်းမှုအခြေခံ သင်တန်း (၁/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ဦး၊ တပ်ကုန်းမြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းတို့က တောင်သူလယ်သမားများ မြေပြုပြင်ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း စသည့် စက်မှုလယ်ယာကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် ဒေသခံတောင်သူများ လယ်ယာသုံး စက်ကိရိယာများ ကျွမ်းကျင်စွာမောင်းနှင်ပြင်ဆင်တပ်ဆင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် တပ်ကုန်းမြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၈) စက်မှုလယ်ယာစခန်းမှ ဦးစီးမှူး ဦးကျော်မင်းဦးက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းသင်တန်းတွင် ဒေသခံသင်တန်းသား ၃၀ တက်ရောက်၍ သင်တန်းကာလမှာ ၁၂ ရက်ဖြစ်ပြီး ထွန်စက်ကြီးနှင့် ထွန်ယက်ကိရိယာများ တွဲဖက်အသုံးပြုခြင်း၊ ထွန်စက်ကြီးနှင့် ထွန်ယက်ကိရိယာထိန်းသိမ်းခြင်း၊Sonalika ထွန်စက်ကြီးမောင်းနှင်လေ့ကျင့်ခြင်း၊ New Holland ထွန်စက်ကြီးမောင်းနှင်လေ့ကျင့်ခြင်း၊ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်လေ့ကျင့်ခြင်း၊ ရိတ်သိမ်းခြွေလှေ့စက် ထိန်းသိမ်းခြင်းနှင့် အင်ဂျင်တွင် ပါဝင်သော စက်အစိတ်အပိုင်း အကြောင်းအရာများကိုသင်တန်းနည်းပြဆရာများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

တင်စိုးလွင် (ပြန်/ဆက်)

## ကျောင်းကုန်းမြို့နယ်၌ သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်များထောက်ပံ့

**ကျောင်းကုန်း စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ် (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ) အတွက် လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း က နိုင်ငံတော်က လူမှုဝန်ထမ်းမှတစ်ဆင့် ထောက်ပံ့ပေးနေမှုအပေါ် ရပ်ကွက်ကျေးရွာရှိ သက်ကြီးဘိုးဘွားများ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးစေချင်ကြောင်း ပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ခံ ဒေါ်ခင်ဟေမာနိုင်က လူမှုရေးပင်စင်ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သက်ကြီးဘိုးဘွား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် မြို့ပေါ်ါရပ်ကွက် ကျေးရွာအုပ်စု ၆၅ အုပ်စုတို့မှ သက်ကြီးဘိုးဘွား ၉၉၀ တို့အတွက် စုစုပေါင်းငွေကျပ် ၂၉၇ သိန်းကို ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ အတွင်းရေးမှူး ယာယီရဲမှူး အောင်နိုင်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး နေဝင်းနောင်၊ အဖွဲ့ဝင်(၃)လ.ဝ.က ဦးစီးမှူး ဦးအောင်စိုး၊ လူမှုဝန်ထမ်းဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်ခင်ဟေမာနိုင်၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြင့်နှင့် အဖွဲ့ဝင်များရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြောင်း သိရသည်။

ဝင်းကြိုင်
(ပြန်/ဆက်)

## ညောင်ဦးမြို့နယ် မြေနဲလေးကျေးရွာ၌ စက်ရေတွင်း ပျက်စီးမှုကို သောက်သုံးရေ ဖူလုံစေရန် ပြန်လည်ပြုပြင်ပေး

**ညောင်ဦး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြေနဲလေးကျေးရွာ၌ သောက်သုံးရေအတွက် မှီခိုအားထားရသည့် စက်ရေတွင်းမှာ ချွတ်ယွင်းပျက်စီးသွားသဖြင့် ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်ကြုံတွေ့နေရကြောင်း သိရ၍ စက်တင်ဘာ ၁၂ ရက်က ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် အရှင်သာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က ချွတ်ယွင်းပျက်စီးသည့် စက်ရေတွင်းကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် မြေနဲလေးကျေးရွာတွင် အိမ်ခြေ ၂၅၀ ခန့်ရှိပြီး လူဦးရေ ၁၀၀၀ နီးပါးခန့် နေထိုင်လျက်ရှိသည်။ ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြကာ နှစ်စဉ် သောက်သုံးရေအတွက် ကျေးရွာရှိ စက်ရေတွင်းကို မှီခိုအားထားနေရကြောင်း အဆိုပါ ကျေးရွာရှိ ဒေသခံပြည်သူများထံမှ သိရသည်။

ယနေ့နံနက်ပိုင်းက ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က ညောင်ဦးမြို့နယ်မြေနဲလေးကျေးရွာရှိ ချွတ်ယွင်းပျက်စီးနေသည့် စက်ရေတွင်းကို ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် အလှူရှင် ရန်ကုန်မြို့မှ ဦးချိုကြီး - ဒေါ်ကျော့ကျော့ခိုင် မိသားစုက စက်ရေတွင်းပြုပြင်လှူဒါန်း ရန်အတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းပေးခဲ့ပြီး ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ စက်ရေတွင်းမှာ ကောင်းမွန်သွားပြီဖြစ်၍ ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့်ရရှိသဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိနေကြကြောင်း ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော်ထံမှ သိရသည်။

ရဲဝင်းနိုင်
(ညောင်ဦး)

## နမ့်ဖက်ချောင်းပေါ်ရှိ ဝမ်လုံးရေလွှဲဆည် မြေသားပေါင်ကျိုးကျမှုဖြစ်ပွား

**မိုင်းဖြတ် စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် စက်တင်ဘာ ၁၂ ရက်က နမ့်ဖက်ချောင်းပေါ်ရှိဝမ်လုံးရေလွှဲဆည် အထက် လက်ဝဲဘက်အပိုင်းရှိ မြေသားပေါင် ပေ ၅၀ ခန့် ကျိုးပြတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြေသားပေါင်ကျိုးပြတ်မှုဖြစ်ပွားရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းအေးမင်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ဇော်အောင်တို့က ဖြစ်ပွားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ရာ နမ့်ဖက်ချောင်း ရေကြီးရေလျှံခြင်းကြောင့် ဝမ်လုံးရေလွှဲဆည်ရှိ ရေထွက်ပေါက်များ၌ အမှိုက်များ၊ သစ်ကိုင်းများ ပိတ်ဆို့ခြင်းတို့ကြောင့် ရေလွှဲဆည်အထက်ပိုင်း လက်ဝဲဘက်အခြမ်း မြေသားပေါင် ပေ ၅၀ခန့် ကျိုးခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၄၀ ခန့်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင်ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

# ကေဝင်ရိုးကမ္ဘာကြီးမှသည် ဗဟုဝင်ရိုးကမ္ဘာကြီးဆီသို့ ကူးပြောင်းနိုင်စေမယ့် ကမ္ဘာ့ခေါင်းဆောင်နှစ်ဦးရဲ့တွေ့ဆုံမှု

ထက်မြတ်



ကျွန်တော်တို့ကမ္ဘာကြီးဟာ လှပဆန်းကြယ်မှုတွေနဲ့အတူ သိပ်ကိုချစ်ဖို့ကောင်းသလို နေချင့်စဖွယ်ဂြိုဟ်ကြီးတစ်လုံးလည်း ဖြစ်ပါတယ်။

ကမ္ဘာဆိုတဲ့ဂြိုဟ်ကြီးက ဘယ်သူတွေနဲ့ သက်ဆိုင်သလဲလို့မေးရင် ဒီကမ္ဘာပေါ်မှာမှီတင်းနေထိုင်ကြတဲ့ ကမ္ဘာသူကမ္ဘာသားအားလုံးနဲ့ သက်ဆိုင်တယ်လို့ ပြောရပါလိမ့်မယ်။ ဒါဟာတကယ့်လက်တွေ့အမှန်တရားပါ။

ဒါပေမယ့်လည်း တစ်ကမ္ဘာလုံးကို သူတို့ရဲ့လက်ခုပ်ထဲက ရေလို သွန်လိုသွန်၊ မှောက်လိုမှောက် လုပ်ချင်လိုကြတဲ့ နိုင်ငံကြီးတချို့လည်း ရှိပါသေးတယ်။ အထူးသဖြင့် အမေရိကန်ဦးဆောင်တဲ့ အနောက်ကမ္ဘာခြမ်းမှ အင်အားစုတချို့ဖြစ်ပါတယ်။

ဒီနေရာမှာ အမေရိကန်က ဦးဆောင်တာဖြစ်တဲ့အတွက် အမေရိကန်ကိုသာ ဦးတည်ပြီးတော့ ပြောရမှာပါ။ အမေရိကန်ဆိုတာ ကမ္ဘာပေါ်မှာ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေးအရ လွှမ်းမိုးထားနိုင်တဲ့ အခြေအနေရှိတာ မှန်ပါတယ်။

သို့သော်လည်း သူ့ရဲ့လွှမ်းမိုးမှုက ကမ္ဘာသူကမ္ဘာသားများအားလုံးရဲ့ အကျိုးအတွက် မဟုတ်ပါဘူး။ သူ့တစ်နိုင်ငံတည်းရဲ့ အကျိုးအတွက်သာဖြစ်ပါတယ်။

ဥပမာအားဖြင့်ပြောရရင် အမေရိကန်နိုင်ငံမှာ ပြည်တွင်းစစ်ကြီး ပြီးဆုံးသွားကတည်းက စစ်ပွဲဖြစ်ပွားတယ်ဆိုတာ စာချစ်သူများ ကြားဖူးပါသလား။ ကျွန်တော်လည်း မကြားဖူးပါဘူး။ ဘာကြောင့်လဲဆိုတော့ စစ်ပွဲမဖြစ်ပွားခဲ့လို့ပါ။

## အမေရိကန်ရဲ့စနက်ကြောင့် တစ်ကမ္ဘာလုံးနီးပါးမှာ စစ်မီးတွေတောက်လောင်

ဒါပေမယ့် အမေရိကန်ရဲ့စနက်ကြောင့် တစ်ကမ္ဘာလုံးနီးပါးမှာ စစ်မီးတွေ တောက်လောင်နေရတယ်လို့ပြောရင် ကျွန်တော် လွန်မယ်မထင်ပါဘူး။

ဒီလိုမျိုးတွေ ဖြစ်နေရတာက ကျွန်တော်တို့ကမ္ဘာသူ ကမ္ဘာသားတွေ အားလုံးရဲ့ အသက်ရှင်သန်ရပ်တည်မှုဟာ အမေရိကန်နိုင်ငံပေါ်မှာသာ မူတည်နေရတယ်ဆိုတဲ့အချက်ကို မီးမောင်းထိုးပြနေပါတယ်။

ကျွန်တော်တို့နေ့စဉ်ဘဝမှာ အသုံးပြုနေရတဲ့ လူသုံးကုန်ပစ္စည်းတွေ ရှိပါတယ်။ ဒီလူသုံးကုန်ပစ္စည်းတွေကို ပြည်တွင်းကနေ ထုတ်လုပ်တာရှိသလို ပြည်ပကနေတင်သွင်းရတာမျိုးတွေလည်း ရှိပါတယ်။

ပြည်ပကနေ ဝယ်ယူ တင်သွင်းရတဲ့အခါ ငွေကြေးအတွက် အမေရိကန်ဒေါ်လာကိုသာ အဓိကအားထားပြီး အသုံးပြုရပါတယ်။ ဘာကြောင့်လဲဆိုရင် ကမ္ဘာကြီးက ကေဝင်ရိုးအပေါ် မူတည်နေရတာကိုး။

တကယ်လို့များ အမေရိကန်နိုင်ငံက သူ့စိတ်အလိုမကျတဲ့ နိုင်ငံတစ်နိုင်ငံကိုသာ သူတို့ရဲ့ဒေါ်လာငွေကြေးတွေ အသုံးပြုခွင့်ပိတ်ပင်လိုက်ရင် အဲဒီနိုင်ငံရဲ့လည်ပတ်မှုမှန်သမျှအားလုံးနီးပါး ရပ်တန့်သွားရပါလိမ့်မယ်။ တစ်နည်းပြောရရင် ကံဆိုးမှုတွေနဲ့ ရင်ဆိုင်ရတာပေ့ါ။

ဒီလိုအဖြစ်ဆိုးတွေနဲ့ ရင်ဆိုင်လာရအောင် လုပ်ဆောင်ထားသူကတော့ အမေရိကန်နိုင်ငံပါပဲ။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ အခုတင်ပြသွားတာက ဥပမာတစ်ခုတည်းသာ ရှိပါသေးတယ်။

## အမေရိကန်နိုင်ငံအပေါ် အလွန်အမင်း မှီခိုနေရ

ဒါကြောင့် ကေဝင်ရိုးဆိုတဲ့ ဝင်ရိုးတစ်ခုတည်းအပေါ်မှာရပ်တည်နေရတဲ့ ကျွန်တော်တို့ကမ္ဘာသူကမ္ဘာသားတွေရဲ့ဘဝဟာ ဝင်ရိုးအဖြစ်တည်ရှိနေတဲ့ အမေရိကန်နိုင်ငံအပေါ် အလွန်အမင်း မှီခိုနေရတာကို အတိုင်းသား မြင်တွေ့ခဲ့ရပြီးဖြစ်သလို လက်ရှိမှာလည်း ဒီလိုမှီခိုခြင်းရဲ့ အကျိုးကျေးဇူးကို ရင်ဆိုင်ခံစားနေရပါတယ်။

ဒါဆိုရင် ကေဝင်ရိုးဆိုတဲ့ ဝင်ရိုးတစ်ခုတည်းအပေါ်ရပ်တည်နေမှုက ကမ္ဘာသူကမ္ဘာသားတွေအတွက် ကောင်းခြင်းကို ပိုမိုဖြစ်ထွန်းစေသလား၊ ဆိုးခြင်းကို ပိုမိုဖြစ်ထွန်းစေသလားဆိုတာ စာချစ်သူများကိုယ်တိုင်ဝေဖန်ပိုင်းခြားနိုင်မယ် ထင်ပါတယ်။

ဒီလိုကေဝင်ရိုးကနေ လွတ်မြောက်ဖို့ဆိုရင် လုပ်ဆောင်ရမယ့် တစ်ခုတည်းသော အရာကတော့ ဗဟုဝင်ရိုးလို့ခေါ်တဲ့ ဝင်ရိုးအများအပြားအပေါ် ရပ်တည်မှုစနစ်ဆီကို ပြောင်းလဲခြင်းပဲဖြစ်ပါတယ်။

## ဗဟုဝင်ရိုးဆိုတာက နိုင်ငံအားလုံးတန်းတူညီမျှ ချမ်းသာကြွယ်ဝရေးနဲ့ တည်ငြိမ်အေးချမ်းစေဖို့

ကေဝင်ရိုးဆိုတာ တစ်နိုင်ငံတည်းကောင်းစားရေးအတွက်ဖြစ်ပေမယ့် ဗဟုဝင်ရိုးဆိုတာကတော့ နိုင်ငံအားလုံးတန်းတူညီမျှ ချမ်းသာကြွယ်ဝရေးနဲ့ တည်ငြိမ်အေးချမ်းရေး ပိုမိုဖြစ်ထွန်းစေဖို့ကို ဦးတည်ပါတယ်။

ဗဟုဝင်ရိုးဆီ ဦးတည်လျှောက်လှမ်းရာမှာ အဓိကအရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်သူနှစ်ဦးရှိပါတယ်။ သူတို့ကတော့ ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင် တို့ပါပဲ။

ပူတင်နဲ့ ရှီကျင့်ဖျင်တို့ဟာ အခုသီတင်းပတ်အတွင်း ဥဇဘက်ကစ္စတန်နိုင်ငံမှာ လုပ်ဆောင်မယ့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးညီလာခံမှာ တွေ့ဆုံဖို့ရှိပါတယ်။

ရှီကျင့်ဖျင်ရဲ့ အခုလိုပြည်ပခရီးစဉ်ဟာ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးခရီးစဉ်ဖြစ်သလို ဒီခရီးစဉ်မှာတွေ့ဆုံမယ့် ပုဂ္ဂိုလ်ကလည်း ရုရှားသမ္မတဖြစ်နေတာက ဗဟုဝင်ရိုးဆီကူးပြောင်းမယ့် လုပ်ငန်းစဉ်အတွက် အရေးကြီးတဲ့ ခေါင်းဆောင်နှစ်ဦးရဲ့ တွေ့ဆုံမှုဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ရုရှားနဲ့ တရုတ်နိုင်ငံဆိုတာ ရှေးအစဉ်အဆက်ကတည်းက ချစ်ကြည်ရင်းနှီးမှု ခိုင်မာပြီးသားဖြစ်တဲ့ နှစ်နိုင်ငံဖြစ်သလို လက်ရှိကမ္ဘာ့ဦးဆောင်နေရာတွေကို ရယူထားနိုင်တဲ့ နိုင်ငံများလည်းဖြစ်ပါတယ်။

သူတို့နှစ်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အနောက်အုပ်စုမပါ ကျန်ရှိတဲ့ ကမ္ဘာ့နိုင်ငံများအားလုံးအတွက် စံနမူနာပြ လုပ်ရပ်တစ်ခုလည်းဖြစ်ပါတယ်။

ဥပမာအားဖြင့် ဗဟုဝင်ရိုးဆီ ကူးပြောင်းမှုအတွက် အဓိကအချက်ဖြစ်တဲ့ ကမ္ဘာ့စီးပွားရေးဈေးကွက်မှာ အမေရိကန်ဒေါ်လာ အသုံးပြုမှုကို လျှော့ချဖယ်ရှားရေးအတွက်ဆောင်ရွက်ရာမှာ သူတို့နှစ်နိုင်ငံက သူတို့နိုင်ငံသုံး ငွေကြေးအသီးသီးနဲ့ အသုံးပြုဖို့ လုပ်ဆောင်လာတာကို တွေ့ရပါတယ်။

## တရုတ်က ရုရှားနိုင်ငံက ရောင်းချတဲ့ ရေနံပမာဏအများအပြားကို ဝယ်ယူ

ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို ထုတ်ပြရရင် လက်ရှိအချိန်မှာတရုတ်က ရုရှားနိုင်ငံက ရောင်းချတဲ့ ရေနံပမာဏအများအပြားကို ဝယ်ယူတဲ့နေရာမှာ ရုရှားနိုင်ငံသုံး ရူဘယ်ငွေကြေးတစ်ဝက်၊ တရုတ်နိုင်ငံသုံး ယွမ်ငွေကြေးတစ်ဝက်နဲ့ ဝယ်ယူဖို့ သဘောတူထားပြီးပါပြီ။ ဒါဟာ ဗဟုဝင်ရိုးဆီ ကူးပြောင်းမှုအတွက် ကနဦး ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။

❑ **ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တို့တွေ့တဲ့အခါမှာ ပထမဆုံးစပြောတဲ့စကားက မြန်မာဟာ အရှေ့တောင်အာရှမှာ ရုရှားရဲ့ယုံကြည်စိတ်ချရဆုံး မဟာမိတ်လို့ ထုတ်ဖော်ပြောလိုက်ခြင်းပါပဲ**

❑ **အဲဒီနောက် ကဏ္ဍပေါင်းစုံဆက်ဆံရေး တိုးမြှင့်ဖို့နဲ့ ထဲထဲဝင်ဝင်ဆောင်ရွက်ဖို့ အသေးစိတ်ဆွေးနွေးခဲ့ပါတယ်။ ဒါဟာ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို ဗဟိုပြုပြီး အရှေ့တောင်အာရှဒေသမှာ ဆက်ဆံဆက်သွယ်ရေး တိုးမြှင့်တော့မယ်လို့ အချက်ပြလိုက်တာပါပဲ**

*စာမျက်နှာ ၁၃ သို့*

စာမျက်နှာ ၁၂ မှ

သူတို့နှစ်ဦးရဲ့ တွေ့ဆုံမှုကို လေ့လာကြည့်ရင် ရှီကျင့်ဖျင်ဟာ သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်တဲ့ ၂၀၁၃ ခုနှစ်ကနေ လာမယ့်တွေ့ဆုံမှုမတိုင်မီအထိ ပူတင်နဲ့ တွေ့ဆုံမှုအကြိမ်ပေါင်း (၃၈) ကြိမ်အထိရှိတာကို အံ့အားသင့်ဖွယ်ရာ တွေ့ရပါတယ်။

**နှစ်နိုင်ငံအကြား အကန့်အသတ်မဲ့ ပူးပေါင်းဆောင်ရွက်မှုတစ်ခုထုတ်ပြန်ကြေညာ**

သူတို့နှစ်ဦး နောက်ဆုံးတွေ့ဆုံခဲ့တာက ဒီနှစ်ဖေဖော်ဝါရီလမှာလုပ်တဲ့ ပေကျင်းဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်မှာ ဖြစ်ပါတယ်။ အဲဒီတွေ့ဆုံမှုမှာတော့ ရှီကျင့်ဖျင်နဲ့ပူတင်တို့က သူတို့နှစ်နိုင်ငံအကြား အကန့်အသတ်မဲ့ ပူးပေါင်းဆောင်ရွက်မှုတစ်ခုကို ထုတ်ပြန်ကြေညာလိုက်ပါတယ်။

အမေရိကန်ဟာ ဥရောပဒေသကို လွှမ်းမိုးနိုင်ရေးအတွက် ရုရှားကို ထိန်းချုပ်နိုင်ဖို့ကြိုးပမ်းသလို၊ အာရှဒေသကို လွှမ်းမိုးနိုင်ရေးအတွက် တရုတ်ကို ထိန်းချုပ်နိုင်ဖို့ ကြိုးပမ်းလာချိန်မှာ ရုရှားနဲ့ တရုတ်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုက ရေတိုမှာ မသိသာပေမယ့် ရေရှည်မှာဆိုရင် အမေရိကန်ကို အထိနာသွားစေပါလိမ့်မယ်။

လက်ရှိမှာဆိုရင် အမေရိကန်က ဥရောပနဲ့ ယူကရိန်းကို ကြားခံပြီး ရုရှားအပေါ် ဘက်စုံစစ်ပွဲ အသွင်နဲ့ စစ်ဆင်နွှဲနေတာကို မြင်ရပါတယ်။

ရုရှားကလည်း သူ့ရဲ့အင်အား တောင့်တင်းခိုင်မာဖို့အတွက် အင်အားတည်ဆောက်ရာမှာ တရုတ်နိုင်ငံအပြင် အာရှဒေသမှာရှိတဲ့ နိုင်ငံအများအပြားနဲ့ ပူးပေါင်းဆောင်ရွက်လာတာကို မြင်တွေ့ရပါတယ်။

ဒါကြောင့် အခုလိုမျိုးကမ္ဘာ့ကြီးကို ဗဟုဝင်ရိုးနဲ့ လည်ပတ်စေဖို့ ကြိုးပမ်းဆောင်ရွက်နေချိန်မှာ ကမ္ဘာ့ခေါင်းဆောင်နှစ်ဦးရဲ့ တွေ့ဆုံမှုက အင်မတန်မှ အရေးကြီးတယ်လို့ ဆိုရခြင်းဖြစ်ပါတယ်။

သူတို့နှစ်ယောက်ရဲ့ တွေ့ဆုံမှုကနေထွက်ပေါ်လာမယ့်ရလဒ်က ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် အာရှဒေသမှာရှိတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကောင်းဆုံးတွေသာ ဖြစ်လာပါလိမ့်မယ်။

အခုဆိုရင် အနောက်အုပ်စုဟာ ပြိုကျလာနေပြီး ကမ္ဘာ့ကြီးရဲ့အနာဂတ်ဟာ အာရှဒေသလက်ထဲကို ရောက်လာပါပြီလို့ ပူတင်က မကြာသေးခင်က လုပ်ဆောင်ပြီးသွားတဲ့ အရှေ့ဖျား စီးပွားရေးဖိုရမ်မှာ ပြောခဲ့ပါသေးတယ်။

ပိုပြီးထူးခြားတာက ယခုလ ၇ ရက်မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့မှာ ကျင်းပသွားတဲ့ အရှေ့ဖျားစီးပွားရေးဖိုရမ် (EEF) မှာ ပြောဆိုသွားတဲ့ သမ္မတပူတင်ရဲ့ သတင်းစကားပါပဲ။

> “မြန်မာ့ခေါင်းဆောင်ရဲ့ မဟာဗျူဟာအမြင်ကြောင့် မြန်မာနိုင်ငံက ဒီလိုပြောင်းလဲမှုမှာ ထဲထဲဝင်ဝင် ပါဝင်ခွင့်ရခဲ့ပါပြီ။ ဒီလိုပါဝင်ခွင့် ရရှိမှုကနေမှတစ်ဆင့် ခေတ်၊ စနစ်ပြောင်းလဲမှုလှိုင်းကို ကျကျနနစီးပြီး ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံကြီးကို ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအပေါ် တင်ပေးနိုင်မှာဖြစ်”

**ဗိုလ်ကျစိုးမိုးလိုမှုတွေ တိုက်ဖျက်နိုင်ဖို့ ရုရှားနိုင်ငံနဲ့ မဟာမိတ်များ ပူးပေါင်းဆောင်ရွက်**

သမ္မတပူတင်အနေနဲ့ အဲဒီမှာ အဓိကထား ပြောသွားတာကိုပြန်ကြည့်ရင် အနောက်နိုင်ငံတွေအနေနဲ့ ကိုလိုနီခေတ် အတွေးအခေါ်ဟောင်းတွေဖြစ်တဲ့ ဗိုလ်ကျစိုးမိုးလိုမှုတွေအကြောင်းနဲ့ ဒါတွေကို တိုက်ဖျက်နိုင်ဖို့ ရုရှားနိုင်ငံနဲ့ မဟာမိတ်များက ဘယ်လို ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုတာတွေကို အသေးစိတ် သုံးသပ်သွားတာတွေ့ရမှာပါ။

**ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ မြန်မာ့ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တို့တွေ့တဲ့အခါမှာ ပထမဆုံးစပြောတဲ့စကားက မြန်မာဟာ အရှေ့တောင်အာရှမှာ ရုရှားရဲ့ယုံကြည်စိတ်ချရဆုံး မဟာမိတ်လို့ ထုတ်ဖော်ပြောလိုက်ခြင်းပါပဲ။**

**အဲဒီနောက် ကဏ္ဍပေါင်းစုံဆက်ဆံရေး တိုးမြှင့်ဖို့နဲ့ ထဲထဲဝင်ဝင်ဆောင်ရွက်ဖို့ အသေးစိတ်ဆွေးနွေးခဲ့ပါတယ်။ ဒါဟာ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို ဗဟိုပြုပြီး အရှေ့တောင်အာရှဒေသမှာ ဆက်ဆံဆက်သွယ်ရေး တိုးမြှင့်တော့မယ်လို့ အချက်ပြလိုက်တာပါပဲ။**

တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံအနေနဲ့ ရုရှားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာသည်ထက် ခိုင်မာအားကောင်းအောင် တိုးမြှင့်ပြီး ဗဟုဝင်ရိုးဆီပြောင်းလဲရေးအတွက် တခြားကမ္ဘာ့နိုင်ငံများနဲ့ပူးပေါင်းလုပ်ဆောင်သွားမယ်လို့ တရုတ်ပညာရှင်များက ပြောထားတာကို တွေ့ရပါတယ်။

ဒီတော့ မကြာခင်တွေ့ဆုံမယ့် ပူတင်နဲ့ ရှီကျင့်ဖျင်တို့ရဲ့ တွေ့ဆုံမှုကနေ ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာမလဲဆိုတာကို သုံးသပ်ရရင် ပထမဆုံး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာပါလိမ့်မယ်။

လက်ရှိမှာကိုပဲ ဒီနှစ်အတွင်း နှစ်နိုင်ငံကြား ကုန်သွယ်မှုက ၃၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာတာကို တွေ့ရပါတယ်။ မကြာသေးခင်ကပြီးဆုံးသွားတဲ့ အရှေ့ဖျားစီးပွားရေးဖိုရမ်မှာ နှစ်နိုင်ငံကြား သဘောတူစာချုပ်ပေါင်း ၇၉ ခုအထိ ချုပ်ဆိုနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာနဲ့ကြည့်ရင် ဘီလီယံ ၁၆၀ အထိ ရှိပါတယ်။

**ကန်ဒေါ်လာ သို့မဟုတ် ဗြိတိန်ပေါင် အသုံးပြုမှု ဖယ်ရှားသွားနိုင်ပါလိမ့်မယ်**

စီးပွားရေးကဏ္ဍမှာ အမေရိကန်ဒေါ်လာ သို့မဟုတ် ဗြိတိန်ပေါင်အသုံးပြုမှုကို ဖယ်ရှားသွားနိုင်ပါလိမ့်မယ်။ လက်ရှိ စွမ်းအင်ရောင်းဝယ်မှုမှာ ယွမ်ငွေတစ်ဝက်၊ ရူဘယ်ငွေတစ်ဝက်နဲ့ လုပ်ဆောင်နေပါပြီ။

စစ်ရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်လာပါလိမ့်မယ်။ မကြာသေးခင်ကပဲ ရုရှားနိုင်ငံမှာ နိုင်ငံစုံစစ်ရေးလေ့ကျင့်ခန်း လုပ်ဆောင်ရာ တရုတ်နိုင်ငံက ပထမဆုံးအနေနဲ့ ကြည်း၊ ရေ၊ လေတပ်ဖွဲ့တွေအားလုံး ပါဝင်ပူးပေါင်းထားတာကို တွေ့ရပါတယ်။

သူတို့နှစ်ဦး တွေ့ဆုံမှုဟာ ဗဟုဝင်ရိုးဆီကို ဦးတည်သွားတာဖြစ်တဲ့အတွက် ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်တွေမှာ အမေရိကန်နိုင်ငံကို ထည့်တွက်မှု လျော့ကျသွားပါလိမ့်မယ်။

**ပြည်တွင်းရေးဖြစ်စဉ်တွေမှာ အနောက်အုပ်စုဝင်ရောက်စွက်ဖက်မှုကို သည်းခံခဲ့ရ**

အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုဟာ နိုင်ငံတကာဆက်ဆံရေးမှာ စည်းကမ်းမရှိပါဘူး။ ကောင်ရိုးဖြစ်စဉ်အခါတုန်းက ကမ္ဘာ့ကမ္ဘာ့သားများရဲ့ ရပ်တည်ရှင်သန်မှုဟာ သူတို့အပေါ်မှာ မူတည်နေတဲ့အတွက် တခြားနိုင်ငံတွေဟာ သူတို့နိုင်ငံရဲ့ ပြည်တွင်းရေးဖြစ်စဉ်တွေမှာ အနောက်အုပ်စုရဲ့ဝင်ရောက်စွက်ဖက်မှုကို သည်းခံခဲ့ရပါတယ်။

အခုတော့ ကမ္ဘာ့ကြီးဟာ ရုရှားနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ရဲ့ ဦးဆောင်မှုနဲ့အတူ ဗဟုဝင်ရိုးဆီကို တဖြည်းဖြည်း ကူးပြောင်းလာနေပါပြီ။

ဗဟုဝင်ရိုးဆီကိုကူးပြောင်းသွားပြီးရင် အမေရိကန်နဲ့အနောက်အုပ်စုရဲ့ ကမ္ဘာ့ကြီးအပေါ်လွှမ်းမိုးမှု လျော့ကျသွားမှာဖြစ်သလို နိုင်ငံအားလုံးကလည်း တန်းတူညီမျှမှုရှိရှိနဲ့ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး အချုပ်အခြာအာဏာကို ပိုမိုပိုင်နိုင်စွာ ကျင့်သုံးလာနိုင်မှာဖြစ်ပါတယ်။

**ကောင်ရိုးကနေ ဗဟုဝင်ရိုးဆီပြောင်းလဲနိုင်ရေး အရေးကြီးတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်လာမယ်**

ဒါကြောင့် မကြာမီလုပ်ဆောင်မယ့် ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ရဲ့ တွေ့ဆုံမှုဟာ ကမ္ဘာ့ကြီးကို ကောင်ရိုးကနေ ဗဟုဝင်ရိုးဆီပြောင်းလဲနိုင်ရေးအတွက် အရေးကြီးတဲ့ ခြေလှမ်းတစ်ရပ် ဖြစ်လာမယ်လို့ဆိုရခြင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ သုံးသပ်တင်ပြလိုတာက ယနေ့ကမ္ဘာမှာ ခေတ်တွေ၊ စနစ်တွေပြောင်းလဲဖို့ စတင်လုပ်ဆောင်နေပါပြီ။ ပြောင်းလဲမယ့်ပုံစံက ကောင်ရိုးမှသည် ဗဟုဝင်ရိုးဆီသို့ ဖြစ်ပါတယ်။

ဒီနေရာမှာ **မြန်မာ့ခေါင်းဆောင်ရဲ့မဟာဗျူဟာအမြင်ကြောင့် မြန်မာနိုင်ငံက ဒီလိုပြောင်းလဲမှုမှာ ထဲထဲဝင်ဝင် ပါဝင်ခွင့်ရခဲ့ပါပြီ။ ဒီလိုပါဝင်ခွင့်ရရှိမှုကနေမှတစ်ဆင့် ခေတ်၊ စနစ်ပြောင်းလဲမှုလှိုင်းကို ကျကျနနစီးပြီး ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံကြီးကို ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းအပေါ် တင်ပေးနိုင်မှာဖြစ်ကြောင်း** ရေးသားတင်ပြလိုက်ရပါတယ်။

Ref: Global Times

## နိုင်ငံတကာသတင်း

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၆၉၃၈ ဦး စစ်ဆေးတွေ့ရှိ

**ဆိုးလ် စက်တင်ဘာ ၁၂**

တောင်ကိုရီးယား နိုင်ငံ၌ စက်တင်ဘာ ၁၁ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၆၉၃၈ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၂၄၀၄၁၀၂၅ ဦး အထိ ရှိလာပြီဖြစ်ကြောင်း တောင်ကိုရီးယား ကျန်းမာရေး အာဏာပိုင်များက စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယား နိုင်ငံ၌ အဆိုပါ ရောဂါကူးစက်ခံရမှု အရေအတွက်သည် ယခင်ရက်ကထက် မြင့်တက်လာကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် အဆိုပါကူးစက်ခံရသူများအနက် ၅၀၂ ဦးသည် ပြည်ပမှပြန် ကူးစက်မှုဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်း ပြည်ပပြန်ကူးစက်မှုအရေအတွက် စုစုပေါင်း ၆၂၀၁၀ ဦး အထိ ရှိလာပြီဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၌ ရောဂါပြင်းထန်ပြီး စိုးရိမ်ရသည့် အခြေအနေတွင် ကူးစက်ခံရသူ ၅၅၃ ဦးရှိပြီး ယခင်ရက်ကထက် ၂၂ ဦး တိုးလာကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၂၂ ဦးရှိသည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၂၇၄၉၈ ဦးအထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ



# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အစည်းအဝေးသို့ အိန္ဒိယဝန်ကြီးချုပ် မိုဒီ တက်ရောက်မည်

**နယူးဒေလီ စက်တင်ဘာ ၁၂**

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ထိပ်သီးအစည်းအဝေးသို့ အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီ တက်ရောက်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၁ ရက်တွင် အိန္ဒိယက ကြေညာခဲ့သည်။

နှစ်ရက်ကြာကျင်းပမည့် လုံခြုံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမူဘောင်အစည်းအဝေးကို ကြာသပတေးနေ့မှ စတင်ကာ ဥဇဘက်ကစ္စတန်နိုင်ငံ ဆာမာကန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရုရှားသမ္မတ ဗလာဒီမာ ပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့လည်း အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ထိပ်သီးအစည်းအဝေးပွဲပြင်ပတွင် ဝန်ကြီးချုပ်မိုဒီသည် နှစ်ဖက်တွေ့ဆုံမှုအနည်းငယ် ပြုလုပ်ဖွယ်ရှိသည်ဟု အိန္ဒိယအစိုးရက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ရေကြောင်းလှုပ်ရှားမှုများ တိုးမြှင့်လုပ်ဆောင်နေချိန်တွင် အိန္ဒိယနိုင်ငံသည် Quad အမည်ရ လေးနိုင်ငံမူဘောင်တွင် ပါဝင်နေခြင်းဖြစ်ပြီး အခြားအဖွဲ့ဝင် သုံးနိုင်ငံမှာ ဂျပန်၊ အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့ ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီ။

## ဝင်ငွေနည်းပါးသော မိသားစုဝင်များ၏ ဝန်ထုပ်ဝန်ပိုးကို ဖြေလျှော့ပေးရန် အခြေခံစားသောက်ကုန်များကို အထူးသက်သာသောနှုန်းထားများဖြင့် ဘင်္ဂလားဒေ့ရှ် ရောင်းချလျက်ရှိ

**ဒါကာ စက်တင်ဘာ ၁၂**

ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း ဈေးနှုန်းမြင့်တက်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဝင်ငွေနည်းပါးသော မိသားစုသန်းပေါင်းများစွာ၏ အခက်အခဲကို ဖြေလျှော့ပေးနိုင်ရန်အလို့ငှာ စက်တင်ဘာ ၁၁ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း အခြေခံစားသောက်ကုန် ပစ္စည်းများကို အထူးသက်သာသောနှုန်းထားများဖြင့် ရောင်းချလျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

**ဝယ်ယူခွင့်ကတ် ကိုင်ဆောင်ထားသူများသာ ဝယ်ယူရရှိမည်ဖြစ်**

ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံပိုင် ကုန်သွယ်ရေးကော်ပိုရေးရှင်း (တီစီဘီ)က သတ်မှတ်ထားသော အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူခွင့်ကတ် ကိုင်ဆောင်ထားသူများသာ အဆိုပါ ကုန်ပစ္စည်းများကို ဝယ်ယူရရှိမည်ဖြစ်ကြောင်း အစောပိုင်းကတည်းက ကြေညာထားပြီးဖြစ်သည်။

ဝယ်ယူခွင့်ကတ် ကိုင်ဆောင်ထားသူ တစ်ဦးချင်းစီသည် ဟင်းချက်ဆီ နှစ်လီတာ၊ ပဲ နှစ်ကီလိုဂရမ်၊ သကြား တစ်ကီလိုဂရမ်နှင့် ကြက်သွန်နီ နှစ်ကီလိုဂရမ်ဝယ်ယူ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**စိစစ်ရွေးချယ်ထားသော မိသားစုဝင်များထံ ရောင်းချခြင်းဖြစ်**

ဝင်ငွေနည်းပါးသော မိသားစုဝင် ၁၀ သန်း၏ ဝန်ထုပ်ဝန်ပိုးကို ဖြေလျှော့ပေးနိုင်ရန်အလို့ငှာ ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း စွမ်းအင်နှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းမြင့်မားလာမှုကြောင့် စိစစ်ရွေးချယ်ထားသော မိသားစုဝင်များထံ ထိုကဲ့သို့ သက်သာသော နှုန်းထားများဖြင့် ရောင်းချပေးရန် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



## ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဗီယက်နမ်နှင့် လာအိုနိုင်ငံသို့ အလည်အပတ်ခရီး ထွက်ခွာ

**ဖနောင်ပင် စက်တင်ဘာ ၁၂**

ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်ဟန်ဆမ်ရင်သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံတို့သို့ အလည်အပတ်ခရီးစဉ်အဖြစ် စက်တင်ဘာ ၁၂ ရက်တွင် နိုင်ငံမှ ထွက်ခွာသွားပြီ ဖြစ်ကြောင်း အမျိုးသားလွှတ်တော်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ၎င်း၏ ဗီယက်နမ်ခရီးစဉ်တွင် ဗီယက်နမ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဗောင်ဒင်ဟူနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့နောက်တွင် ၎င်းသည် စက်တင်ဘာ ၁၆ ရက်အထိ လာအိုနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး လာအိုလွှတ်တော်မှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်း၏ အဆိုပါခရီးစဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံကြား၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းအောင်တိုးချဲ့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်မှ အထွေထွေအတွင်းရေးမှူး လန်ဖန်လောင်က ပြောသည်။ **ဆင်ဟွာ**

## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၄၅၃ ဦး စစ်ဆေးတွေ့ရှိ

**စင်ကာပူ စက်တင်ဘာ ၁၂**

စင်ကာပူနိုင်ငံ၌ စက်တင်ဘာ ၁၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၄၅၃ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၈၆၁၃၉၀ အထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကူးစက်ခံသူများအနက် ၁၂၇ ဦးသည် ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ကျန် ၁၃၂၆ ဦးသည် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကိန်းဂဏန်း အချက်အလက်အရ သိရသည်။

ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၁၂၇ ဦးအနက် ၁၁၆ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန် ၁၁ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်သည်။ ထို့ပြင် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၁၃၂၆ ဦးအနက် ၁၁၈၄ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန် ၁၄၂ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ လက်ရှိတွင် ဆေးရုံတက်ရောက် ကုသမှုခံယူနေရသူ ၂၄၃ ဦးရှိပြီး ၁၀ ဦးသည် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရကြောင်း သိရသည်။

**ဆင်ဟွာ**





## တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ လှုပ်ခတ်သော ငလျင်ကြောင့် သေဆုံးသူ ၉၃ ဦးအထိ ရှိလာ

**ချန်ဒူ စက်တင်ဘာ ၁၂**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ လူဒင်ဒေသနှင့် အနီးဝန်းကျင် ဒေသများ၌ စက်တင်ဘာ ၅ ရက်က ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် သေဆုံးသူ စုစုပေါင်း ၉၃ ဦးအထိ ရှိလာပြီး ၂၅ ဦးမှာ လက်ရှိ အချိန်အထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသအာဏာပိုင်များက စက်တင်ဘာ ၁၂ ရက်တွင် ပြောသည်။

အဆိုပါ သေဆုံးသူများသည် စက်တင်ဘာ ၁၁ ရက် ညနေ ၅ နာရီအထိ ကောက်ယူရရှိသည့် စာရင်းဖြစ်ပြီး တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ၅၅ ဦး ပါဝင်ကြောင်းနှင့် ရှီမင်းအန်ဒေသမှ ၃၈ ဦး ပါဝင်ကြောင်း ကယ်ဆယ်ရေးဌာနချုပ်၏ အဆိုအရ သိရသည်။ လက်ရှိအချိန်အထိ ပျောက်ဆုံးနေဆဲသူများတွင် လူဒင်ဒေသမှ ကိုးဦး ပါဝင်ပြီး ရှီမင်းအန်ဒေသမှ ၁၆ ဦး ပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀၄ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၈ ရာခိုင်နှုန်းရှိ

### (၁၂–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၃၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၅၅,၅၇၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၇,၀၅၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၃၃၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၂) ဦးရှိပါ သည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၇–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိ၍ (၀.၁)ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ် ဆေးထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၇–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများနှင့်**
**ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံး၀ ထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၂** တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ဒေသခံပြည်သူ ၂၂၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၈၉၉၅ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် သံတွဲမြို့နယ်၌ ဒေသခံပြည်သူ ၆၃၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ဒေသခံပြည်သူ ၁၇၈၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ် ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၇၁၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၈၃၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ကျောင်းသား ကျောင်းသူ ၁၁၅၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဆီစက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များနှင့် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ အမြဲမပြတ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၂

**ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိစေရန်၊ ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်စေရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးစေရန် နိုင်ငံတော်က ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။**



ယင်းသို့ဆောင်ရွက်ပေးနိုင်ရန် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံရှိ စားသုံးဆီထုတ်လုပ်ရေးအတွက် ဆောင်ရွက်နေသည့် ဆီစက်များ အဆင့်မြှင့်တင်ရန်၊ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ရန်နှင့် ခေတ်မီစက်အသစ်များ ထပ်မံတည်ဆောက်နိုင်ရေးအတွက် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ အရင်းအနှီးများရရှိစေရန် မြန်မာနိုင်ငံဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၂-၂၀၂၃) ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို လစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အထောက်အကူပြုအဖွဲ့ လေးဖွဲ့အား ဖွဲ့စည်းထားရှိပြီး၊ အဖွဲ့အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကြိုတင်ဆွေးနွေးကြရန်နှင့် လစဉ်ပြုလုပ်သည့် အစည်းအဝေးများတွင် အထောက်အကူပြုအဖွဲ့ လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု တိုးတက်မှုများကို စဉ်ဆက်မပြတ် တင်ပြရန်ဖြစ်ကြောင်း၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့်လည်း ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် အမြဲမပြတ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင်များ၊ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များက ဆီစက်လုပ်ငန်းဖွံ့ဖြိုးမှုအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံဘဏ်များ အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအတွင်း ချည်မျှင်ရှည်ဝါတိုးချဲ့စိုက်ပျိုးရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၂



အာဟာရပြည့်ဝပြီး ဈေးနှုန်းချိုသာသော မွေးမြူရေးထွက်ကုန်များကို ပြည်သူများ ပေါပေါများများ စားသုံးနိုင်ရန် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ပြောကြားသည်။

မကွေးတိုင်း ဒေသကြီး မကွေးမြို့ မိုမိုပုဂ္ဂလိက နွားမွေးမြူရေးလုပ်ငန်းများကို စက်တင်ဘာ ၁၁ ရက်က ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ယင်းသို့ ပြောကြားခြင်း ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် အားပေး ကူညီလျက်ရှိကာ ပြည်တွင်းထုတ် နို့နှင့် နို့ထွက်ပစ္စည်းများအပါအဝင် မွေးမြူရေးကို အခြေခံသည့် ကုန်ချောထုတ် စက်မှုလုပ်ငန်းများ ကျယ်ပြန့်စွာ ပေါ်ထွန်းလာရေးကို ဦးတည် ဆောင်ရွက်လျက် ရှိကြောင်း ဒုတိယဝန်ကြီးက ဆက်လက် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေနံချောင်းမြို့နယ် ရုံးကုန်းကျေးရွာ တောင်သူ ဦးဇော်ဝ၏ ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်စိုက်ခင်းသို့ရောက်ရှိပြီး ဝါမျိုးစေ့ထုတ် အကျိုးဆောင် တောင်သူများနှင့်တွေ့ဆုံ၍ ချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးပွား စိုက်ပျိုးထုတ်လုပ်မှု အတွေ့အကြုံများ၊ ဆင့်ပွားမိဘမျိုးစေ့မှ အဆင့်ဆင့်မျိုးပွားထုတ်လုပ်သည့် မျိုးစေ့စီးဆင်းမှု မှန်ကန်ရေး၊ ထိရောက်သော မျိုးသန့်မျိုးပွားမျိုး ဖြန့်မှုလုပ်ငန်း ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ မျိုးစေ့ထုတ်တောင်သူများ အကျိုးအမြတ် သေချာစေရေးနှင့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးရာတွင် တွက်ခြေကိုက်သည့် အရည်အသွေးနှင့် အထွက်နှုန်းရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးပြီး တောင်သူများ၏ တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းပေးပြီး ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ် စိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မွေးမြူရေး အသုံးချသုတေသနနှင့် မျိုးထိန်းမျိုးပွားခြံ(သဖန်းခြံ)သို့ ရောက်ရှိပြီး မျိုးထိန်းခြင်း၊ ဆိတ်နှင့်သိုး မျိုးရင်းထိန်း မျိုးပွားခြင်း မျိုးကောင်း မျိုးသန့်ထုတ်ခြင်း၊ အသုံးချ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများ၊ မွေးမြူရေးလုပ်ငန်းနှင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် ရေရရှိရေးဆောင်ရွက်ထားရှိသည့် ကန်(၁)နှင့် ကန်(၂) ပြုပြင်နေမှုများ၊ နံ့စားပြောင်း စိုက်ခင်းများနှင့် နေပီယာ မြက်မျိုးများ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ ဒေသ သိုးမျိုး မွေးမြူထားရှိမှု ထိန်စမ်းဆိတ်မျိုးနှင့် ဘိုအာဆိတ်မျိုးများ မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာသလို GFA အသင်းသည် နိုင်ငံခြားသားကစားသမားများအပါအဝင် လက်ရွေးစင်ဟောင်းနှင့် လူငယ်လက်ရွေးစင်ဟောင်းများကို အသုံးပြုခဲ့သည်။ အမှတ်လိုနေသည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်သောကြောင့် နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဦးစားပေးကစားခဲ့ပြီး ၂၃ မိနစ်တွင် ခင်ကျော်ဝင်းက အား/ကာသိပ္ပံ အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ သို့သော် ၃၁ မိနစ်တွင် မောင်မောင်စိုးက GFA အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာပြိုင်ဆိုင်မှု ပြင်းထန်လာပြီး ၃၄ မိနစ်တွင် နှစ်ဖက်ကစားသမားများ ကစားပုံကြမ်းတမ်းရာမှတစ်ဆင့် GFA နောက်ခံလူ သက်လွင်ဝင်း အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၈၆ မိနစ်တွင် အေးချမ်းသာနှင့် မိနစ် ၉၀ တွင် ခင်ကျော်ဝင်းတို့က သွင်းယူခဲ့သည်။ ပွဲစဉ် (၁၁) လက်ကျန်ပွဲများအဖြစ် စက်တင်ဘာ ၁၄ ရက်တွင် ရောဝတီနှင့် ရတနာပုံ၊ စက်တင်ဘာ ၁၅ ရက်တွင် မြဝတီနှင့် မဟာယူနိုက်တက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ – MNL**




၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

ပြည့်ဝဆီများကို
တတ်နိုင်သမျှ
လျှော့စား၍
အသွင်ပြောင်း
ဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ပါ

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေးအရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။

## ညောင်ဦးခရိုင်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ၆၁၁၅၅၃ ဦး ထိုးနှံပေးပြီးဖြစ်

**ညောင်ဦး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ပြည်သူများ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးပေးနိုင်မှုအခြေအနေ စက်တင်ဘာ ၁၁ ရက်အထိ ၆၁၁၅၅၃ ဦး ထိုးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံက သိရသည်။

ခရိုင်အတွင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးနိုင်ရန် ကျောက်ပန်းတောင်းမြို့နယ်၊ ညောင်ဦးမြို့နယ်တို့တွင် သတ်မှတ်စုရပ်နေရာများ၌ ကိုဗစ်ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ညောင်ဦးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာ ကွယ်ဆေးထိုးပြီးသူ ၂၈၇၆၆၅ ဦး ထိုးနှံပေးပြီးဖြစ်ကာ ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးနိုင်မှု ၃၂၃၈၈၈ ဦး ထိုးပေးနိုင်ခဲ့ပြီဖြစ်သည်။ ညောင်ဦးခရိုင်တွင် ကိုဗစ်ရောဂါကာကွယ်ဆေး ၆၁၁၅၅၃ ဦး ထိုးပေးနိုင်ပြီဖြစ်ကြောင်း၊ ဝေးလံသည့်ဒေသများနှင့် လာရောက် ဆေးထိုးရန် မလွယ်ကူသည့် နေရာဒေသများသို့လည်း နယ်လှည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးအဖွဲ့များဖြင့် သွားရောက်ထိုးနှံပေးလျက်ရှိကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်ထံမှ သိရသည်။



ခရိုင် (ပြန်/ဆက်)

## ဟိုပန်မြို့ မြို့မဈေး၌ ဈေးသွားဈေးဝယ်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ဟိုပန် စက်တင်ဘာ ၁၂**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ဟိုပန်မြို့ မြို့မဈေး၌ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်တို့ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့မဈေးသို့ လာရောက်သော ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးပေးခြင်း၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခြင်း၊ ဈေးအတွင်း ဈေးရောင်းချလျက်ရှိသော ဈေးဆိုင်များသို့ လှည့်လည်၍ နှာခေါင်းစည်းများ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယနေ့တွင်ဟိုပန်မြို့မဈေးအတွင်းဈေးသွားဈေးပြန်ပြည်သူများနှင့် ဈေးရောင်းချသူများကို နှာခေါင်းစည်းအခု ၁၀၀၀ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ဆင်ပေါင်ဝဲမြို့နယ်၌ နှာခေါင်းစည်းကမ်ပိန်းဆောင်ရွက်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ခရီးသွားပြည်သူများအား နေအိမ်ပြင်ပထွက်တိုင်း နှာခေါင်းစည်းများ မဖြစ်မနေ တပ်ဆင်သွားလာရေး



အသိပညာပေး နှာခေါင်းစည်းကမ်ပိန်းကို ပြည်သူများ ရောဂါကူးစက်မှု မခံရစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့မဈေးနှင့် လူစည်ကားရာ နေရာများတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ပြန်/ဆက် ဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့တို့က ဈေးဝယ်ဈေးရောင်းသူများ၊ လမ်းသွားလမ်းလာပြည်သူများအား စနစ်တကျ နှာခေါင်းစည်းများ တပ်ဆင်သွားလာရေး အသိပညာပေး နှိုးဆော်ဆောင်ရွက်ခဲ့ပြီး နှာခေါင်းစည်းများကို ပြည်သူများအား ကိုယ်တိုင်ကိုယ်ကျတပ်ဆင်ပေးပြီး အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

### ရွှေကျင်

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် စက်တင်ဘာ ၁၂ ရက်က လူစည်ကားရာနေရာများတွင် နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရွှေကျင်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းကာ နှာခေါင်းစည်းအခု ၃၅၀၀ ကို လူစည်ကားရာနေရာများဖြစ်သော မြို့အဝင်နှင့် စည်ပင်သာယာရုံးရှေ့တို့တွင် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ ဆက်)



### ကော့ကရိတ်

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လူစည်ကားရာနေရာတို့တွင် သွားလာကြသည့် ပြည်သူ့များအား နှာခေါင်းစည်း တပ်ဆင်၍ သွားလာကြရေးအတွက် နှာခေါင်းစည်းများကို အခမဲ့ ဖြန့်ဝေပေးလျက်ရှိရာ စက်တင်ဘာ ၁၂ရက် က အမှတ်(၅) ရပ်ကွက် ဇိနသုခဘုရားရှေ့လမ်းမကြီး၌ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနဝန်ထမ်းများ၊မြို့နယ်ကြက်ခြေနီအသင်းတပ်ဖွဲ့ဝင်တို့က သွားလာနေကြသည့် ပြည်သူများအား နှာခေါင်းစည်းတပ်ဆင်၍ သွားလာရေး အသိပေးနှိုးဆော်ပြီး နှာခေါင်းစည်းများကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ ဆက်)





လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်နေ ထက်နိုင်လင်း (ခ) ဖိုးထက်သည် ၎င်းအသုံးပြုသည့် “Htet Naing Linn (Ko Phoe Htet)” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၄) ရပ်ကွက်နေ နေလှိုင်းထက် (ခ) ဆာမဲနှင့် နှင်းဝတ်ရည်ထွန်းတို့သည် ၎င်းတို့အသုံးပြုသည့် “Nay Hlaing Htet” Facebook အကောင့်၊ “Hinn Wut Ye Htun” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ ထိန်းချုပ်ဓာတုပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဝေါမြို့နယ် ညောင်ခါးရှည်လမ်းဆုံအနီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ X-ray Station (ညောင်ခါးရှည်) မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်တွင် ရော်ဘာထင်းချောင်းများဖြင့် ဖုံးအုပ်တင်ဆောင်လာသော ထိန်းချုပ် ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် ၈,၂၅၀ ကီလိုဂရမ်အား ဖမ်းဆီးရမိခဲ့သဖြင့် ကွင်းဆက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်ဘူတာကြီး ထပ်မံ၍ အမိုနီယမ်နိုက်ထရိတ် ၇၄၃၅၀ ကီလိုဂရမ်၊ စုစုပေါင်း အမိုနီယမ်နိုက်ထရိတ် ၈၂၆၀၀ ကီလိုဂရမ်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၉၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၅၉၁၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးရုံးမှ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီး ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီနှင့် အချိုရည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၈၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၈၈၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တောင်ကြီးမြို့မှ မန္တလေးမြို့သို့ ဝင်ရောက်လာသော ယာဉ်များတွင် တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ သယ်ဆောင်နေကြောင်း သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း ထုံးဘိုလမ်းခွဲအနီးတွင် မော်တော်ယာဉ်နှစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၃၅၈၀၀၀) နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၅၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၈၅၈၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။




ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၄၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၆၄၆၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၁၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နောင်နွန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တာချီလိတ်မှ ကျိုင်းတုံသို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် စားသုံးဆီ ၁၆၅ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan Vanette အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက် ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင် နတ်မောက်မြို့နယ် စိုင်ကောင်းကြိုးဝိုင်းအတွင်း တရားမဝင်သစ်မျိုးစုံ ၀ ဒသမ ၆၉၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၆၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၇ ရက်၊ ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၅၉၉၇၆၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

(ဘ) ဦးဖေထွေး ပိုင်ဆိုင်သည့် “သိန်းတရာ” ရွှေဆိုင်သို့ သေနတ်များ ကိုယ်စီကိုင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အားလေးဦးခန့်က CRV အမျိုးအစား အနက်ရောင် မော်တော်ယာဉ်ဖြင့်ရောက်ရှိလာပြီး ဆိုင်အတွင်းရှိနေသည့် ဦးချစ်လှိုင်၏သမီးဖြစ်သူ (၅၀) နှစ်နှင့် ဆိုင်ဝန်ထမ်းများဖြစ်ကြသည့် ဘုရားကြီးရပ်ကွက်နေ မနုနုယဉ် (၃၄) နှစ် (ဘ) ဦးအောင်မိုး၊ ကန်သာဦးရပ်ကွက်နေ မစန္ဒီလေးအောင် (၂၇) နှစ် (ဘ) ဦးလေးအောင်၊ သလ္လာရပ်ကွက်နေ မဖြိုးမွန်ငြိမ်း (၃၂) နှစ် (ဘ) ဦးငြိမ်းမောင်၊ နန္ဒဝန်ရပ်ကွက်နေ ဦးတင်ထွန်း (၅၃) နှစ် (ဘ) ဦးအောင်တို့အား သေနတ်ပြခြိမ်းခြောက်၍ မနော်ထူးအား ရွှေထည်ပစ္စည်းများ သိမ်းဆည်းထားသည့် အခန်းကို ဖွင့်ခိုင်းကာ အသင့်ယူဆောင်လာသည့် လက်ဆွဲအိတ်နှစ်လုံးအတွင်းသို့ ရွှေလက်ကောက်နှင့် ရွှေဆွဲကြိုးမျိုးစုံ (စိစစ်ဆဲ) ကိုထည့်၍ လုယက်ယူဆောင်ကာ အမှတ် (၁) အခြေခံပညာ အထက်တန်း ကျောင်းလမ်းမှတစ်ဆင့် ဘုရားနီလမ်းဘက်သို့ ၎င်းတို့မောင်းနှင်လာသည့် မော်တော်ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ရွှေဆိုင်အတွင်း ဝင်ရောက်ကာ သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားခဲ့သူ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တောင်ကြီးမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၌ စက်တင်ဘာ ၁၀ ရက် ညနေ ၄ နာရီခွဲတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ရေဝတီလမ်းဆုံမီးပွိုင့်၌ စည်းကမ်းမဲ့မောင်းနှင်လာသည့် YGN 4N/.... Wish ယာဉ်ကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်မောင်းဖြစ်သူမှာ ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာနေ ခွန်ရှိန်းထက်အောင် (၂၅) နှစ်ဖြစ်ပြီး လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်းသိရှိ၍ ၎င်းအား တောင်ကြီးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၉-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** စစ်မီးငြိမ်းချိန်တန်ပါပြီ
**၀၉:၁၀** ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
**၀၉:၄၅** Sports Diary
**၁၀:၀၀** သတင်းထဲကသတင်း
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါဏ်ဒါဏ်အချစ်ချိုချို' (အပိုင်း-၇)
**၁၃:၃၀** MRTV National News
**၁၆:၃၀** အချိုးကျကိုယ်စားပြုစနစ် Proportional Representation System PR အကြောင်းသိကောင်းစရာ
**၁၇:၁၅** မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များ
**၁၇:၃၀** စည်းလုံးကာရှင်မြူးလို့နွှဲကြသည့်ပွဲ အာခါရိုးရာစုပေါင်းဒန်းစီးပွဲ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့ လွင့်ပျံ့အမှုန်း' (အပိုင်း-၁၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၂၄)

**mitv**

**07:01** MyittaPhyanMhaLennSenn Mal (ThidaTheint)
**07:08** Myanmar Big Circular Tray
**07:25** Don Min Artist
**07:46** Daingnak Style
**08:01** News
**08:27** Asia Updates: Racing against the Coronavirus (Epi-2) (P-2) For a Shared Future
**09:47** Great Shwedagon - Nine Wonders Around The Platform Of Shwedagon Pagoda
**09:01** Chef Life- KyiSoe
**09:11** Children's Delight: The Ants and the Lazy Grasshopper
**09:27** Discovering Tribes: Myaung Zee (or) Hmong: their life and customs

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဲ့ဘဲတွင်းမြိန်စေမယ့် ဒေါ်လေးရဲ့လက်ရာ
**ချင်း (လိုင်ဇို) (၀၇:၀၀ မှ ၀၈:၀၀)**
သင်မယ်၊ ရေးမယ်တို့ချင်းစာ(အပိုင်း-၂၄)
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်း(ချိုး)ရိုးရာဝတ်စားဆင်ယင်မှုများနှင့်အဓိပ္ပာယ်များ
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဓလေ့ရိုးရာလက်မှုပညာ မွန်ရိုးရာလက်ရက်ကန်း
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ထပ်အိမ်ဂူမှလင်းလက်လာမည့်ကြယ်လေးများ
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဝါးကြက်သားမီးကင်ပြုလုပ်နည်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ကချင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့စံပျော်ရာတောင်ပေါ်ဒေသ
**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဘွဲ့ကရင်တိုင်းရင်းသားတို့ထိန်းသိမ်းထားသော ရိုးရာတူရိယာများ
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တိုင်းရေရဲ့ ထင်ရှားကျော်ကြားဒေသများ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှုန်ကဏ္ဍ
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငပေငွေရွေးချယ်မှု'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** ရတနာတန်းဝင်ရွှေကျွန်းပင်
**၀၆:၅၀** တောင်သူဘဝတိုးတက်ရေး FAO ကကူညီပေး
**၀၇:၁၅** တောင်သူ့ဘဝ သုတကဏ္ဍ
**၀၈:၅၀** ကညွတ်စိုက်ပျိုးဝင်ငွေတိုး
**၀၉:၂၀** မျိုးကောင်းမျိုးသန့်များထုတ်လုပ်ရေး ပိုင်းဝန်းဆောင်ရွက်ပေး

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/Weekly Sports Info
Sports Diary/Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဒလန်အကြောင်းပြစားပြတိုက်သူများ"** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မော်လမြိုင်မြို့မှ လူနာပို့ဆောင်ပြီး ရေးမြို့သို့ပြန်လာသည့် လူမှုကူညီရေး ယာဉ်တစ်စီးအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၇၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်သည်။ **သတင်းစဉ်**

# တောင်ကြီးမြို့နယ် သမဝါယမအသင်းစုက မြေပဲဆီသန့်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ

**တောင်ကြီး စက်တင်ဘာ ၁၂**

ဒေသတွင်း စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် သမဝါယမကဏ္ဍက တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် သမဝါယမအသင်းစုက အေးသာယာ စက်မှုဇုန်ရှိ အသင်းစုပိုင် ဂိုဒေါင်တွင် အရည်အသွေးပြည့်မီသော မြေပဲဆန်များကိုဝယ်ယူ၍ အသင်းစုပိုင် ဆီစက်မှ မြေပဲဆီကိုသာ အဓိကထား ထုတ်လုပ်လျက်ရှိသည်။

တောင်ကြီးမြို့နယ် သမဝါယမအသင်းစုပိုင် ဆီစက်မှ တစ်နေ့လျှင် မြေပဲဆီသန့် ပိဿာချိန် ၄၀ ခန့် ထုတ်လုပ်ပြီး ရရှိလာသော မြေပဲဆီသန့်များကို ရှမ်းပြည်နယ်အတွင်းရှိ သမဝါယမအသင်းအဆင့်ဆင့်မှ အသင်းသားပြည်သူများသို့ လက်လီလက်ကားစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၉ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၀၆၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၁၇၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၁၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၂၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၉၉၀ ကျပ် | ၃၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၀၇၅ ကျပ် | ၂၁၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၆၅ ကျပ် | ၂၄၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၇၀ ကျပ် | ၂၅၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၃၁ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၀၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၇ . ၇၄၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၇၁ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၆ . ၃၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၃ . ၁၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၄၀၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၈၀၀ | ၂၁၀၅ | ၂၀၆၀၃၁၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၉၅၀၂ | ၃၂၄၈၈၇၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၄၂ | ၃၃၁၈၀၀ |
| FPB | ၂၁၀၀၀ | ၂၁၀၀၀ | ၆၁၇ | ၁၂၉၅၇၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၄၀၀၀ | ၁၁၂၀၀၀၀၀ |
| EFR | ၂၇၀၀ | ၂၈၀၀ | ၆၇ | ၁၈၁၆၀၀ |
| AHP | ၅၅၀၀ | ၅၅၀၀ | ၁၀ | ၅၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

**မြန်မာနိုင်ငံမြောက်ဖျားရှိ ကချင်ပြည်နယ်သည် တောတောင်အလှသဘာဝပတ်ဝန်းကျင်များဖြင့် သာမောဖွယ်ရာဒေသအဖြစ် တည်ရှိနေသည်။ တောတောင်စိမ့်စမ်း၊ မြစ်ရေအလျဉ်တို့ဖြင့် စိမ်းစိုသာယာကာ သဘာဝဂေဟစနစ်ဖြင့် ဖွဲ့တည်နေသော အဆိုပါဒေသတွင် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားကြသည်မှာလည်း လောကနိယာမ တစ်ရပ်ပင် ဖြစ်ပေသည်။**

သိန်းညွန့်(PZL)

# သဘာဝတောတောင်အလှ ခြယ်သထားသည့်....
# "ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော"



ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းနှင့် ရှင်ဗွေယန်မြို့နယ်တို့အကြား စတုရန်းမိုင် ၂၄၆၀ ရှိကာ အမြင့်ပေ ၁၀၀၀၀ ကျော်ရှိ တောင်တန်း၊ တောင်သွယ်အဖုံဖုံတို့ဖြင့် ဝန်းရံနေသော **"ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော"** သည် ကျား၊ အာရှဆင်၊ ကျားသစ် အပါအဝင် နို့တိုက်သတ္တဝါ ၅၁ မျိုးနေထိုင်ကျက်စားရာ ဘေးမဲ့တော ဖြစ်သည်။

### ကျားများကို အချိန်မီ ထိန်းသိမ်းကာကွယ်

ရည်ရွယ်ချက် ခြောက်ရပ်ဖြင့် ဖော်ဆောင်နေသော အဆိုပါဘေးမဲ့တောသည် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး အခြေအနေဖြစ်သည့် **"ကျား"** များကို အချိန်မီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ၎င်းတို့နေထိုင်ကျက်စားရာဒေသများအဖြစ် ထိန်းသိမ်းရန်အတွက် ရည်ရွယ်ရင်းပင်ဖြစ်သည်။

### သဘာဝအခြေခံ ခရီးသွားလုပ်ငန်း

ချင်းတွင်းမြစ် မြစ်ဖျားခံရာ ရေဝေရေလဲဒေသဖြစ်၍ သဘာဝပတ်ဝန်းကျင်နှင့် ဘူမိရုပ်သွင်တို့ကို ထိန်းသိမ်းရန်အတွက်လည်း ဤဘေးမဲ့တောသည် အရေးပါလျက်ရှိနေသည်။

ထိုမျှမက နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အထောက်အပံ့ဖြစ်စေသော "သဘာဝအခြေခံ ခရီးသွားလုပ်ငန်း" ဖွံ့ဖြိုးရေးအတွက်ပါ အကျိုးဝင်သော စီမံချက်လည်းဖြစ်သည်။

### တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်

လွန်ခဲ့သော ၁၉၉၈ ခုနှစ်မှ အစပြုကာ ၂၀၀၃ ခုနှစ်အထိ ပြည်တွင်းနှင့် ပြည်ပ ပညာရှင်များ ပူးပေါင်းကွင်းဆင်းခဲ့သော ဇီဝဗေဒလေ့လာရေး အစီအစဉ်အရ အဆိုပြုတင်ပြချက်၏ ရလဒ်တစ်ခု အဖြစ် "ဟူးကောင်းချိုင့်ဝှမ်း **တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော"** ဟူ၍ ၂၀၀၄ ခုနှစ်က သတ်မှတ်ခဲ့သည်။

တစ်ဖန် သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS Myanmar) တို့ ပူးပေါင်း ရွက်ဆောင်တင်ပြချက်အရ ၂၀၁၀ ပြည့်နှစ်၌ **"ဟူးကောင်းချိုင့်ဝှမ်း(တိုးချဲ့) တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော"** အဖြစ် တိုးချဲ့သတ်မှတ်ခဲ့ကြောင်း သိမှတ်ရပေသည်။

အဆိုပါ ဘေးမဲ့တော၏ ပတ်ဝန်းကျင် အခင်းအကျင်းကို လေ့လာစေ့ငုကြည့်ပါလျှင် အရှေ့ဘက်တွင် ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့၏ မြစ်လက်တက်များ စတင်မြစ်ဖျားခံရာ ကူမွန် တောင်တန်းကြီးကို မြင်တွေ့နိုင်သည်။

အနောက်ဘက်နှင့် မြောက်ဘက်တို့တွင်ကား ဖြဟ္မပုတ္တရမြစ်နှင့် ချင်းတွင်းမြစ် တို့မြစ်ဖျားခံသည့် ပတ်ကွိုင် တောင်တန်းကို ရှုစားနိုင်ပေသည်။



### တနိုင်းမြစ်ကို ဖြစ်ပေါ်စေ

တောင်ဘက်တွင်မူ တောင်ကုန်းနိမ့်အချို့ရှိနေပြီး အလယ်ဗဟိုတွင် ပြန့်ပြူး ကျယ်ပြောလှသော လွင်ပြင်ကျယ်နှင့် အရှေ့နှင့် အနောက်ဘက်တို့ရှိ ရေဝေတောင်တန်းမှတစ်ဆင့် ချောင်းအသွယ်သွယ်တို့က လွင်ပြင်၏ အလယ်ကြောမှ စီးဆင်း ပေါင်းဆုံကြကာ ချင်းတွင်းမြစ်၏ အကြီးဆုံး မြစ်လက်တက်ဖြစ်သည့် **"တနိုင်းမြစ်"** ကို ဖြစ်ပေါ်စေခဲ့ပေသည်။

### သစ်ခွနှင့် ပရဆေးမျိုးစိတ် ၂၀ ရှင်သန်ပေါက်ရောက်

ကညင်၊ တောင်သရက်၊ သစ်အယ်၊ သစ်ချ၊ ချယ်ရီရိုင်း စသော သစ်မျိုး ၃၇ မျိုးကို ဘေးမဲ့တောအတွင်း မြင်တွေ့နိုင်မည်ဖြစ်ပြီး ဝါး၊ ကြိမ်၊ သစ်ခွနှင့် ပရဆေးမျိုးစိတ် ၂၀ ရှင်သန်ပေါက်ရောက်နေခြင်းကလည်း ဘေးမဲ့တော၏ ထူးခြားချက်တစ်ရပ်ပင် ဖြစ်သည်။

**"ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော"** သည် တောင်တန်း၊ သစ်တော၊ မြက်ခင်း စသည့်ဇီဝပထဝီ အနေအထား ဖြစ်တည်နေခြင်းဖြင့် အပူလျှော့ စိုစွတ်အမြဲစိမ်းတော၊ အမြဲစိမ်းတောနှင့် တောင်ပေါ်တောစိမ်းများ လွှမ်းခြုံထားသည့် သာယာကြည်မွေ့သော တောတောင်အလှရှုခင်းများဖြင့် စုဖွဲ့ဖြစ်တည်နေသည်။

### ရှုကြည့်ခံစား သုတေသနပြု

ဤသို့အားဖြင့် သဘာဝရှုခင်း တောတောင်၊ တောရိုင်းတိရစ္ဆာန်များနှင့် ချောင်းလက်တက် အသွယ်သွယ်၌ လှေစုန်စီးခြင်း၊ တောတွင်းဆင်စီး၍ ရက်ရှည်ခရီးသွားခြင်းများ ဆောင်ရွက်နိုင်သော ရှုကြည့်ခံစားဖွယ်၊ လေ့လာ သုတေသနပြုဖွယ် အဖုံဖုံတို့ဖြင့် ပြည့်စုံနေသည့် မြန်မာ့အလှတန်ဆောင် ရပ်ဝန်းဒေသတစ်ခုအဖြစ် ခရီးသွားဧည့်သည်များအား ဆွဲဆောင်ဖမ်းစားနိုင်မည့် ဘေးမဲ့တောတစ်ခု ဖြစ်ပါကြောင်း စေ့ငုတင်ပြလိုက်ရပါသည်။ ။

**မြန်မာနိုင်ငံမြောက်ဖျားရှိ ကချင်ပြည်နယ်သည် တောတောင်အလှသဘာဝပတ်ဝန်းကျင်များဖြင့် သာမောဖွယ်ရာဒေသအဖြစ် တည်ရှိနေသည်။ တောတောင်စိမ့်စမ်း၊ မြစ်ရေအလျဉ်တို့ဖြင့် စိမ်းစိုသာယာကာ သဘာဝဂေဟစနစ်ဖြင့် ဖွဲ့တည်နေသော အဆိုပါဒေသတွင် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားကြသည်မှာလည်း လောကနိယာမ တစ်ရပ်ပင် ဖြစ်ပေသည်။ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းနှင့် ရှင်ဗွေယန်မြို့နယ်တို့အကြား စတုရန်းမိုင် ၂၄၆၀ မိုင်ရှိကာ အမြင့်ပေ ၁၀၀၀၀ ကျော်ရှိ တောင်တန်း၊ တောင်သွယ်အဖုံဖုံတို့ဖြင့် ဝန်းရံနေသော "ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော" သည် ကျား၊ အာရှဆင်၊ ကျားသစ် အပါအဝင် နို့တိုက်သတ္တဝါ ၅၁ မျိုးနေထိုင်ကျက်စားရာ ဘေးမဲ့တော ဖြစ်သည်**







# အာရှတစ်လွှား ကျားကောင်ရေ

# ၃၇၂၆ ကောင်မှ ၅၅၇၈ ကောင် တိုးတက်

မြန်လင်းမောင်

**အာရှတစ်လွှား တောတောင်များနှင့် ရွှံ့နွံများအတွင်း၌ ကျားကောင်ရေ ၅၅၀၀ ခန့် ရှိနေပြီဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (IUCN)က ဇူလိုင်လအတွင်း ထုတ်ပြန်ခဲ့ပြီး ၎င်း၏ ၂၀၁၅ ခုနှစ် အကဲဖြတ်မှုထက် ၄၀ ရာခိုင်နှုန်း ခုန်တက်သွားခဲ့ကြောင်း သိရသည်။**

IUCN ၏ အဆိုအရ ယနေ့ တောရိုင်းထဲတွင် ကျားကောင်ရေ ၃၇၂၆ ကောင်မှ ၅၅၇၈ ကောင် ရှိနေပြီဖြစ်ကြောင်း ကမ္ဘာ့ကျားထိန်းသိမ်းရေးနေ့မတိုင်မီထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ခန့်မှန်းကျားကောင်ရေ စာရင်းတွင် ဖော်ပြထားသည်။

**ကမ္ဘာပေါ်တွင် ကျားမျိုးစိတ်စုစုပေါင်း ကိုးမျိုးရှိခဲ့**

ကမ္ဘာပေါ်တွင် ကျားမျိုးစိတ်စုစုပေါင်း ကိုးမျိုးရှိခဲ့ပြီး လက်ရှိတွင် သဘာဝတောထဲ၌ ကျား မျိုးစိတ် ငါးမျိုးသာ ကျန်ရှိတော့သည်။ ယခုအချိန်တွင် ကျားကျက်စားရာနိုင်ငံ ၁၃ နိုင်ငံသာရှိပြီး ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ နီပေါ၊ ရုရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည်။ မြန်မာနိုင်ငံသည် သဘာဝကျားများ ပြန်လည်ကျက်စားနိုင်ရန် ကတိကဝတ်ထားရှိကြသော ကျားကျက်စားရာ နိုင်ငံများတွင်ပါဝင်ပြီး နိုင်ငံတွင်း ကျားရှိနိုင်သော နေရင်းဒေသများသည် ၄၉၀၀၀ စတုရန်းကီလိုမီတာ (နိုင်ငံဧရိယာ၏ ၇ရာခိုင်နှုန်း) ကျယ်ဝန်း၍ ကျားအများဆုံး ကျက်စားနိုင်သည့် နေရာဒေသကြီး လေးခုရှိကြောင်း သိရသည်။ နိုင်ငံတော်အဆင့် ကျားစာရင်းကောက်ယူခြင်းအရ နေရာသုံးခုဖြစ်သော ဟူးကောင်းချိုင့်ဝှမ်း ဘေးမဲ့တော၊ ထမံသီဘေးမဲ့တောနှင့် တနင်္သာရီတောင်တန်းများဖြစ်ပြီး ယင်းနေရာတို့တွင် ကင်မရာထောင်ချောက်များသုံး၍ လက်ရှိအချိန်ထိ ကျားများနေထိုင် ကျက်စားလျက်ရှိနေသေးကြောင်း သက်သေပြနိုင်ခဲ့ပြီးဖြစ်သည်။

**မြန်မာနိုင်ငံသည် သဘာဝကျားများ ပြန်လည်ကျက်စားနိုင်ရန် ကတိကဝတ်ထားရှိကြသော ကျားကျက်စားရာနိုင်ငံများတွင် ပါဝင်ပြီး နိုင်ငံတွင်း ကျားရှိနိုင်သော နေရင်းဒေသများသည် ၄၉၀၀၀ စတုရန်းကီလိုမီတာ (နိုင်ငံဧရိယာ၏ ၇ ရာခိုင်နှုန်း) ကျယ်ဝန်း၍ ကျားအများဆုံး ကျက်စားနိုင်သည့် နေရာဒေသကြီး လေးခုရှိကြောင်း သိရသည်**

၂၀၁၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ ကျားကောင်ရေ ခန့်မှန်းချက်ကို ၈၅ ကောင်ဟု သတ်မှတ်ခဲ့ပြီး ကင်မရာထောင်ချောက်ဖြင့် မှတ်တမ်းတင် လေ့လာမှုများအရ ကျားကောင်ရေ ၂၂ ကောင်မှ ၂၅ ကောင်အထိ တိုးလာကြောင်း၊ ကျားအစားခံ သတ္တဝါများလည်း ပေါများမှုရှိလာကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အတည်ပြုထားသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျားကောင်ရေ အတိအကျကို စနစ်တကျခန့်မှန်းနိုင်ရန် လိုအပ်လျက်ရှိနေသေးသော်လည်း ကမ္ဘာ့ဘဏ်၏ လေ့လာခန့်မှန်းမှုများအရ မြန်မာနိုင်ငံတွင် ကျားကောင်ရေ ၃၅ ကောင်မှ ၇၀ အထိ ရှိနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်းက ကျင်းပခဲ့သည့် ကျားထိန်းသိမ်းရေးဆိုင်ရာ အစည်းအဝေးတွင် ပြောကြားထားသည်။

၂၀၂၂ ခုနှစ်ကုန်တွင် ကျားများကျက်စားသည့်နိုင်ငံ ၁၃ နိုင်ငံတွင် သဘာဝကျားကောင်ရေ ၆၀၀၀ အထိ နှစ်ဆတိုးပွားရေး ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံကလည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကျားများကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ (၂၀၁၈) အရလုံးဝ ကာကွယ်ပေးထားသည်။

ကမ္ဘာပေါ်ရှိ ကျားကောင်ရေ၏ ၉၅ရာခိုင်နှုန်းခန့်သည် ၂၀ ရာစု အစမှာပင် မျိုးသုဉ်းပျောက်ကွယ်သွား ခဲ့ပြီးဖြစ်သည်။ ကမ္ဘာ့ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (WWF) ၏အဆိုအရ ကမ္ဘာ့ကျားကောင်ရေ၏ ၆၀ ရာခိုင်နှုန်းနီးပါးသည် အိန္ဒိယနိုင်ငံတွင် ကျက်စားလျက်ရှိကြောင်း သိရသည်။ ကျားများ ကျက်စားရာနိုင်ငံအများစုသည် ကျားအရေအတွက် နှစ်ဆတိုးရန် ရုန်းကန်နေရသော်လည်း အိန္ဒိယအနေဖြင့် ၂၀၀၆ ခုနှစ်တွင် ကျား ၁၄၁၁ ကောင်ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၂၂၂၆ ကောင်နှင့် ၂၀၁၈ ခုနှစ်တွင် ကောက်ယူခဲ့သည့် ကျားကောင်ရေစာရင်းအရ ၂၉၆၇ ကောင်အထိ တစ်နှစ်လျှင် ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

**ကျားကောင်ရေ တဖြည်းဖြည်း ကျဆင်းလာ**

ကမ္ဘာပေါ်ရှိ ကျားကောင်ရေ ကျဆင်းရလာသည့် အဓိကအကြောင်းရင်းများမှာ (၁) ကျားများ နေထိုင်သော နေရင်းဒေသ သစ်တောများ ဆုံးရှုံးခြင်း၊ (၂) တရားမဝင်ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် ၎င်းတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများအား ရောင်းဝယ်ဖောက်ကားခြင်းနှင့် (၃) ကျားအစားခံသတ္တဝါများကို အလွန်အကျွံအမဲလိုက်ခြင်းတို့ကြောင့် ကျားကောင်ရေ တဖြည်းဖြည်း ကျဆင်းလာခဲ့သည်။




တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (WWF)၏အဆိုအရ တရားမဝင် တောရိုင်းတိရစ္ဆာန် ကုန်သွယ်သူများထံမှ နှစ်စဉ် ပျမ်းမျှ ကျား ၁၂၄ ကောင်၏ အရေခွံနှင့် အစိတ်အပိုင်းများကို နိုင်ငံတကာရာဇဝတ်မှုကွန်ရက်များက ဖမ်းဆီးရမိလျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် နောင်အနာဂတ်ကာလ ရှည်ကြာသည်အထိ ရှင်သန်နိုင်မည့် လုံလောက်သော သဘာဝကျား ကောင်ရေများရှိနေရန် ကျားများသတ်ဖြတ်မှုနှင့် ကျား၏အစိတ်အပိုင်းများ ရောင်းဝယ်ဖောက်ကားမှုကို တားဆီးပိတ်ပင်နိုင်ရန် လိုအပ်လျက်ရှိသည်။ ကျားထိန်းသိမ်းရေးလုပ်ငန်းများကို ကျားများရှင်သန်ကျက်စားရာ နိုင်ငံများအနေဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းမရှိပါက လာမည့်နှစ်အနည်းငယ်အတွင်းကျားများ ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားနိုင်သောကြောင့် ပညာရှင်များကလွန်စွာ စိုးရိမ်လျက်ရှိသည်။

ထို့ကြောင့် သဘာဝကျားကောင်ရေများ ပြန်လည်တိုးပွားလာပြီး ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ရာတွင် ပိုမိုအားကောင်းစေရန် ဒေသခံပြည်သူများနှင့် ဆက်စပ်ပတ်သက်သူများ အားလုံးမှ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ကြစေရန် တိုက်တွန်းအပ်ပါသည်။

**ကိုးကား –**

**World Wildlife Day 2022: Tiger conservation, and the Tx2 project**



# “ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်ခြင်း”



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး



ပိဋကတ်ကျောက်စာဓမ္မစေတီတော်

(ကျောက်စာချပ်- အလျား၄၅”၊ အမြင့်၉၃”၊ အထူ၇.၂”) ၂ ချပ်ပါ



ပိဋကသုံးပုံ(၁)စုံလျှင် (၄၀) အုပ်

(ပါဠိရိုမန်အင်္ဂလိပ် / ပါဠိမြန်မာ)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း၌ ဓမ္မစေတီတော်များရှိ ကျောက်စာချပ်များတွင် ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော်များကို ကျောက်စာစေတီများအဖြစ် ပူဇော်၍လည်းကောင်း၊ ကျမ်းစာအုပ်များအဖြစ်လည်း ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ စနစ်တကျပြုစု၍ နိုင်ငံတကာအဆင့်မီကျမ်းစာအဖြစ် ပုံနှိပ်ထုတ်ဝေပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ထေရဝါဒဗုဒ္ဓဘာသာအားသင်ကြားပေးနေသည့်တက္ကသိုလ်ကြီးများနှင့် သာသနာပြုကျောင်းများ၊ မြန်မာနိုင်ငံအတွင်းရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)နှင့် သီတဂူအပြည်ပြည်ဆိုင်ရာဝိပဿနာတက္ကသိုလ်(စစ်ကိုင်း)တို့ကဲ့သို့ တက္ကသိုလ်ကြီးများအပြင် စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ‘သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ’ဟူသော ပါဠိတော်အရ အလှူဒါနအားလုံးတို့တွင် ဓမ္မဒါနသည်အမြတ်ဆုံးဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများအနေဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုပါက ကျမ်းစာအုပ်များ၌ အလှူရှင်၏အမည်ကမ္ပည်းမှတ်တမ်းအား အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး ပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်) (၁)စုံလျှင် (၁၂)သိန်းကျပ်နှုန်းဖြင့် အင်းဝဘဏ်ငွေစာရင်းအမှတ်- ၁၀၀၀၁၀၀၀၁၄၄၄၄၀၁၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၁၁၀၀၁၀၀၀၀၀၂၇၇၇၂ နှင့် ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်- ၀၃၄၃၀၄၀၃၄၀၂၇၁၉၂၀၁ တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်-

ဆက်သွယ်လှူဒါန်းရန်၊ ဦးစိုးလွင်ကျော်-ဖုန်း-၀၉ ၆၉၁၀၀၀၉၆၉၊ ၀၉ ၄၅၀၀၇၀၀၂၉၊ ဒေါ်အေးအေးကြည်-ဖုန်း- ၀၉ ၄၂၉၇၂၂၅၄၈၊ ၀၉ ၂၅၅၈၂၅၂၁၆

## ပိဋကသုံးပုံပါဠိတော်(၄၀ အုပ်)(၁)စုံလျှင်(၁၂)သိန်းကျပ်နှုန်းဖြင့် လှူဒါန်းထားကြသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | မြို့ | လှူဒါန်းသည့် အရေအတွက် | အလှူငွေ (ကျပ်) |
|---|---|---|---|---|
| ၂၄။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းမိသားစု | နေပြည်တော် | ၅ စုံ | ၆၀၀၀၀၀၀ |
| ၂၅။ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | မကွေး | ၃ စုံ | ၃၆၀၀၀၀၀ |
| ၂၆။ | ဦးရွှေလေး(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့်ဇနီးဒေါ်စိမ့်နီခင် မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၂၇။ | ဒေါက်တာမောင်မောင်နိုင်(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့) | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၂၈။ | ဒေါက်တာအောင်ကြီး(ဒုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)နှင့်ဇနီး ဒေါက်တာဒေါ်ခင်လှလှ မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၂၉။ | မိဘများအားအမှူးထား၍ ဦးကျော်စွာသွင် (ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်အေးမြတ်ဝင်း၊ (သမီး)မသဉ္ဇာထက်ကျော်၊ (သား)မောင်အောင်စိုးကျော် မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၀။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးကြည်သာ၊ ဒေါ်မာမာအေး မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၁။ | ဒေါ်ခင်မေဦးလွင်၊ ဒေါ်မေသက်မော် (ရုံးအဖွဲ့မှူး၊ ဥပဒေချုပ်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး) | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၂။ | ဦးကျော်ဇော(သမီး) မသီရိလှိုင်၊ (မြေး)မကျော်ရှင်းသန့်မိသားစု | တောင်ငူမြို့ | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၃။ | ဦးသန်းဖေနှင့်ဇနီး ဒေါ်စောမြသားသမီးမြေးမြစ်မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၄။ | မကာအိုဆရာတော် အရှင်ဥက္ကံသာစာရနှင့် နှစ်ဖက်မိဘများကိုဦးထိပ်ထားလျက် တရုတ်နိုင်ငံ မကာအိုမြို့၊ ဦးတင်မောင်(Carlos Lou)+ဒေါ်စိုးစိုးသစ်၊ (သမီး)မမြတ်ဆုဝေ(Makayla)(သား)မောင်ဟိန်းထက်အောင်(Hamish)မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၅။ | ဒေါ်ခင်စန်း(သား)ဦးကျော်လင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့(သမီးငယ်)မစိုးစိုးဝင်းမိသားစု | ပုသိမ် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၆။ | နှစ်ဖက်သောအဘိုးအဘွားများအားအမှူးထား၍ ကွယ်လွန်သူဒေါ်ခင်ညွန့်ညွန့်(မေညွန့်)၊ (ဘကြီး)ဦးခင်အောင်ကြည်၊ (ညီမငယ်)ဒေါ်ခင်မမ(မာမီ) အားရည်စူး၍“စန်း”မိသားစုနှင့်မြေးများ | ရန်ကုန် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၇။ | ကွယ်လွန်သူဇနီးဒေါ်ခင်ခင်အေး (စာရေးဆရာမ-မအေးဆေး)အား ရည်စူး၍ ဦးသိန်းညွန့်(အဖွဲ့ဝင်)နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ မောင်သိန်းညွန့်(ကော့ကရိတ်) | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၈။ | ဒေါက်တာချာလီသန်း(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်နီလာစိန် မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၃၉။ | ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုးနှင့်ဇနီး ဒေါ်ဆွေဆွေမြင့် မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၀။ | ဦးလှထွန်းဦး(ညွှန်ကြားရေးမှူးချုပ်၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ရီရီမြင့် မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၁။ | ဦးမျိုးမြင့်(ညွှန်ကြားရေးမှူးချုပ်၊ အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်မြင့်မြင့်စိန်မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၂။ | ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)နှင့်ဇနီး ဒေါ်ရီရီစန်း မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၃။ | နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးမောင်မောင်အောင်၊ ဒေါ်စောကြင်အုံးမိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၄။ | ဘိုးဘွား၊ မိဘ၊ ဆရာသမားများအားရည်စူး၍ ဦးမောင်လေး+ဒေါ်ခင်မြိုင်(သား)ဦးမောင်ဖြူ+ဒေါ်အမာကျင်(သမီး)မအေးအေးမြင့်၊ မရီရီချို မြေးများ-ကိုမျိုးဝင်းနိုင်+မစမ်းစမ်းမော်၊ ကိုကျော်ဝင်းနိုင်၊ ကိုသိန်းဇော်ထူး၊ ကိုလွှမ်းမိုးကျော်+မသန်းမာလာစိုး၊ ကိုဟန်လင်းထက်+မနီလာဝင်း၊ ကိုဟန်မင်းထက်+မနှင်းဆီ၊ မသဲအိဖြူ မြစ်များ-မဇင်ဇင်မျိုး၊ မောင်ကိုလတ်၊ မောင်ကျော်သူဟိန်း၊ မောင်ဝေယံဟိန်း၊ မောင်ရဲရင့်ဟိန်း သားသမီးမြေးမြစ်တစ်စုကောင်းမှု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၅။ | ရန်ကုန်မြို့မှ နှစ်ဖက်သောမိဘများနှင့် အစ်မ ဒေါ်တင်တင်မြ၊ ညီမလေး ပိုက်ပိုက်၊ သားကြီး ကိုဇော်ဝင်းနိုင်တို့အားရည်စူး၍ ဦးသိမ်းဇော်နှင့်ဇနီး ဒေါ်သန်းသန်းနွယ် မိသားစု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၆။ | ကွယ်လွန်သူဦးမြဝင်းအားရည်စူး၍ ဇနီးဒေါ်ခင်မာမာနှင့်သားသမီးမြေးမြစ်တစ်စုကောင်းမှု | နေပြည်တော် | ၁ စုံ | ၁၂၀၀၀၀၀ |
| ၄၇။ | ဒေါက်တာသိန်းထွန်း၊ ဒေါက်တာသန်းတိုး၊ ဦးကျော်တိုးထွန်း၊ ဦးဇော်တိုး၊ ဒေါ်ခိုင်မာလာသိန်းမိသားစု | ရန်ကုန် | ၃ စုံ | ၃၆၀၀၀၀၀ |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/51247, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Golden Madalar Prnice Co.,Ltd ၇၄ x ၇၅ ကြား၊ ၃၄ လမ်း၊ ချမ်းအေးသာစံမြို့နယ် က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/26429, HondaClick 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၈၃၀/ကြပ်ပြင်ကြီးကွင်း၊ ဦးပိုင်အမှတ် ၄၁၇၊ မြေဧရိယာ ၀ဒသမ ၅၈၁ ဧကရှိ အစိုးရ(မြို့မြေ)ကွက်အား ဒေါ်သက်သက်ဌေး(ဘ)ဦးကျော်အောင် ၁၂/ရကန(နိုင်)၀၅၁၁၀၀ မှ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ပြရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ် ၆၂၀ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ် ၆၂၀၊ အကျယ်အဝန်း (၄၀ပေ x၆၀ပေ)၊ ဧရိယာ ၀ဒသမ၀၅၅ ဧက၊ ၂၄၀၀ စတုရန်းပေ အကျယ်ရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝယ်ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇင်မီစုလှိုင် ၁၂/ဥကတ(နိုင်)၁၅၁၉၆၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ စရန်ငွေတချို့ ပေးချေထားပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အကျိုးသက်ရောက်ခွင့်ရှိပါက စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၂၈)**
**အမှတ် ၉၊ မြေညီထပ်၊ အရှေ့အာဇာနည်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၃၁၁၂၅၇၁၊ ၀၉- ၇၉၉၉၁၀၄၃၀**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာပုံ ၅လမ်း၊ အိမ်အမှတ် ၄၁၇/က၊အကျယ်အဝန်း (၂၀ x၆၀)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စောသန္တာညွန့် ၁၂/ဥကတ(နိုင်)၁၂၈၅၀၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုမြတ်လွင်(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁၉/၂၀၂၁)**
**အမှတ် ၂၃၈၅/က၊ ဇေယျာဝတီ ၄လမ်း၊ ၁၀/တောင်၊(၁၂)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၅၇၈၄၆၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-IV)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၆၀-C)၊ မြေယာအမှတ်(196-B)၊ ဧရိယာ ၀ဒသမ ၁၈ ဧကရှိ ဂရန်မြေကွက်သည် Amata International Co.,Ltd. အမည်ပေါက်သော ဂရန်မြေကွက်ဖြစ်ကြောင်း အဆိုပါ မြေကွက်အားရောင်းချရန် ကတိပြုသူ Amata International Co., Ltd. မှ ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ကြောင်း၊မိမိလက်ရှိပိုင်ဆိုင်ပါကြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း၊ ဝန်ခံကတိပြုသူဖြစ်သည့် Amata International Co.,Ltd. ၇-၉-၂၀၂၂ရက်စွဲပါ ဒါရိုက်တာအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်(ဘ)ဦးလှဝင်း ၁၂/ ပဇတ(နိုင်)၀၂၈၇၃၂ ထံမှ အဆိုပါ ဂရန်မြေကွက်နှင့်မြေပေါ်မြေအောက် ပိုင်ဆိုင်ခွင့် အရပ်ရပ်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏ မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိ၏ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ပြည့်စုံခိုင်မာသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်သူဇာလင်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၂၈၆)**

| | |
|---|---|
| ဒေါ်ခင်စိုးဝင်း | ဒေါ်ဇင်မာစိုး |
| LL.B | LL.B |
| (စဉ်-၃၁၆၈၉) | (စဉ်-၄၈၆၀၇) |

**အထက်တန်းရှေ့နေများ**
**ခိုင်သစ္စာ ဥပဒေ ဝန်ဆောင်မှုလုပ်ငန်း**
**အခန်းအမှတ် (E-3)၊ ၆၈လမ်း၊ ၂၉x၃၀လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉- ၂၅၉၂၂၀၃၄၅၊ ၀၉-၂၅၉၀၄၈၃၁၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ကျောက်ပန်းတောင်းမြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၆

| | | |
|---|---|---|
| **ဦးကျော်မြင့်နိုင်** | **နှင့်** | **၁။ ဒေါ်စန်းစန်းအေး** |
| | | **၂။ ဒေါ်ခင်ဌေးမူ** |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ကြီးရပ်ကွက်၊ မေယု ၅လမ်းနှင့် ၆လမ်းကြား၊ အမှတ် (က/၂၉)နေ ဒေါ်ခင်ဌေးမူ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးကျော်မြင့်နိုင်က တရားမကြီးမှုအမှတ် ၅၉/၂၀၁၄ အမှုမှ စီရင်ချက်နှင့် ဒီကရီသည် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာ၍ လယ်ယာမြေ လက်ရောက်ပြန်လည်ရလိုကြောင်း လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက် (၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ပြေပြေအောင်)**
**မြို့နယ်တရားသူကြီး**
**ကျောက်ပန်းတောင်းမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/6432, Toyota Succeed NCP 58, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူဒေါ်မိုးခိုင် ၈/ပခက(နိုင်)၁၄၃၄၄၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ် ဒ-၃၂၄၁၇၊ မြေဧရိယာ ၀ဒသမ ၁၅၄ဧကရှိ ဦးဘိုဝင်း(ဘ)ဦးချစ်စိန် ၈/နမန(နိုင်)၁၇၉၃၆၆ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဘိုဝင်းထံမှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာ အမှတ် ၃၅၉၃/၂၀၂၂၊ ၁၅-၈-၂၀၂၂ရရှိထားသူ ဦးအောင်ဖြိုးသန့်(ဘ)ဦးမြင့်အောင် ၉/ခအဇ(နိုင်)၀၄၂၀၅၃မှ ဒေါ်စမ်းစမ်း(ဘ)ဦးစိန်ဝင်း ၉/မနတ(နိုင်)၁၀၅၀၉၆ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက် မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိအနောက်ရပ်၊မြေဧရိယာ ၁ဒသမ ၇၆၅ ဧက၊မြေကွက်အမှတ် OC-၁၈၊ ဒေါ်စန္ဒာဝင်း(ဘ)ဦးကျော်ဝင်း (ခ)ရှောက်လီ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်စန္ဒာဝင်း ၁၃/တကန(နိုင်)၁၃၀၈၂၉ (ဘ)ဦးကျော်ဝင်း(ခ)ရှောက်လီ မှ ဦးသိန်းဆွေ ၁၂/ဒဂန(နိုင်)၀၁၀၄၃၇ (ဘ)ဦးအေးမောင် နှင့်ဒေါ်ရီရီ (ခ)မြသိင်္ဂီ ၁၂/ကတတ(နိုင်)၀၁၂၃၄၂ တို့၏ အမည်ဖြင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစု ကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေကွက်အမှတ်(ပ-၂၈၇)၊ ဦးမြစိုး(ဘ)ဦးညီမောင် ၉/ပမန(နိုင်) ၂၀၀၂၉၇ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးအောင်ကျော်ဦး(ဘ)ဦးတင်မြင့် ၁၃/ ကခန(ပြု)၀၀၀၀၇၈ မှ မြေပေးမိန့် မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံ ကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ် ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

၁။ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ခွာညိုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ မြေကွက်အမှတ်(၁၀၇/၁)၊ အမှတ်(၁၀၇/၁)တွင် ၁ခန်းတည်း(၆)ထပ်တိုက် ဆောက်လုပ်ခွင့်အား မြေရှင်ဒေါ်ရင်လှ၊ လိုင်စင်ရအင်ဂျင်နီယာဒေါ်နီုဇင်ဝင်းကို(LS-803)၊ လိုင်စင်ရကန်ထရိုက်တာဒေါ်တီတီမာ(LC-1048)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၁၁-၁၂-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၃၄၃၇/ ၃၄၃၆/ စည်ပင်-ယာ(အုံ) ခွင့်ပြုမိန့်ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ၁ခန်းတည်း (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား ဆောက်လုပ်နိုင်ခြင်းမရှိတော့ပါသဖြင့် ဆောက်လုပ်ခွင့်ပါမစ်အား ပယ်ဖျက်ပေးပါရန် မြေရှင်နှင့်လိုင်စင်ရကန်ထရိုက်တာတို့မှ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မှတ်ပုံတင်သွင်း မြွက်ဟကြေညာထားရှိကြောင်းနှင့် ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားဖြင့် ဆင်တူယိုးမှား အတုအပထုတ်လုပ်၊ ဖြန့်ဖြူး ရောင်းချခြင်းများ မပြုလုပ်ရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးမရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊ ပိတောက်လမ်း၊ အမှတ် G(၆၃/အေ)တွင် မှတ်ပုံတင် ရုံးခန်းဖွင့်လှစ်ထားသည့် ကျွန်ုပ်၏မိတ်ဆွေ GOLDEN WAX COMPANY LIMITED (ရွှေဖယောင်းကုမ္ပဏီလီမိတက်)(ကုမ္ပဏီမှတ်ပုံတင်အမှတ်-128632921/2007)က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ အမည်၊အမှတ်အသားဖြင့် (ပုလဲဓာတ်မြေသြဇာ၊ နိုက်ထရိုဂျင်-၄၆ %)( Urea Fertilizer,NITROGEN- 46%)ကို ထုတ်လုပ်၊ဖြန့်ဖြူး၊ရောင်းချသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၃-၇-၂၀၂၀ ရက်တွင် စာချုပ် စာတမ်းမှတ်ပုံတင်အမှတ် (၄/၆၅၃၁/၂၀၂၀)အရ မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-




အထက်တွင် ကပ်နှိပ်ဖော်ပြထားသော PHYO MOUT ဖြိုးမောက်လုပ်ငန်းတံဆိပ်(Logo)ဖြင့်(Urea Fertilizer, NITROGEN- 46%)(ပုလဲဓာတ်မြေသြဇာ၊ နိုက်ထရိုဂျင်- ၄၆%)ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီမှ တစ်ဦးတည်း လုပ်ကိုင်ဆောင်ရွက်ပြီး ထုတ်လုပ်၊ ဖြန့်ဖြူး၊ရောင်းချလျက်ရှိပါသည်။ အဆိုပါ ကုန်ပစ္စည်း အမှတ်တံဆိပ်၊ အမည်အမှတ်အသားဖြင့် ထုတ်ကုန်အမျိုးအစားကို ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အတုအပထုတ်လုပ်၍ ဈေးကွက်အတွင်း ဖြန့်ဖြူး၊ ရောင်းချခြင်းများ ပြုလုပ်လျက်ရှိသည်ကိုတွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ GOLDEN WAX COMPANY LIMITED မှ ထုတ်လုပ်သည့် PHYO MOUT ဖြိုးမောက် လုပ်ငန်းတံဆိပ်(Logo)ဖြင့် (Urea Fertilizer, NITROGEN- 46%)(ပုလဲဓာတ်မြေသြဇာ၊ နိုက်ထရိုဂျင်- ၄၆%)၏ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ လုပ်ငန်းတူ လုပ်ကိုင်ခြင်းဖြစ်စေ၊ ပုံသဏ္ဌာန်ကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ၊ အတုအပပြုလုပ်သုံးစွဲ၊ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်း မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။ ထိုကဲ့သို့ လုပ်ကိုင် အသုံးပြုနေသူများအား ဆက်လက်တွေ့ရှိပါက ကျွန်ုပ်၏မိတ်ဆွေ ကုမ္ပဏီမှ ထုတ်လုပ်သည့် PHYO MOUT ဖြိုးမောက်လုပ်ငန်း၏ လုပ်ငန်းအကျိုးစီးပွားကို ထိခိုက်နစ်နာစေမှု တို့အတွက် တည်ဆဲ ဥပဒေအရ တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့ဖြင့် ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**GOLDEN WAX COMPANY LIMITED ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းလဲ့နိုင်၊ တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၉၀၈/၂၀၁၇)**
**အမှတ် ၂၈၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၉၅၈၅၂၉၄၄၂၊ ၀၉-၇၇၈၃၃၃၄၈၄**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်တွင် လူနေအိမ်ရာအဖြစ် အသုံးပြုရန်အတွက် ဦးစောအောင်ကိုကိုစံနှင့် ဦးစောသံလွင်ဦးတို့မှ ၎င်းတို့၏အမည်ဖြင့် မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ စာရွက်စာတမ်းအထောက်အထားများ ခိုင်လုံစွာတင်ပြ၍ ဘားအံခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁)လအတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | လျှောက်ထားသူ၏ အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ရပ်ကွက်/ကျေးရွာအုပ်စု | လျှောက်ထားသည့် ဦးပိုင်အမှတ် | အကွက်အမှတ်/အမည် | မြေဧရိယာ ဧရိယာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ဦးစောအောင်ကိုကိုစံ | ၃/ဘအန(နိုင်)၁၆၇၉၈၀ | အမှတ်(၉) ရပ်ကွက် | ၃၅/၁၅၃/၂ | ၁၁၇၆-ခ၊ ရေကျော်ရွာကွင်း | (၀.၀၄၁) ဧက | |
| ၂။ | ဦးစောသံလွင်ဦး | ၃/ဘအန(နိုင်)၀၄၇၅၂၆ | အမှတ်(၉) ရပ်ကွက် | ၃၅/၁၅၃/၁ | ၁၁၇၆-ခ၊ ရေကျော်ရွာကွင်း | (၀.၁၉၀) ဧက | |

**ကော်လိတ္တော်အရာရှိ၊ ဘားအံခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဘားအံမြို့**

## မြေငှားဂရန် လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | မြေငှားဂရန်လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်သန်းမြင့်ပါ(၃)ဦး | ပုသိမ် | အမှတ်(၂) | ၆၀ထုံးဘို | ၇၆၊၇၇ | ၀.၁၀၅ | အမည်ပြောင်း /သက်တမ်းတိုး |
| ၂ | ဒေါ်ထားထားနွယ် | ပုသိမ် | အမှတ်(၃) | ၃၈ ပုလိပ်ကျောင်း | ၂-ဈ | ၀.၀၁၄ | သက်တမ်းတိုး |
| ၃ | ဦးထွန်းအေးပါ(၂)ဦး | ပုသိမ် | အမှတ်(၃) | ၃၈ပုလိပ်ကျောင်း | ၂-ည၃-ဎ၃-ဆ | ၀.၁၅၄ | သက်တမ်းတိုး |
| ၄ | ဒေါ်မြမြလွင် | ချောင်းသာ | အမှတ်(၃) | ၁၉၉၀ပြင်ချောင်းသာပြင် | ဈ-၁၅/၂ | ၀.၂၂၉ | အမည်ပြောင်း |
| ၅ | ဦးကျော်မင်း | ပုသိမ် | အမှတ်(၃) | ၃၁ ကံသုံးဆင့်အနောက် | ၉၉ | ၀.၀၆၉ | သက်တမ်းတိုး |
| ၆ | ဒေါ်တင်ကြည် | ပုသိမ် | အမှတ်(၈) | ၁၁၃ ကသဲစု | ၅၅-ဈ | ၀.၁၄၈ | သက်တမ်းတိုး |
| ၇ | ဒေါ်စုစုလှိုင် | ပုသိမ် | အမှတ်(၁၂) | ၆၆-က၊ရေကြည်ရေနောက် | ဘီ-၃၃ | ၀.၀၅၅ | အသစ် |
| ၈ | ဒေါ်မိုးမိုးစံ | ပုသိမ် | အမှတ်(၁) | ၂၁ သစ်ညိုကုန်း | ၆၁၊ ၆၂ | ၀.၁၃၁ | အမည်ပြောင်း၊ သက်တမ်းတိုး |
| ၉ | ဒေါ်ဌေးဌေးရီ | ပုသိမ် | အမှတ်(၁၃) | ၅၂ ရွှေဝတ်မှုံ | ၅၁ | ၀.၁၈၅ | အမည်ပြောင်း |
| ၁၀ | ဒေါ်မြငြိမ်း | ပုသိမ် | အမှတ်(၃) | ၄၃-က၊ တံတားကြီးတန်း | ဆ/၁၃၅ | ၀. ၀၉၂ | သက်တမ်းတိုး |
| ၁၁ | ဦးနေလင်းအောင်ပါ(၂) | ချောင်းသာ | အမှတ်(၃) | ၁၉၉၀ပြင်ချောင်းသာပြင် | ဈ/၁၅/၆ | ၀.၃၀၅ | အမည်ပြောင်း |
| ၁၂ | ဦးဌေးဝင်း | ပုသိမ် | အမှတ်(၃) | ၃၈ ပုလိပ်ကျောင်း | ၃၂-ခ | ၀.၀၂၄ | အမည်ပြောင်း |
| ၁၃ | ဦးနေလင်းအောင်ပါ(၂) | ပုသိမ် | အမှတ်(၁၅) | ၁၆၃-ဘီ ထန်းကုန်း | ၄၉ | ၀.၁၂၈ | အမည်ပြောင်း |
| ၁၄ | ဦးဝင်းထိန် | ပုသိမ် | အမှတ် (၁၃) | ၅၂ စက်မှုဇုန် | အမ်-၉ | ၀.၀၄၈ | အမည်ပြောင်း |
| ၁၅ | ဒေါ်ဝင်းမေ | ပုသိမ် | အမှတ်(၁၃) | ၅၂ ရွှေဝတ်မှုံ | ၆၁ | ၀.၁၈၅ | အမည်ပြောင်း |

ဖော်ပြပါ မြေငှားဂရန်လျှောက်ထားချက်များအား ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၀၀-ခ)၊တောင်ပေါ်ရပ်၊ ဦးပိုင်အမှတ် (၇၂-က)၊ ဧရိယာ ၀ဒသမ ၁၁၀ဧကရှိ မြေကွက်ကို ဒေါ်အမာမြင့် ၁၃/တကန(နိုင်)၀၂၀၁၅၉ အမည်ဖြင့် မြေစာရင်းပုံစံ ၁၀၅/၁၀၆ ရရှိထားပြီး အဆိုပါ ၁၀၅/၁၀၆ မူရင်းမှာ ပျောက်ဆုံးသွားခဲ့သဖြင့် ထိုမြေကွက်၏ ဂရန်သစ်လျှောက်ရန် မြေစာရင်းပုံစံ ၁၀၅/၁၀၆ မူရင်းအား ပြန်လည်ရေးကူးမည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အမာမြင့် ဖုန်း-၀၉-၄၂၈၃၅၄၅၇၁**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/4426 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန် ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) မှဆောက်လုပ်ခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါအဆောက်အအုံ (၄)လုံး၏ လိုင်စင်ရကန်ထရိုက်တာ ဦးထူးအောင်(LC-၃၀၅) ကွယ်လွန်သွားပါသဖြင့် မြေရှင်များ အနေဖြင့်သာ BCC တင်ပြခွင့်ပြုပါရန် အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန် ရှိပါကခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထား ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

| စဉ် | အမည် | လိပ်စာ | အဆောက်အအုံ အမျိုးအစား | ခွင့်ပြုမိန့် စာအမှတ်/ရက်စွဲ | လိုင်စင်ရ ကန်ထရိုက်တာ |
|---|---|---|---|---|---|
| ၁ | ဦးလှ(ကိုယ်တိုင်)နှင့် ဦးလှအောင်(SP)ဦးလှ | အမှတ်(၂၉၂)မြို့သစ် (၅)လမ်း(၁)ရပ်ကွက်၊ မရမ်းကုန်း | ၅ ထပ်တိုက် | ၂၅၇၃/၂၇၄၃/စည်ပင်-ယာ(အုံ) ၁၇-၉-၂၀၁၄ | ဦးထူးအောင် (LC-၃၀၅) |
| ၂ | ဒေါ်ပြုံးကြည်၊ ဒေါ်နီ၊ ဦးကျော်ခင် | အမှတ်(၁၉၉)မြို့သစ် (၅)လမ်း(၁)ရပ်ကွက်၊ မရမ်းကုန်း | ၅ ထပ်တိုက် | ၁၄၃၀/၁၃၈၅/ စည်ပင်-ယာ(အုံ) ၂၇-၆-၂၀၁၄ | ဦးထူးအောင် (LC-၃၀၅) |
| ၃ | ဒေါ်အေးကြည် | အမှတ်(၁၈၅)မြို့သစ် (၅)လမ်း(၁)ရပ်ကွက်၊ မရမ်းကုန်း | ၅ ထပ်တိုက် | ၃၇၇၈/၃၇၂၃/ စည်ပင်-ယာ(အုံ) ၁၂-၁၁-၂၀၁၄ | ဦးထူးအောင် (LC-၃၀၅) |
| ၄ | ဒေါ်ခင်အေးလှ၊ ဦးရွှေသိန်းဦး | အမှတ်(၂၁၅)မြို့သစ် (၅)လမ်း(၁)ရပ်ကွက်၊ မရမ်းကုန်း | ၅ ထပ်တိုက် | ၃၈၁၄/၃၇၇၁/ စည်ပင်-ယာ(အုံ) ၁၂-၁၁-၂၀၁၄ | ဦးထူးအောင် (LC-၃၀၅) |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## "ဦးငွေမျိုးဟန် [၁၂/အစန (နိုင်) ၀၁၀၈၇၄] နှင့် အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်တို့အား အရေးအခွင့်တာဝန်ပေးလွှဲအပ်သူ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဦးအုန်းဟန် [၁၂/အစန (နိုင်) ၀၁၁၆၅၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးငွေမျိုးဟန်နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဦးအုန်းဟန်၏ဇနီးဖြစ်သူ ဒေါ်မြမြွေး (ခ) ဒေါ်မြွေးမှာ (၂၆.၆.၂၀၂၂) ရက်နေ့တွင် ကွယ်လွန်သွားပြီးနောက် ဦးအုန်းဟန်မှ (၆.၈.၂၀၂၂) ရက်နေ့က မိသားစုစီမံမှုသဘောတူစာချုပ်ချုပ်ဆို၍ အပတိဋ္ဌသားဖြစ်သူ ဦးငွေမျိုးဟန်နှင့် ၎င်း၏ မိသားစုစားဝတ်နေရေးအတွက် ရင်းနှီးစားသောက်ရန်အလို့ငှာ မေတ္တာရှေ့ထား၍ ပစ္စည်းများနှင့်ငွေကြေးကို အသိသက်သေများ ရှေ့မှောက်၌ ပေးကမ်းခဲ့ပြီးဖြစ်ရာ ဦးငွေမျိုးဟန်မှလည်း ကောင်းမွန်စွာ လက်ခံရရှိပြီးဖြစ်ပါသည်။

ဦးအုန်းဟန်အနေဖြင့်လည်း ဦးငွေမျိုးဟန်ကို (၆.၈.၂၀၂၂) ရက်နေ့က မိသားစုစီမံမှု သဘောတူစာချုပ်အရ ပစ္စည်းများနှင့်ငွေကြေးကို ပေးကမ်းလိုက်ပြီးဖြစ်သည့်အတွက် မည်သည့်ပစ္စည်းတစ်စုံတစ်ရာကိုမျှ ထပ်မံပေးကမ်းရန်မရှိတော့ကြောင်းနှင့် ဦးငွေမျိုးဟန်အား အပတိဋ္ဌသားအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ဦးငွေမျိုးဟန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ [စုံစမ်းမေးမြန်းနိုင်ပါသည်။]

ဦးအုန်းဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်စင်မျိုးကြည် (စဉ်– ၁၀၃၁၂)
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ

ဦးဘို့ဘို့ (စဉ်– ၁၀၆၆၄)
B.sc (Geol), M.P.A, M.A (Business Law),H.G.P, PG.D.L, LL.B, D.M.A, D.A Psy, D.A.E, D.B.L, D.M.L, D.LL, D.I.R, DLP, (WIPO) (101,201,301,302,317,450)
တရားလွှတ်တော်ရှေ့နေ

FAME MYANMAR LAW FIRM
အမှတ်- ၄၅/စီ (ဒုတိယထပ်)၊ လမ်း (၅၀)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph: 09-5148942, 018- 201840, 018-610275

## ပျောက်ဆုံးကြောင်း

ကျွန်မ မစုခိုင် ၅/ပလန(နိုင်)၁၃၆၃၂၂ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉-၉၇၅၇၅၅၅၄၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်စိုးဝင်း ၅/ခဥန(နိုင်)၁၁၄၇၂၂ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉-၄၄၃၈၅၃၀၁၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်မျိုးသန့် ၅/မကန(နိုင်)၀၉၈၂၄၄ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉-၄၄၃၈၅၃၀၁၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကျော်ပွား ၅/မကန(နိုင်)၀၇၂၆၈၁ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉-၄၄၃၈၅၃၀၁၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းသူထွန်း ၅/ဒပယ(နိုင်)၁၃၁၉၇၀ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉-၄၀၀၀၇၂၅၂၂

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ထွန်းလေး ၅/ဝလန(နိုင်)၁၂၅၂၀၈ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉-၄၀၀၅၅၂၄၅၀

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၉)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း No–104 ဟုခေါ်တွင်သော အလျားပေ ၂၀xအနံ၄၀ရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးမြင့် ၁၂/ရကန(နိုင်)၀၈၂၇၆၁ ထံမှ ကျွန်တော် ဦးဝဏ္ဏ ၁၂/ရကန(နိုင်)၀၇၀၉၇၉ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝဏ္ဏ
ဖုန်း–၀၉-၂၅၄၁၁၁၃၀၉
(၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊

## ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းကြော်ငြာစာ

ကြို့ပင်ကောက်မြို့၊ စက်တိုင်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁ᴺ)၊ ပြင်ထောင်ရပ်၊ ဦးပိုင်အမှတ်(၃၀၁ᵐ)၊ ဧရိယာ ၀ ဒသမ ၁၁၃ ဧကရှိ မြေကွက်သည် မူလတွင် သမဝါယမဘဏ်လီမိတက် အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားရာမှ အဆိုပါမြေကွက်ကို မူလပိုင်ရှင် CB Bank PCL (ကိုယ်စား) ဦးစိုးမင်း အမည်ဖြင့် မြေငှားဂရန် သက်တမ်းတိုးလျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၂၁-၉-၂၀၂၂ ရက်၌ဖြစ်စေ၊ ၎င်းရက်မတိုင်မီဖြစ်စေ ခိုင်လုံသောအကြောင်းပြချက်ရှိသည့် ကန့်ကွက်လွှာကို တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကြို့ပင်ကောက်မြို့

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၅၆၃/၉၆၄)နေ ဦးဝင်းမြင့်စိုး ၇/သကန(နိုင်)၁၃၃၃၇၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဝင်းမြင့်စိုးနှင့် ဒေါ်နှင်းရီဝင်းတို့သည် ၉-၃-၂၀၁၆ ခုနှစ်တွင် အကြင်လင်မယားအဖြစ် စတင်ပေါင်းသင်းခဲ့ပြီး မထူးအိမ်ချစ်စံအား မွေးဖွားခဲ့ကြောင်း၊ ကျွန်ုပ်မိတ်ဆွေ ဖြစ်သူ၏ ဇနီးဖြစ်သော ဒေါ်ခင်နှင်းရီဝင်း ၂၀-၅-၂၀၂၂ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဒေါ်ခင်နှင်းရီဝင်း မကွယ်လွန်ခင်က ၁၄-၅-၂၀၂၂ ရက်တွင် ဇနီးဖြစ်သူ ဒေါ်ခင်နှင်းရီဝင်းမှ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဒိတ်ကုန်းကျေးရွာ၊ သရက်ခြံ(တိုးချဲ့)(I.15) အကျယ်အဝန်းပေ(၂၀x၆၀) မြေကွက်အား ဦးဇော်ဇော်ထံမှ ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်သည် ဒေါ်ခင်နှင်းရီဝင်း ကွယ်လွန်ပြီးသည့်နောက်ပိုင်းတွင် ခင်ပွန်းဖြစ်သော ကျွန်ုပ်မိတ်ဆွေ ဦးဝင်းမြင့်စိုးတစ်ဦးသာ ဆက်ခံခွင့်ရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်မို့မို့ဇင်ကို(LL.B, D.B.L, D.I.L, D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ် – ၈၅၅၇)
တိုက်အမှတ်(၉/၁၁)၊ အခန်းအမှတ်–၀၀၄ (မြေညီထပ်) ၃၆–လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း–၀၉-၅၁၄၅၆၃၀

## သက်ဆိုင်သူနှင့်အများသိစေရန် ကန့်ကွက်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ရတနာဖြိုး ၁၂/ဥကတ(နိုင်)၁၉၄၁၂၃၏အစ်ကို ဦးအောင်မြတ်သည် Aungmyat Co.,Ltd ကိုတစ်ဦးတည်းပိုင်အဖြစ် တည်ထောင်၍ ခရီးလှည့်လည်ရေးလုပ်ငန်းအား တာဝန်ယူလုပ်ကိုင်ခဲ့သည့် ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ အဆိုပါကုမ္ပဏီနှင့်လုပ်ငန်းအား ဦးအောင်မြတ် ကွယ်လွန်သည့် ၂-၃-၂၀၂၂ ရက်နေ့မှစ၍ ယနေ့တိုင် ယာယီဆိုင်းငံ့ထားဆဲဖြစ်သည့်အပြင် ကုမ္ပဏီတည်ရှိရာ ရုံးခန်းကိုလည်း ပိုင်ရှင်ထံသို့ ပြန်လည်အပ်နှံခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ၇-၉-၂၀၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ(စာမျက်နှာ–၂၆)ပါ Aungmyat Co.,Ltd ၏ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်နှင့်ဒါရိုက်တာ အမည်ပြောင်းလဲနိုင်ရန် ကြော်ငြာလာသည့်အပြင် လုပ်ငန်းအားဆက်လက်လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း စုံစမ်းသိရှိခဲ့ရပါသည်။ အဆိုပါကြေညာချက်သည် ကျွန်ုပ်၏အမှုသည်အပါအဝင် ဦးအောင်မြတ်၏ တရားဝင် ဆက်ခံပိုင်ခွင့်ရှိကြသူများ၏ သိရှိသဘောတူညီချက် (လုံးဝ)မပါရှိဘဲ နိုင်ငံပိုင်သတင်းစာမှထုတ်ဖော် ကြေညာလာခြင်းဖြစ်၍ ဤကြော်ငြာစာဖြင့်တစ်ပါတည်း ကန့်ကွက်ပါကြောင်း၊ အကယ်၍ ဦးအောင်မြတ် ကွယ်လွန်ပြီးသည့်နောက် ကုမ္ပဏီနှင့် ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်ကြရာ၌ ထိခိုက်နစ်နာဆုံးရှုံးသူများရှိခဲ့ပါက ကျွန်ုပ်၏ အမှုသည်များက တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်းနှင့် တည်ဆဲဥပဒေပါ အခွင့်အရေးများရှိသည်နှင့်အညီ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ကန့်ကွက်တားမြစ်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– LRE Law Firm
ဦးဝဏ္ဏဇော်(စဉ်–၉၇၈၀) ဒေါ်စိုးစိုးနွယ်(စဉ်–၁၄၁၈၃) ဒေါ်စန်းစန်းနု(စဉ်–၁၄၁၈၄)
ဒေါ်အေးမွန်သိန်း(စဉ်–၁၆၂၆၉)၊ ဒေါ်စုမြတ်နွယ်(စဉ်–၁၆၆၈၅)
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း–၀၉-၅၁၈၁၁၈၅

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၅)လမ်း၊ တိုက်အမှတ်(၂၂၃)ဟုခေါ်တွင်သည့် ၃ခန်းတွဲ ၃ထပ်ခွဲတိုက်ရှိ (ဒါဘာ-စီ)ခေါင်းရင်းခန်း၊ တိုက်ခန်း အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းသည် မြေရှင်ဦးမင်းအောင်(၁၂/ဥကမ(နိုင်)၁၀၅၅၁၀)က ပိုင်ဆိုင်ခဲ့သော တိုက်ခန်းဖြစ်ပါသည်။ ဖခင်ဖြစ်သူ မြေရှင်ဦးမင်းအောင်နှင့် မိခင်ဖြစ်သူဒေါ်အုန်းရင်တို့သည် ကွယ်လွန်သွားပြီ ဖြစ်ပါ၍ ၎င်းတို့၏သမီးဖြစ်သူ ဒေါ်ခင်မာဦး(၁၂/ဥကမ(နိုင်)၀၀၈၂၄၂)က အဆိုပါတိုက်ခန်းကို အမွေဆက်ခံပိုင်ဆိုင်လာပြီး လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ၎င်းထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက(စရန်ငွေ)ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးနေလင်းထွန်း ( LL.B )၊
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၄၁၅)၊
Ph - 09 431 59906

## အထူးကိုယ်စားလှယ်လွှဲစာအားရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၀၁)၊ ဇေယျာသိဒ္ဓိလမ်း၊ (၃၁)ရပ်ကွက်နေ ဦးလှဆောင်၏သားဖြစ်သူ ဦးစံသိန်း ၁၂/ရကန(နိုင်)၀၃၂၂၈၈ မှရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၇၄)၊ ဦးဘဝင်းလမ်း၊ (၃၉)ရပ်ကွက်နေ ဒေါ်ယဉ်မင်းသက်(ဘ)ဦးဝင်းသိန်း ၁၂/မဂဒ(နိုင်) ၀၁၉၁၃၉၀ အား ၁၇-၁-၂၀၁၇ရက်စွဲပါ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၅၉၂)အရ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးစံသိန်း ၁၂/ရကန(နိုင်)၀၃၂၂၈၈
ဖုန်း–၀၉-၂၆၇၁၅၇၇၅၈

## ဦးထွန်းလင်းသူ (ခ) ဦးတင့်ဝေထွန်း၊ ဒေါ်ပပထွန်း၊ ဦးအောင်ကိုကို (Power 96 မြန်မာ့ပထမအနာဂတ် ရင်းနှီးမြှုပ်နှံဝန်ဆောင်မှု) တို့နှင့် အများသိရှိကြစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (ဂ)ရပ်ကွက်၊ ရောဝဏ်လမ်း ပုလဲတိုက်၊ အမှတ်(၃၀၁)၊ မြခသာညီအိမ်ရာနေ ဦးနေမျိုးသူပါ လေးယောက်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်–

သန်လျင်မြို့၊ Star City အိမ်ရာ တိုက်(A3)၊ အခန်း(၃၀၁) တွင် Power 96 မြန်မာ့ပထမအနာဂတ်ရင်းနှီးမြှုပ်နှံဝန်ဆောင်မှုအမည်ဖြင့် ရုံးခန်းဖွင့်လှစ်လုပ်ကိုင်နေသူ ဦးထွန်းလင်းသူ (ခ)ဦးတင့်ဝေထွန်း ၁၂/ဥကတ(နိုင်)၁၃၂၉၀၃၊ မန်နေဂျင်းဒါရိုက်တာ ဒေါ်ပပထွန်း၁၂/စခန(နိုင်)၀၁၉၅၀၂ Representative၊ ဦးအောင်ကိုကို ၁၂/ဥကတ(နိုင်) ၁၈၈၉၉၆ Operation Manager တို့သည် လူမှုကွန်ရက်စာမျက်နှာ (Facebook) တွင် Power 96 မြန်မာ့ပထမအနာဂတ်ရင်းနှီးမြှုပ်နှံဝန်ဆောင်မှုအမည်ဖြင့် Online Page စာမျက်နှာများတွင် Power 96 စင်္ကာပူနိုင်ငံမှ ဝါသနာတူ မြန်မာလူငယ်တစ်ချို့ဖြင့် စုစည်းလုပ်ကိုင်နေသည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ကြောင်းနှင့် အခြားသော ယုံကြည်ဖွယ်ရာအချက်များကို ဖော်ပြလျက် ကျွန်ုပ်၏မိတ်ဆွေ ဦးနေမျိုးသူပါ (၄)တို့ထံမှအတည်ပြုရင်းနှီးမြှုပ်နှံငွေပေါင်းကျပ် ၇၉၄၆၆၁၂၈ (ကျပ်ခုနစ်ရာကိုးဆယ့်လေးသိန်း ခြောက်သောင်းခြောက်ထောင်တစ်ရာနှစ်ဆယ့်ရှစ်ကျပ်)တိတိ လက်ခံရယူထားသည်ဟု သိရှိရပါသည်။

အဆိုပါရင်းနှီးမြှုပ်နှံငွေများကို ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလမှစ၍အကြောင်းအမျိုးမျိုးပြ၍ ပြန်လည်ထုတ်ပေးခြင်းမရှိသည့်အပြင် အကြိမ်ကြိမ်ဆက်သွယ်ခဲ့ရာ အကြောင်းအမျိုးမျိုးပြပြီး တိမ်းရှောင်နေကြောင်း သိရပါသည်။ ထို့အပြင် ကျွန်ုပ်၏ မိတ်ဆွေများ နစ်နာဆုံးရှုံးလျက်ရှိသော အကျိုးအမြတ်ငွေကျပ် ၁၀၀၁၂၇၃၂/၁၃ပြား (ကျပ် တစ်ရာသိန်းတစ်သောင်းနှစ်ထောင်ခုနစ်ရာသုံးဆယ့်နှစ်ကျပ်နှင့်ပြားတစ်ဆယ့်သုံး)တိတိကိုလည်း ထုတ်ပေးရန် ပျက်ကွက်လျက်ရှိသည်ဟု သိရပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့က ကျွန်ုပ်၏မိတ်ဆွေများသို့ ပြန်လည်ထုတ်ပေးရမည့် (ရင်းနှီးမြှုပ်နှံငွေ နှင့် အကျိုးအမြတ်ငွေနှစ်ရပ်ပေါင်း) ကျပ် ၈၉၄၇၈၈၆၀/၁၃ ပြား (ငွေကျပ်ရှစ်ရာကိုးဆယ့်လေးသိန်းခုနစ်သောင်းရှစ်ထောင်ရှစ်ရာခြောက်ဆယ်နှင့် ပြားတစ်ဆယ့်သုံးတိတိ)ကို သတင်းစာကြေညာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း အပြေအကျေတစ်လုံးတစ်ခဲတည်း မပျက်မကွက် ပြန်လည်ထုတ်ပေးပါရန် လူကြီးမင်းတို့နှင့်တကွ အများသိစေရန်ကြေညာအပ်ပါသည်။ လူကြီးမင်းတို့က လိုက်နာဆောင်ရွက်ခြင်း မရှိပါက တရားဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်ပေးပါရန် ကျွန်ုပ်၏မိတ်ဆွေများက ကျွန်ုပ်အား ညွှန်ကြားထားပါကြောင်း လူကြီးမင်းတို့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ခြင်းမှန်ကန်ပါသည်။
(ဦးနေမျိုးသူ)

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးတင်မင်း
တရားလွှတ်တော်ရှေ့နေ (စဉ်–၃၃၇၆/၁၉၈၅)
အမှတ် –၅၆၃၊ (ပ)ထပ်၊ အခန်း (၅/၁၀၄)၊
ကုန်သည်လမ်း၊MAC TOWER နှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉-၅၁၇၁၁၀၃

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ– ၂၀) ပျဉ်းမနားမြို့နယ်တရားရုံးတော်၌ ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်–၄၄

ဒေါ်ချိုမာလွင် နှင့် မောင်စိုးဝင်းထွန်း
တရားလို တရားပြိုင်

ပျဉ်းမနားမြို့၊ ရန်အောင်(၂)အုပ်စု၊ ရန်အောင်(၂)ရပ်ကွက်၊ နယ်မြေ(၁၀)နေ ဦးစိုးဝင်းထွန်း (ဘ)ဦးမြသန်း (ယခုနေရပ် လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဖြစ်သည့် ဒေါ်ချိုမာလွင်က "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု" ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် စက်တင်ဘာ ၂၂ ရက် (၁၃၈၄ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူတို့သည် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှိုင်မြတ်အေး)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
ပျဉ်းမနားမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊မြေတိုင်းရပ်ကွက်အမှတ်(၁၃/နဝဒေး၊ နဝဒေးရပ်ကွက်ရှိ ဦးစိန်မြင့် (ကိုယ်ပိုင်အမှတ် ၃၅၁၈)၊ ၁၂/ရကန(နိုင်)၀၃၄၈၆၂ (ဘ)ဦးအုန်းဟန် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(B)၁၆၂၂ အမည်ပေါက်(ကွယ်လွန်)၏တရားဝင် အမွေခံညီမဖြစ်သူ ဒေါ်ကြည်ကြည်ခင် ၁၂/ရကန(နိုင်)၀၃၄၈၆၃ (ဘ)ဦးအုန်းဟန်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဦးစိန်မြင့် သေဆုံးခြင်းလက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆/မီးရထား၊ လူနေရပ်ကွက်အမှတ် မင်္ဂလာ၊ ဦးပိုင်အမှတ် (၇၄ᶜ+ ၅၈ᵁ)၊ ဧရိယာ ၀ ဒသမ ၀၀၈ + ၀ ဒသမ ၀၅၉)ဧကရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးရန်ပြေအမည်မှတ်သားတည်ရှိသည့် ဘိုးဘပိုင်အိမ်ဝိုင်းမြေကွက်နှင့်ပတ်သက်၍ ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးရန်ပြေ၏ ကျန်ရစ်သားသမီးဆွေမျိုးများဖြစ်သည့် ဦးအေးကို (ဘ)ဦးချို ၉/ပမန(နိုင်)၀၂၆၉၅၄ ပါ ငါးဦးထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဇော်မျိုးထက် ၉/ပမန(နိုင်)၁၄၇၉၉၀ သည် ဥပဒေနှင့်အညီ ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအိမ်ဝိုင်း မြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီများစသည့်အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ (သို့မဟုတ်) ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်မေသူမြင့် (LL.B,LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၆၆၉/၂၀၁၆)
၁၄/၆၂၈(၄)လမ်း၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း– ၀၉-၄၃၁၀၉၀၆၁

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာဝင်း အတွင်းရှိ ဇုန် (City Loft)၊ တိုက်အမှတ် CL6(B5)၊ အခန်းအမှတ် (၂၀၁)၊ Type (2Bedroom)၊ ဧရိယာ ၇၁၀ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ် တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လဲ့ရည်မွန် ၁၂/စခန(နိုင်) ၀၅၂၈၉၄ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကံဝင်း၊ ၁၂/အစန(နိုင်)၀၂၂၄၅
ဒေါ်မြင့်မြင့်ရီ ၁၂/အစန(နိုင်)၀၂၂၄၆
ဖုန်း–၀၉-၂၅၀၀၈၂၂၀၊ ၀၉-၄၂၀၂၃၀၅၆၁

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၁)၊ မြေကွက်အမှတ်(၈၂၄)ဟုတွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ခြောက်ထပ်တိုက် (၁၂)ခန်းတွဲရှိ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋ္ဌိလ(၃)လမ်း၊ အမှတ်(၈၂၄)၊ တတိယထပ် လေးလွှာ(ခေါင်းရင်းခန်း)ဟုခေါ်တွင်သော အလျားxအနံ ပေ(၁၉x၅၄)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေ၊ မီး၊ မီတာ အပါအဝင် တွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများအားလုံး၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ရောင်းချသူ ဒေါ်နှင်းနှင်းဝေ ၁၄/ဖပန(နိုင်)၀၉၀၄၈၃ က လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်၊ စီမံခန့်ခွဲခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးပြည်လွင်ဦး ၇/ကကန(နိုင်)၀၂၈၄၅၉ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအား ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးလှအေး (L.L.B)
အထက်တန်းရှေ့နေ
စဉ်–၇၄၇၇(၂-၄-၁၉၈၄)
အမှတ်(၂၆)၊ (၃)လွှာ၊ သီရိမြိုင်(၃)လမ်း၊ (၁၃)ရပ်ကွက် လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉-၄၄၈၀၅၃၇၆၂

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးထွန်းထွန်းလင်း (ထားဝယ်)
## B.Sc(Chemistry)
## အသက်(၆၂)နှစ်

(ဦးဘာလေ-ဒေါ်မီမီလှ)တို့၏သား၊ [ဦးကြူပို (ညွှန်မှူး(ငြိမ်း) MPPE]+ ဒေါ်မြင့်မြင့်အေးတို့၏ သားသမက်၊ ဒေါ်ဇင်ဝါကြူ [အင်ဂျင်နီယာချုပ်(ငြိမ်း) MRTV] ၏ခင်ပွန်း၊ ဒေါက်တာ ဉာဏ်မင်း-ဒေါက်တာ ဆုအေးလင်း၊ ဒေါက်တာ အောင်ချမ်းသာ (ခေတ္တ UK) တို့၏ ဖခင်၊ ဒေါက်တာ ကျော်စိုးအောင်-ဒေါက်တာ ခင်ဥမ္မာကြူ(USA)၊ ဒေါက်တာတင်အောင်လှ-ဒေါက်တာဝင်းဝါကြူ(USA)၊ ဒေါက်တာကျော်ဇင်ချို-ဒေါက်တာထက်ထက်ဝင်း(UK)၊ ဦးသော်ဇင်ချိုတို့၏ အစ်ကို/မောင်၊ ထွဋ်မြတ်နိုးလင်း(Nora)၏ ချစ်လှစွာသော အဘိုး ဦးထွန်းထွန်းလင်းသည် ၁၂-၉-၂၀၂၂ ရက် နံနက် ၆:၁၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန် အနိစ္စရောက်သွားပါသည်။ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၄-၉-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးထွန်းထွန်းလင်း (ထားဝယ်)
## B.Sc(Chemistry)
## အသက်(၆၂)နှစ်

(ဦးဘာလေ-ဒေါ်မီမီလှ)တို့၏သား၊ [ဦးကြူပို (ညွှန်မှူး(ငြိမ်း) MPPE]+ ဒေါ်မြင့်မြင့်အေးတို့၏ သားသမက်၊ ဒေါ်ဇင်ဝါကြူ [အင်ဂျင်နီယာချုပ်(ငြိမ်း) MRTV] ၏ခင်ပွန်း၊ ဒေါက်တာ ဉာဏ်မင်း-ဒေါက်တာ ဆုအေးလင်း၊ ဒေါက်တာ အောင်ချမ်းသာ (ခေတ္တ UK) တို့၏ ဖခင်၊ (ဒေါ်လှလှမြင့်)- ဦးဇော်လွန်း(USA) ၊ (ဒေါ်မြမြအေး)၊ ဒေါက်တာကျော်လေး-ဒေါ်တင်တင်ရီ(Diamond Crown Hotel ထားဝယ်)၊ ဒေါက်တာ သန့်ဇင်-ဒေါ်မာမာသန်းခင်၊ ဦးကျော်ကျော်ဦး- ဒေါ်ဥမ္မာတို့၏ ညီ/မောင်၊ ဒေါက်တာအောင်သူရ-ဒေါ်လင်းလင်းနွယ်၊ ဒေါ်ဝင်းခင်ခင်ခ-ဦးစိုးအောင်(M United Entertainment)၊ (ဒေါ်သဇင်)-ဦးအောင်မိုး၊ ဦးဇေယျဗိုလ်-ဒေါ်အိရွှေစင်အောင်၊ ဒေါ်သီရိမို-ဦးကျော်ထွန်းစိုး(Liverpool U.K)၊ ဒေါ်ပီတိနို-ဦးခိုင်စိုး၊ ဒေါ်ပေမာနိပို- (Mr. Prakash Tirumalareddy Melbourn AUS) တို့၏ အစ်ကို ဦးထွန်းထွန်းလင်းသည် ၁၂-၉-၂၀၂၂ ရက် နံနက် ၆:၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန် အနိစ္စရောက်သွားပါသည်။ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၄-၉-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၃၈ ရပ်ကွက်၊ မြတ်မင်္ဂလာလမ်း၊ အမှတ် ၄၉၈ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် (၄၉၈)၊ မြေရေိယာ ၀ဒသမ ၀၅၅ ဧက အကျယ်အဝန်း ရှိ နှစ်(၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအုန်းရွှေ အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးအုန်းရွှေနှင့်ဇနီး ဒေါ်ခင်ငွေးတို့ ကွယ်လွန်သဖြင့် အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၆၇၅၀/၂၀၂၂၊ ၂၃-၈-၂၀၂၂ ဖြင့် ပိုင်ဆိုင်လာသူ(၁) ဒေါ်မင်းမင်းသန်း ၁၂/ဒဂမ(နိုင်)၀၀၇၉၆၃၊ (၂) ဒေါ်သဇင် ၁၂/ဒဂမ (နိုင်)၀၁၀၃၃၂၊(၃) ဒေါ်ဝေဝေမိုး ၁၂/ဒဂမ (နိုင်) ၀၁၂၈၆၂၊(၄)ဦးဝေဖြိုး ၁၂/ဒဂမ(နိုင်) ၀၁၁၈၉၅ တို့ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာ အမှတ် ၈၃၉၉/၂၀၂၂၊ ၂၄-၅-၂၀၂၂ ရရှိထားသူ ဒေါ်နှင်းအိသက်လွင် ၁၂/ လမန(နိုင်)၁၂၆၈၇၀ ထံမှတစ်ဆင့် ၈-၉-၂၀၂၂ရက်စွဲပါ မြေကွက်အပြီးအပိုင် စရန်ပေး ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ဖြူစင် ၁၂/ လမန(နိုင်)၁၁၉၂၀၈ ၊ အမှတ် ၁၆၆/ဘီ၊ သုခ ၅၄လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P,LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ၊စဉ်-၁၆၁၉၆** | **တရားလွှတ်တော်ရှေ့နေ၊ စဉ်-၇၅၁၅** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂** |

**အမှတ် ၁၂၂၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အထက(ခွဲ) ကုက္ကဲကျောင်း Grade-11 (သင်ရိုးဟောင်း)မှ မခင်မို့မို့ဝင်းနှင့် Grade-7 မှ မသန်းသန်းစိုးတို့၏ ဖခင်အမည် မှန်မှာ ဦးဇော်ဝင်း ၉/ မခန (နိုင်) ၁၁၂၅၇၃ ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

ကျွန်မ မသန်းမြင့် ၁၃/တကန(နိုင်) ၃၂၃၃၅ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၄၃၅၈၉၂၆**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အထက (ပင်းပက်) မှ အလယ်တန်းပြဆရာမ ဒေါ်ခိုင်ဦး(ခ) ခိုင်ခင်ဦး ၁၃/တကန (နိုင်) ၁၇၂၆၆၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/3993, Toyota Celsior Ucef3I Saloon (4x2) R ယာဉ် လက်ဝယ်ရှိသူ ဦးမြတ်ကိုကို ၁၄/လပတ (နိုင်)၁၈၆၈၉၁ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄/ပေဖူးရပ်)၊ ဦးပိုင်အမှတ် (၅၄-စ)၊ မြေရေိယာ ၀ဒသမ ၁၈၄ ဧကရှိ အစိုးရ မြို့မြေ မြေကွက်အား ဒေါ်ဖြူဖြူလွင် (ဘ)ဦးကျော်လွင် ၉/လဝန(နိုင်)၁၅၀၆၈၈ မှ မြေကွက် အရောင်းအဝယ် ကတိစာချုပ်မူရင်း၊တရားရုံး ကျမ်းကျိန်မှုရင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် မူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ခွင့် ပြုမိန့်တင်ရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနော်မာ (၁)ရပ်ကွက်၊ တိုးချဲ့ (၂) လမ်း၊ အမှတ် ၁၆၅၃/က၊ ဒုတိယထပ်၊(၃)လွှာ အကျယ်အဝန်း (၁၈ပေ x ၅၀ပေ)ရှိ ရေမီးစုံ တိုက်ခန်း တစ်ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးရဲထွဋ်ဝင်း ၁၂/ မဂတ(နိုင်)၀၇၁၁၆၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ဒေါ်ဝါဝါထွေး ၁၂/ဥကမ(နိုင်)၁၂၃၈၅၃ က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါ တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်ရက်မှ ၁၄ရက် အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားနှင့်တကွ လာရောက် ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ချစ်ချစ်စံ(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၀၇၁)**

**အမှတ် ၄၀၁၊ (B-6)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**LL.B Group Myanmar Law Firm**

**ဖုန်း-၀၉-၄၁၀၀၈၆၉၅**

---

## ဘုရား၊ ၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန် ဒါယိကာမကြီး
# ဒေါ်လှမြိုင်
## အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ် (ဦးလွန်းမောင်-ဒေါ်နှင်းတင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မဟူရာလမ်း၊ အမှတ်(၇)နေ (ဦးကြည်ဝင်း)၏ဇနီး၊ ဦးဆန်းဝင်း-ဒေါ်ခင်လေးမြင့်၊ ဦးကျော်ဝင်း-(ဒေါ်အေးအေး)၊ ဦးမျိုးမြင့်-ဒေါ်သန်းသန်းနု၊ ဦးသန်းထူး- ဒေါ်သန်းညွန့်၊ ဒေါ်ခင်စန်းမြင့်၊ ဦးဇော်မြင့်-ဒေါ်ငွေးငွေးဝင်း၊ ဦးဇော်ဝင်း-ဒေါ်ခင်ခင်ယု၊ ဦးသန်းထွန်း-ဒေါ်ခင်ချိုသက်၊ ဦးထွန်းအောင်ကျော်-ဒေါ်ဝါဝါအောင်၊ ဒေါ်ခင်ဥမ္မာဆွေ၊ (မောင်ဇာနည်အောင်ထွန်းထွန်း)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ် ခုနစ်ယောက်တို့၏ အဘွားသည် ၁၂-၉-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၁၅ တွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၉-၂၀၂၂ ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ဝင်းကြည်
## အသက်(၇၄)နှစ်

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂)မှ သူငယ်ချင်း ဗိုလ်ကြီး ကျော်သူရ(ငြိမ်း)-ဒေါ်သီတာဆွေတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ဝင်းကြည် အသက် (၇၄)နှစ်သည် ၁၂-၉-၂၀၂၂ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှ သူငယ်ချင်းများ**

---

## မြေကွက်အမှတ်(၁၁၂၂)မြေတိုင်းအမှတ်(၈)တာပင်ရွှေထီးလမ်း(၈)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)ခေါ် မြေကွက်ဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

အထက်ဖော်ပြပါ(၄၀×၆၀ပေ)ကျယ်ရှိနှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် လက်ရှိထား ပိုင်ဆိုင်သူ **ဦးခင်သန်း ၁၁/စတန(နိုင်) ၀၅၂၅၆၄**ထံမှ ကျွန်ုပ်မိတ်ဆွေတို့ ကဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ် ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မြင့်မြင့်မော် (LL.B)** | **ဒေါ်သင်းသင်းအေး(LL.B)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၆၇) |

အမှတ်(၈/၁၁၁)၊ ဒုတိယထပ်(ဘယ်)၊ သုမင်္ဂလာလမ်းနှင့်လေးထောင့်ကန်လမ်းထောင့်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၄၃၁၈၂၀၇၂၊ ၀၉ ၂၅၄၀၀၈၂၁၁

---

## သွာနုတ္တသမီးဖြစ်၍ မိဘ၏ အမွေကို ဆက်ခံခွင့်မရှိသူဖြစ်ကြောင်း ကြေညာခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ(၁၆)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ည/၂၅နေ ဦးသိန်းတင့် (ဘ)ဦးသန်းမောင် ၁၃/တကန(နိုင်)၁၄၉၁၉၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ဒေါ်သင်းသင်းဝါ ၁၃/ တကန(နိုင်)၀၅၀၅၅၂ သည် ဖခင်ဖြစ်သူ ဦးသိန်းတင့်က နည်းလမ်းတကျ ပြောဆိုစီမံခန့်ခွဲပေးသည့် ကိစ္စရပ်များကို ဖျက်ဆီးသည့် အပြင် စကားကို အာဏာဖီဆန်၍ ဖခင်နှင့် ကျန်ညီအစ်ကို မောင်နှမများ၏ ဂုဏ်သရေသိက္ခာကို ထိပါးအောင်ရှုတ်ချပုတ်ခတ်ပြောဆိုပြုမူခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာပေါ်၌လည်း မဟုတ်မမှန် ရေးသားဖော်ပြခဲ့သည့်အတွက် အမွေဆက်ခံခွင့်မရှိသည့် သွာနုတ္တသမီး အဖြစ် သတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစိန်ဝင်းချမ်း B.A(Law),LL.B**

**(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီ ပဗ္ဗလစ်)စဉ်-၂၃၄၄(၁၈-၃-၁၉၈၃)**

**Cherry Legal Group Co.,Ltd.၊ အမှတ် ၂၀၇၊ ရေထွက်ဦးလမ်း၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့**

---

## ၉-၉-၂၀၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)ပါ ဦးမျိုးမြင့်အောင် တရားလွှတ်တော်ရှေ့နေ ၏ ကြေညာချက်(၂)စောင်အား ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်နေ ဒေါ်ခင်မြင့် ၉/ မထလ(နိုင်)၀၅၅၅၆၀၊ ဦးငွေးအောင် ၉/ မထလ(နိုင်)၀၇၈၃၀၃၊ ဒေါ်တင်တင်အေး ၉/မထလ(နိုင်)၀၀၄၀၁၂ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ အကွက်အမှတ် ၁၂/က၊ သိမ်တော်ကုန်း၊ ဦးပိုင်အမှတ် ၉၁(၉၁/က)၊မြေကွက်သည် ဒေါ်ရှင်ပါ - ၆ ဦးအမည်ဖြင့် ဂရန်ထုတ်ပေးထားရာ ဂရန်ပါအမည်ပေါက်သူများမှာ ဒေါ်ရှင်၊ ဒေါ်တင်တင်မြင့်၊ ဦးစိုးအောင်၊ ဦးငွေးအောင်၊ ဒေါ်ခင်မြင့်၊ ဒေါ်ငွေးမြင့်တို့ ဖြစ်ပါသည်။ ဒေါ်ရှင်တစ်ဦးတည်း ဂရန်အမည်ပေါက် ပိုင်းမြေမဟုတ်သလို ဒေါ်ငွေးမြင့်တစ်ဦးတည်း ဂရန်အမည်ပေါက် ပိုင်းမြေမဟုတ်ပါ။

မီးလောင်မြေနေရာချထားရေးအဖွဲ့မှ အဆောက်အအုံ ပြန်လည်ဆောက်လုပ်ရန် ခွင့်ပြုစာတွင် ဒေါ်ငွေးမြင့်၊ ဒေါ်ခင်မြင့်၊ ဦးစိုးအောင်၊ ဦးငွေးအောင်၊ ဒေါ်တင်မြင့်၊ ဒေါ်အေးသုန်တို့အား ခွင့်ပြုပေးခြင်းဖြစ်ပါသည်။ ဒေါ်ငွေးမြင့် တစ်ဦးတည်းအားခွင့်ပြုပေးခြင်းမဟုတ်ပါ။

ဒေါ်ငွေးမြင့် တစ်ဦးတည်း ဆောက်လုပ်မည့်ကိစ္စအား ကျန်ဂရန် အမည်ပေါက် မောင်နှမများမှ ကန့်ကွက်ခဲ့ရာတွင် ဒေါ်ငွေးမြင့်မှ မိမိပိုင်မြေဖြစ်ကြောင်းနှင့် ယင်းမြေပေါ်တွင် အဆောက်အအုံ ဆောက်လုပ်နေထိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု မိတ္ထီလာခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ် ၁၆/၂၀၁၇ တွင် တရားစွဲဆိုခဲ့ရာ ၆-၅-၂၀၁၉ရက်တွင် တရားလို၏ အမှုကို ပလပ်ခဲ့ပါသည်။ ဒေါ်ငွေးမြင့်မှ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားမ ပထမအယူခံမှုအမှတ် ၁၆၅/၂၀၁၉ဖြင့် အယူခံဝင်ရောက်ရာတွင်လည်း မူလရုံး အမိန့်ကို အတည်ပြု၍ အယူခံကို ပလပ်ခဲ့ပါသည်။

ဒေါ်ငွေးမြင့်သည် အထက်ရုံးသို့ အယူခံဝင်ရောက်ခြင်းမရှိဘဲ ယခုကဲ့သို့ သတင်းစာတွင် ကြော်ငြာ၍ နေအိမ်အဆောက်အအုံ ဆောက်လုပ်မည်ဆိုခြင်း၊ ဂရန်မိတ္တူမှန် လျှောက်ထားမည်ဆိုခြင်းတို့မှာ တရားရုံးတော်မှ ချမှတ်ထားသည့် အမိန့်ကို ဆန့်ကျင်ဆောင်ရွက်ခြင်း ဖြစ်သည့်အတွက် တရားရုံးမထီမဲ့မြင် ပြုမူရာရောက်နေသည့်အပြင် အဆိုပါ အချင်းဖြစ် ပိုင်းမြေတွင် ဂရန်အမည်ပေါက် မောင်နှမများက သဘောမတူ ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမင်းသိန်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၂)**

**မ-၄၁၊ မင်းရပ်၊ မိတ္ထီလာမြို့**

**ဖုန်း-၀၉-၉၇၉၃၃၁၅၅၆**

---

## ဘုရား၊ ၊ သိမ်၊ ကျောင်း၊ နတ်လမ်း၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး
# ဒေါ်တင်တင်ထွေး (စမ်းချောင်း၊ ကျိုက်ထော်)
## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ လင်းလွန်းလမ်း၊ အမှတ်(၅)နေ ဦးတင်လှိုင်၏ ချစ်လှစွာသောဇနီး၊ ဦးရဲလွင်-ဒေါ်ခင်စောယု၊ ဦးခင်မောင်ဦး (ပါမောက္ခ-ငြိမ်း)-ဒေါ်တင်မိုးလှိုင်(မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်၊ သထုံမြို့)တို့၏ ကျေးဇူးရှင်မွေးသမိခင်သည် ၉၆ ပါးသောရောဂါဖြင့် ၁၁-၉-၂၀၂၂ရက် မွန်းလွဲ ၂:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၃၅ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၉-၂၀၂၂ ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ နေ့ဆွမ်းတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း
# ဦးခင်မောင်ရွှေ
## မြို့မကျောင်းသားဟောင်း
## အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အောင်ဘာလေလမ်း၊ အမှတ်(၃)၊ မြေညီထပ်နေ (ဒေါ်ဝါဝါလှိုင်)၏ခင်ပွန်းသည် ၁၀-၉-၂၀၂၂ ရက် (စနေနေ့) ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်သွားပြီး ၁၂-၉-၂၀၂၂ ရက် (တနင်္လာနေ့) တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ကြောင်း မြို့မမိသားစုများအား သိစေအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/5590, Toyota Probox Ncp 50 STATION Wagan (4x2) R ယာဉ် လက်ဝယ်ရှိသူ ဒေါ်ဇင်မာလင်း ၁၂/မဂတ (နိုင်)၁၈၄၈၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

---

## အသိပေးအကြောင်းကြားခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ်(၄၅)၊ အကွက်အမည်-ငှက်ပျော တော၊ မြေကွက်အမှတ်(၉၆)၊ ဦးပိုင်အမှတ်(၉၆)၊ ဧရိယာဧက ၀ ဒသမ ၁၃၃ ရှိ ဗိုလ်မှူးချစ်ဟန် (က/၁၃၃၀၄) အမည်ပေါက်၊ ဂရန်အမှတ်အမှတ်(၂၄၂/၁၉၉၄)၊ နှစ်(၃၀)ဂရန်၏ အိမ်မြေကွက်ကို ဗိုလ်မှူးချစ်ဟန်(ငြိမ်း) (က/၁၃၃၀၄)ထံမှ ဒေါ်နန်းစန္ဒာအောင် ၈/မဘန(နိုင်)၀၅၄၇၄၃ က ၁၈-၈-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူအိမ်၊ ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ငွေကျပ်သိန်း ၇၀ (ကျပ်သိန်းခုနစ်ဆယ်တိတိ)ဖြင့် ဝယ်ယူခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဝယ်ယူသူ ဒေါ်နန်းစန္ဒာအောင်မှ ၎င်းအမည်ပေါက်ဂရန်ပြုလုပ်လိုပါသဖြင့် ဤကြော်ငြာစာပါရှိသည့်ရက်မှ ခုနစ်ရက်တွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါရန် ဗိုလ်မှူးချစ်ဟန်သို့ အသိပေး အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်မာရီ(LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၁၃)**

**အမှတ် (ပ/၁၅၆)၊ ကြံ့ခိုင်ရေးလမ်း ၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့**

**ဖုန်း-၀၉-၇၉၆၈၄၃၀၇၀**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပင်လောင်းမြို့၊ အနောက်ရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အိမ်အမှတ်(ဂ/၃၇၉)နေ (ဘ)ဦးဘသောင်း ၁၃/ပလန(နိုင်)၀၀၂၅၆၅၊ (အမိ)ဒေါ်နန်းခင်ညွန့် ၁၃/ပလန(နိုင်) ၀၀၂၈၆၅တို့၏ သမီးဖြစ်သူ နန်းအိသန္တာ ၁၃/ပလန(နိုင်)၀၉၆၃၂၈ သည် မိဘဖြစ်သူတို့ကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် စိတ်ပြိုငြင်အောင်ပြုလုပ်သည့်အပြင် မိဘတို့၏ ဆိုဆုံးမမှုအား နားမထောင်ဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအ၀၀ကို လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေဇွန်(LL.B)**

**အထက်တန်းရှေ့နေ (စဉ်-၃၁၁၂၂/၁၄-၉-၂၀၁၀)**

**အရှေ့ရပ်ကွက်၊ ပင်လောင်းမြို့**

**ဖုန်း-၀၉-၇၇၄၉၉၂၉၀၇**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ ကုန်းဘောင် (၁၀)လမ်း၊ မြေကွက်အမှတ်(၈၄၁) နှစ်(၆၀)ဂရန်မြေကွက်အား ၁၉-၇-၂၀၂၂ ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၈) အင်္ဂါနေ့တွင် ထည့်သွင်းကြေညာပါရှိထားသော ကန့်ကွက်နိုင်ပါသည်ကြော်ငြာတွင် မြေအတိုင်း အတာမှာ (၃၉ x ၆၀)ပေ ဖြစ်နေပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုနှင်းအေး ၁၂/လမန(နိုင်)၁၃၅၄၄၈ မှ ရောင်းချထားသော မြေအတိုင်းအတာမှာ (၂၄ x ၆၀)ပေသာဖြစ်သောကြောင့် မြေအတိုင်း အတာမှားယွင်းနေပါသည်။ ထို့ကြောင့် အမှန်တကယ် မြေအတိုင်းအတာမှာ (၂၄ x ၆၀ )ပေ အကျယ်အဝန်းသာ အတည် ဖြစ်ပါသည်။ သို့ပါ၍ မြေအတိုင်းအတာ အမှားပြင်ဆင်ခြင်းအား အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကြည်ပြာစမ်း**

**(LL.B, DL-101 WIPO) (SWITZERLAND)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၃၆၃)**

**ရုံးအမှတ် (၅၅) (ပထမထပ်)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၄၃၀၄၂၁၃၄၊ ၀၉-၇၉၇၇၇၄၂၄၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ကျွန်တော်နဲ့တွေ့ဆုံဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒုတိယအကျော့ထပ်မံ ဆွေးနွေးပါမယ်။ တစ်ချိန်တည်းမှာပဲ မဆွေးနွေးရသေးတဲ့ EAO များကိုလည်း ကျွန်တော် ထပ်မံဖိတ်ခေါ်ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးကို တကယ်ကောင်းကျိုးဆောင်ဖို့ လိုလားတယ်ဆိုရင် ဆွေးနွေးပါ။ တောင်းဆိုပါ။ တရားဝင်နိုင်ငံရေးစင်မြင့်ကို တက်လှမ်းကြဖို့ ကျွန်တော်ပြောလိုပါတယ်။ ဒါတွေ ဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ်ဖွင့်ထားပါတယ်။ ရဲရဲသာ လျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော် ပြောလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ) ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

**ယနေ့ သတင်းအညွှန်း**

### ကေဝင်ရိုးကမ္ဘာကြီးမှသည် ဗဟုဝင်ရိုးကမ္ဘာကြီးဆီသို့ ကူးပြောင်းနိုင်စေမယ့် ကမ္ဘာ့ခေါင်းဆောင်နှစ်ဦးရဲ့ တွေ့ဆုံမှု



နိုင်ငံတကာအတွေးအမြင် စာ - ၁၂



### စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၄၅၃ ဦး စစ်ဆေးတွေ့ရှိ

နိုင်ငံတကာသတင်း စာ - ၁၄

## စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အားလေးဦးက "သိန်းတရာ"ရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်

နေပြည်တော် စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့ အင်အားလေးဦး က "သိန်းတရာ" ရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဘုရားကြီးရပ်ကွက် ဗိုလ်ချုပ်လမ်း မီးပွိုင့်အနီးရှိ "သိန်းတရာ" ရွှေဆိုင်၌ လုယက်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ရပ်ကွက်နေ ဦးချစ်လှိုင် (၇၉ နှစ်)

စာမျက်နှာ ၁၈ ကော်လံ ၅ ◆



မုံရွာမြို့နယ်မှ "သိန်းတရာ" ရွှေဆိုင်ကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားပြီးနောက် ဆိုင်အတွင်း တွေ့ရသည့် မှတ်တမ်းဓာတ်ပုံ။

## ပွဲပြီးခါနီးဂိုးများဖြင့် GFA ကို အား/ကာသိပ္ပံ အနိုင်ယူ

ရန်ကုန် စက်တင်ဘာ ၁၂

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) တတိယနေ့အဖြစ် GFA အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ စက်တင်ဘာ ၁၂ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ အား/ကာသိပ္ပံအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

တန်းဆင်းဇုန်ထဲမှ GFA အသင်းအတွက် ဖိအားတိုးစေမည့် နောက်ထပ်ရှုံးပွဲဖြစ်ခဲ့ပြီး ယခုပွဲတွင် အကောင်းဆုံးကြိုးစားခဲ့သော်လည်း ပထမပိုင်းကတည်းက တစ်ယောက်အထုတ်ခံရခြင်း၊ ပွဲပြီးခါနီးတွင် ဂိုးများပေးလိုက်ရခြင်းတို့ကြောင့် အရေးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ အား/ကာသိပ္ပံအသင်းမှာမူ နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ စာမျက်နှာ ၁၆ ကော်လံ ၁ ○



GFA အသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်စဉ်။

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး**

### ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀၄ ဦး တွေ့ရှိ

ပြည်တွင်းသတင်း စာ - ၁၅

### နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေး အရှိန်မြှင့်တင် ဆောင်ရွက်



ပြည်တွင်းသတင်း စာ - ၁၇